ရောင်းမှ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

သူတော်ကောင်းထံချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(၈မှပ၁- ၂၀၈)

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 21 February 2020 ၉၉၃၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၀

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထန်တလန်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ဘောလုံးကွင်းခ၊ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွမ်း၊ အမျိုးသားလွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

နံနက် ၉ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပမည့် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ဘောလုံးကွင်းသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားများက ဂုဏ်ပြုပြန်းစည်းများ ပေးအပ်၍ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

အာဖရိကဝက်အပြင်းဗျားရောဂါကာကွယ်

ယခုကာလတွင် သတ္တဝါလောကကြီးအတွင်းဝယ် လူသတ္တဝါများ ကူးစက်ရောဂါဘေးများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့ရသည်။ လူ၌ ကူးစက်တတ်သော ကိုရိုနာဗိုင်းရပ်စ် (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၂၆ နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံ ၂၆ နိုင်ငံ၌ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါမှာ မြန်မာနိုင်ငံတွင် ကူးစက်ပျံ့နှံ့ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကြိုတင်တားဆီးကာကွယ်ကုသရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ကိုင်ပေးနေသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာ၌ သံသယဖြစ်ဖွယ် ဝက်ရောဂါဖြစ်ပွားမှု ရှိခဲ့ရာ နာမကျန်းဝက်နှစ်ကောင်ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုအရ အာဖရိကဝက်အပြင်းဗျားရောဂါပိုး မျိုးရိုးဗီဇအားတွေ့ရှိသဖြင့် ဖြစ်စဉ်အမှန်ကို တရားဝင် အသိပေးသတင်းထုတ်ပြန်ပေးထားပြီး လိုက်နာဆောင်ရွက်သင့်သည်တို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အာဖရိကဝက်အပြင်းဗျားရောဂါသည် ယခင်က အာဖရိကတိုက်နိုင်ငံများရှိဝက်များတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ် သြဂုတ်လမှစတင်၍ အိမ်နီးချင်းအာရှနိုင်ငံများတွင် ကူးစက်ပြန့်ပွားခဲ့သည်။ ၂၀၁၉ ခုနှစ် သြဂုတ်လတွင် မြန်မာနိုင်ငံရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆန်းမြို့နယ်များတွင် အာဖရိကဝက်အပြင်းဗျားရောဂါဖြစ်ပွားခဲ့ပြီး ယခုလားရှိုးမြို့နယ် နောင်မွန်ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။

အာဖရိကဝက်အပြင်းဗျားရောဂါသည် လူတို့အားကူးစက်တတ်သော ရောဂါမဟုတ်သဖြင့် လူအများအနေဖြင့် စိုးရိမ်ဖွယ်ဖြစ်စရာအကြောင်းမရှိသော်လည်း အစားအသောက်နှင့်ပတ်သက်၍မူ ဘေးကင်းစိတ်ချရေးနှင့် အသားထုတ်လုပ်ရောင်းဝယ်မှုစီးပွားရေးလုပ်ငန်းများ မထိခိုက်ရေးအတွက်ကိုမူ သတိထားပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အာဖရိကဝက်အပြင်းဗျားရောဂါသည် ဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုးဖြစ်၍ အိမ်မွေးဝက်များ၊ တောဝက်များတွင် သေဆုံးမှုမြင့်မားသောရောဂါဖြစ်ပြီး ကာကွယ်ဆေးနှင့် ကုသဆေးမရှိသေးသောကြောင့် ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးကို ပိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်ကြောင်းအတည်ပြုပြီးသည့် မွေးမြူရေးခြံအား သုတ်သင်ရှင်းလင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ရောဂါဖြစ်ဒေသမှ ဝက်နှင့် ဝက်ထွက်ပစ္စည်းများ တင်သွင်းမှုကိုကန့်သတ်တားဆီးပိတ်ပင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရောဂါကျရောက်ဖြစ်ပွားမှု မရှိသေးသော ဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပြန်သည့်အသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

ဝက်ခြံနှင့် သားသတ်ရုံတွင် ပုံမှန်ပိုးသတ်ဆေးဖျန်းခြင်း စနစ်တကျပြုလုပ်ရန်၊ အိမ်မွေးဝက်များကို ဝက်သားပါသော စားကြွင်းစားကျန်များ ကျွေးမွေးခြင်းမပြုရန်၊ အခြားခြံမှအသုံးအဆောင်များ ငှားရမ်းအသုံးပြုခြင်းမပြုရန်၊ လူဝင်လူထွက်ထိန်းချုပ်ရန်၊ သက်တူရွယ်တူဝက်များကိုသာ မွေးမြူခြင်းပြုရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ရန်၊ ရောဂါဖြစ်ပွားနေသောနိုင်ငံမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများကို တင်သွင်း၊ ရောင်းချ၊ စားသုံးခြင်းမပြုရန်၊ ရောဂါဖြင့် သေဆုံးသောဝက်များကို မြစ်ချောင်းအင်းအိုင်များတွင် စွန့်ပစ်ခြင်းမပြုရန်၊ နာမကျန်း၍ သေဆုံးသည့်ဝက်ကို ရောင်းချခြင်း၊ ဝေှခြင်း၊ စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ခြင်း၊ မီးရှို့ခြင်းပြုလုပ်ကြရန် အသိပေးနှိုးဆော်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူသတ္တဝါတို့၏ ကျန်းမာရေးကို အထူးဂရုစိုက်ရမည့် ကူးစက်ရောဂါအမျိုးမျိုးဖြစ်ပွားနေသော ယနေ့ကာလတွင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး၊ ရောဂါဘယကာကွယ်ရေးသာမက မိမိတို့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ ရောဂါဘယကင်းဝေးကျန်းမာစေရေးလုပ်ငန်းများတွင်လည်း အသိတရားဖြင့် ပိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနက ကြီးမှူးကျင်းပသော "မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း" သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ သူရဦးအောင်ကိုက "မြန်မာ့ အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း" သုတေသနစာတမ်းဖတ်ပွဲ ကျင်းပခြင်းဖြင့် မြန်မာ့လူမှုဘဝကို ထင်ဟပ်နေသည့် မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း၊ နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုဓလေ့ကို ဂုဏ်မြှင့်တင်ပေးရာလည်း ရောက်ကြောင်း၊ သမိုင်းကြောင်းအရ ကြီးကျယ်မြင့်မြတ်ပြီး ယဉ်ကျေးမှုအရ သိမ်မွေ့နူးညံ့ မြတ်နိုးစရာကောင်းသော မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေ ဖော်ထုတ်လိုသည့်အတွက် ယခုလိုပြည်တွင်းဖိတ်ခေါ်စာတမ်းဖတ်ပွဲကြီးကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုလို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာ့လူမှုဓလေ့ သမိုင်းကြောင်းမှ ကွက်လပ်ဖြစ်နေသည်များကို ဖြည့်စွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ပညာရှင်သုတေသီများ၏ အတွေ့အကြုံ၊ ဗဟုသုတ၊ ပညာရပ်ဆိုင်ရာများကို ဖလှယ်ခြင်းအားဖြင့်လည်း ပိုမိုကျယ်ဝန်းသည့် ပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာနိုင်မည်ဖြစ်ပြီး မြန်မာ့ဓလေ့သမိုင်းကို အထောက်အကူပြုမည့် အတွေးအမြင်သစ်များ၊ အယူအဆသစ်များဖြင့် သမိုင်းစာပေ၊ သမိုင်းပညာရှင်များ ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားသို့တက်ရောက်လာကြသည့် အသက်အရွယ် ကြီးရင့်ခြင်းနှင့်အတူ ပညာရပ်ဆိုင်ရာတွင်လည်း မြင့်မားနေသည့် မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများသည် သမိုင်းတာဝန် ကျေပွန်အောင် ဆောင်ရွက်နေကြပါကြောင်း၊ ယခုလည်း ဆောင်ရွက်နေဆဲဖြစ်ပြီး နောင်လည်း ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်များ ကလည်း မိမိတို့၏တာဝန်ကို ကျေပွန်အောင် ယခုထက် ကြိုးစားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ စာတမ်းများတွင်လည်း သုတေသနလေ့လာတွေ့ရှိချက် အမှန်များ၊ အတွေးသစ် အမြင်သစ်များပါရန် လိုအပ်လာပြီဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲမှ မြန်မာ့အစဉ်အလာဓလေ့ကို အသိသစ်၊ အမြင်သစ်၊ အတွေးသစ်များဖြင့် ဖတ်ကြား တင်သွင်းသွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ စာတမ်းရှင်ခုနစ်ဦးတို့က သုတေသနစာတမ်းများကို ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၉ ခုနှစ် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

၂၀၁၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲဝင်စာမူတင်သွင်းရန် နောက်ဆုံးရက်ကို ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုတွင် သတ်မှတ်ထားသည့် ဘာသာရပ်ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသော စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၁၅၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက် တိုးမြှင့်သတ်မှတ်ပေးရခြင်း ဖြစ်ကြောင်း ပခုက္ကူစာပေဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

ကြေးမုံ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၂-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂,၀၀၀	၁၂,၀၀၀	၁,၆၃၄	၁၉,၆၀၈,၀၀၀
MTSH	၃,၉၅၀	၄,၀၀၀	၂,၀၄၉	၈,၁၀၅,၄၀၀
MCB	၈,၂၀၀	၈,၂၀၀	၀	၀
FPB	၂၃,၀၀၀	၂၃,၀၀၀	၅၀၀	၁၁,၅၀၀,၀၀၀
TMH	၂,၉၀၀	၂,၉၀၀	၁,၅၀၈	၄,၃၇၃,၂၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရန်ကုန်(ရွှေဈေး) ၁၂၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၉၅၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်		မန္တလေး	
(က) ဒီဇယ်	တစ်လီတာ	၈၁၀/၈၆၅	ကျပ်	၈၅၀/၈၇၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၅၀/၉၁၀	ကျပ်	၉၀၀/၉၃၅	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၃၀/၇၇၀	ကျပ်	၈၀၀/၈၀၅	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၈၂၀/၈၇၅	ကျပ်	၈၆၅/၈၈၀	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၀၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၄၅၄.၃
(ခ) ဥရောပ	တစ်ယူရို	=	၁၅၆၉.၈
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၇.၂၄
(ဃ) ထိုင်း	တစ်ဘတ်	=	၄၆.၂၅၆
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၄၇.၇၅
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၀.၃၁၃
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၀.၆
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၀.၈၃
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၆၄.၁၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၃၈.၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
The Mirror Daily Established in 1929
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

❒ ရှေ့ဖုံးမှ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမင်းသူ၊ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ် လွတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် မြို့မိမြို့ဖ ဦးဝွန်ဟရန်းတို့က (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရ ဆရာတော် ဒေါက်တာလာလ်အုပ်က ချင်းအမျိုးသားနေ့ ပွဲတော်အတွက် ကောင်းချီးမင်္ဂလာဆုတောင်းစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲတော်အပေါင်းအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိက (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အမှာစကားပြောကြားပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၄) တွင် ဖော်ပြထားပါသည်။)

ယင်းနောက် သဘာပတိက (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးက ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

သဝဏ်လွှာများပေးပို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှုးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ဗဟို)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(ဗဟို)နှင့် ခူမီး(ခမီး) အမျိုးသားပါတီဥက္ကဋ္ဌတို့က (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဒေါက်တာဆလိုင်းလျန်မှန်းဆာခေါင်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာသည့် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာပတိအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် (၇၂)နှစ်မြောက်ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရပြခန်းများ၊ ဝန်ကြီးဌာနဆိုင်ရာ ပြခန်းများနှင့် ဒေသခံယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ထန်တလန်မြို့မှ ကလေးမြို့သို့ရောက်ရှိပြီး ကလေးလေဆိပ်ဧည့်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ အထူးလေယာဉ်ဖြင့် ကလေးမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ချင်းအမျိုးသားနေ့သည်ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်အတူ သူ့ကျွန်မခံလိုရှိ နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့် ပဒေသရာဇ်အာဏာဖျက်သိမ်းရေး၊ တောင်တန်းမြေပြန့် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေး၊ တိုက်သူကြီးများ အုပ်ချုပ်သည့် စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရေးတို့ကို ဖော်ဆောင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ **စာမျက်နှာ ၄ သို့ ❒**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❒ စာမျက်နှာ ၃ မှ

ချင်းမျိုးချစ်စစ်သည်တော်များက "ချင်းတိုင်းရင်းသားများ ပညာရေးမြှင့်တင်ရေးအဖွဲ့"ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မေမြို့၌ ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားများ၏ ပညာမျက်စိကို အလင်းဖွင့်ပေးကာ အမျိုးသားစိတ်ဓာတ်ရင်သန်ထက်မြက်ရေးကို မီးမောင်းထိုးဖော်ဆောင်ပေးခဲ့သော အမျိုးသားရေးသမိုင်းဝင်ဖြစ်ရပ်၊ ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင် ခေါင်းဆောင်ပြီး ၁၉၃၃ ခုနှစ်တွင် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဗြိတိသျှအစိုးရကို တောင်းဆိုချက် (၉)ချက်တင်ပြတောင်းဆိုခဲ့ရာ ဗြိတိသျှအစိုးရက တောင်းဆိုချက်များကို မလိုက်လျောသည့်အတွက် ချင်းတိုင်းရင်းသားများက ဗြိတိသျှကို ဆန္ဒပြသပိတ်မှောက်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဝင်ဖြစ်ရပ်နှင့် ၁۹۳۹ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် ချင်းပြည်နယ် ဖလမ်းမြို့တွင် လူထု ၅၀၀၀ ကျော်ခန့်က ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တောင်းခံအတည်ပြုခဲ့ကြသည့် လွတ်လပ်ရေးသမိုင်းဝင်ဖြစ်ရပ် စသည့် သမိုင်းဝင်ဖြစ်ရပ်(၃)ရပ်ကို အကြောင်းပြု၍ ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အင်္ဂလိပ်နယ်ချဲ့လက်ထက် ရခိုင်တောင်တန်းဒေသအုပ်ချုပ်ရေးထဲတွင် ပါဝင်နေသည့် ပလက်ဝဒေသကို လည်းကောင်း၊ မကွေးတိုင်းဒေသ၏ အုပ်ချုပ်မှုအောက်တွင် ရောက်နေသည့် ကန်ပက်လက်ဒေသကို လည်းကောင်း ၁۹۶۷ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းဖြစ်ပေါ်လာသည့် ချင်းဝိသေသတိုင်းထဲသို့ တစ်စိတ်တစ်ဝမ်းတည်း ပါဝင်လာသည့်အတွက် ယနေ့ ချင်းပြည်နယ်ဟု စည်းလုံးညီညွတ်စွာဖြစ်တည်လာသည့် သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်သည် ချင်းအမျိုးသားတစ်ရပ်လုံးအတွက် ထူးခြားဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်အဖြစ် ချင်းရေးရာကောင်စီက သတ်မှတ်ထားသည့် ချင်းအမျိုးသားနေ့ကို အထွတ်အမြတ်ထား၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး၊ ပြည်ထောင်စုသားချင်းအားလုံး၊ အထူးသဖြင့် ချင်းတိုင်းရင်းသားညီအစ်ကို မောင်နှမများကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အားလုံး ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့ပါတယ်။

ချင်းအမျိုးသားတို့ရဲ့ ယခုလို နေ့ထူးနေ့မြတ် အခါသမယမှာ မြန်မာနိုင်ငံ အနှံ့အပြားသာမက နိုင်ငံတကာမှာရောက်နေတဲ့ ချင်းတိုင်းရင်းသားများအားလုံးကို ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

ဒီကနေ့အခမ်းအနားက (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖြစ်ပါတယ်ဆိုတာကို အားလုံးအသိဖြစ်ပါတယ်။ ခုနက နိုင်ငံတော်သမ္မတကြီးရဲ့ သဝဏ်လွှာထဲမှာရော၊ သဘာဝတိမိန့်ခွန်းထဲမှာရော ချင်းအမျိုးသားနေ့အကြောင်း ပါပါတယ်။

ကျွန်မအနေနဲ့လည်း ထပ်ပြီးဖြည့်စွက်ပြောချင်တာရှိပါတယ်။ ချင်းအမျိုးသားနေ့ ဖြစ်တည်ပေါ်ပေါက်လာခဲ့တဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရင် (၂၀) ရာစုပင်လုံညီလာခံက အစပြုပြီး ၁۹۶۷ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ချင်းဝိသေသတိုင်းရယ်လို့ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တွေ သိမ်းပိုက်လိုက်တဲ့အချိန်ကတည်းက ချင်းတိုင်းရင်းသားညီနောင်တွေဟာ ရရာလက်နက်ကိုစွဲကိုင်ပြီး စွမ်းစွမ်းတမံ ခုခံတော်လှန်ခဲ့တာကို ဗိုလ်ကြွမ်ဘိခ့၊ ဗိုလ်ခိုင်ကမ်းတို့လို ထင်ရှားတဲ့ ချင်းအမျိုးသား တော်လှန်ရေးခေါင်းဆောင်တွေက သမိုင်းသက်သေပြုနေပါတယ်။ ဒုံအပြင် ချင်းမျိုးချစ်များဟာ တို့ဗမာအစည်းအရုံးနဲ့ ပူးပေါင်းပြီး သခင်ဘွဲ့ခံယူပြီးတော့ နယ်ချဲ့လက်အောက်က လွတ်လပ်ရေး ပြန်လည်ရယူဖို့အတွက် နိုင်ငံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ကြတာကိုလည်း အားလုံးသိပြီးသားဖြစ်မှာပါ။

ချင်းအမျိုးသားတွေဟာ ၁۹۶۷ ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့က ရှမ်းပြည်နယ် ပင်လုံမြို့မှာကျင်းပတဲ့ တောင်တန်းနဲ့ ပြည်မ သွေးစည်းညီညွတ်ရေး ညီလာခံမှာ လည်း တက်ရောက်ခဲ့ကြပြီး ပင်လုံစာချုပ်မှာ ချင်းအမျိုးသားကိုယ်စားလှယ်ကြီးများ ဖြစ်ကြတဲ့ ဦးလှန်မှန်း၊ ဦးထောင်ဇာခုပ်၊ ဦးကီယိုမန်းတို့က သက်သေပြုပါဝင်ပြီး လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ချင်း - ဗမာ ချစ်ကြည်ရေးညီလာခံကိုလည်း ၁۹۶۷ ခုနှစ် မတ်လ ၃ ရက်နေ့ကနေ မတ်လ ၅ ရက်နေ့အထိ မကွေးတိုင်းဒေသကြီး ထီးလင်းမြို့မှာ ကျင်းပခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကြီးကို ၁۹۶۸ ခုနှစ် ဖေဖော်ဝါရီလ (၁۹ ရက်နေ့မှ ၂၂ ရက်နေ့အထိ) ဖလမ်းမြို့မှာ ကျင်းပခဲ့ပါတယ်။ ဒီညီလာခံကြီးမှာ တင်သွင်းခဲ့ကြတဲ့ အဆိုတွေအနက် ဖေဖော်ဝါရီလ(၂၀)ရက်နေ့မှာ တင်သွင်းတဲ့ တိုက်သူကြီး အုပ်ချုပ်ရေးစနစ်ကို ပယ်ဖျက်ပြီး လူထုရွေးချယ်တဲ့ ကိုယ်စားလှယ်တွေက အုပ်ချုပ်ရန်အဆိုကို မဲခွဲဆုံးဖြတ်တဲ့အခါ ထောက်ခံမဲ (၅၀၀၀)ကျော်၊ ကန့်ကွက်မဲ(၁၇) မဲနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါဟာ ချင်းတိုင်းရင်းသားအများစုက စနစ်သစ်ကို လိုလားတယ်ဆိုတာ သက်သေထူတာပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၂) နှစ်က ဒီနေ့လို ဖေဖော်ဝါရီလ ၂၀ ရက်နေ့ အချိန်အခါမှာ ဖလမ်းမြို့ လူထုညီလာခံကြီးကနေ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ တစ်ခဲနက် ဆုံးဖြတ်ခဲ့တဲ့နေ့ဖြစ်တဲ့အတွက်လည်း နိုင်ငံရေးအရရော၊ သမိုင်းတန်ဖိုးအရပါ အနှစ်သာရပြည့်ဝပြီး တန်ဖိုးကြီးမားလှပါတယ်။

ဒီလို သမိုင်းကြောင်းနောက်ခံကို ကြည့်လိုက်တာနဲ့ ကျွန်မတို့ရဲ့ ချင်းတိုင်းရင်းသားတွေဟာ ဝေးလံပြီး သွားလာရခက်ခဲတဲ့ တောင်တန်းဒေသတွေမှာ နေထိုင်ကြပေမယ့် နိုင်ငံရေးအရ ဘယ်တုန်းကမှ နောက်မကျခဲ့ဘူး။ ပြည်မနဲ့ အခြားတောင်တန်းဒေသတွေက နိုင်ငံရေး ရေစီးကြောင်းနဲ့အတူ မျက်ခြည်မပြတ် လိုက်ပါနိုင်တယ်ဆိုတာကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။

(၂၀) ရာစုပင်လုံညီလာခံမှာ ကျွန်မတို့ရဲ့ မိဘတွေ မျှော်မှန်းခဲ့တဲ့ ပြည်ထောင်စုကြီးကို တည်ထောင်ရာမှာ ကံမကောင်း အကြောင်းမလှ စွာနဲ့ဘဲ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ရင်ဆိုင်ခဲ့ရပါတယ်။ အကျိုးဆက်အနေနဲ့ ကျွန်မတို့ရဲ့ မိဘ၊ ဘိုးဘွားတွေ မျှော်လင့်ခဲ့တဲ့ ပြည်ထောင်စုတည်ဆောက်ရေး ပန်းတိုင်ဟာ လည်း ဆုံးခန်းမတိုင်ခဲ့ပါဘူး။ ကျွန်မတို့ မိဘ၊ ဘိုးဘွားတွေ မျှော်လင့်ခဲ့တဲ့ ပြည်ထောင်စု အိပ်မက်ကို ဆက်လက်ဖြည့်ဆည်းနိုင်ဖို့ ဒီကနေ့ (၂၁) ရာစုခေတ်မှာ ကျွန်မတို့ အစိုးရ အနေနဲ့ (၂၁) ရာစုပင်လုံညီလာခံကို ခေါ်ယူ ကျင်းပနေပါတယ်။ မပြီးဆုံးသေးတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ခရီးလမ်းကို ကျွန်မတို့ခေတ်၊ ကျွန်မတို့ အချိန်အခါမှာ ဆက်လက်လျှောက်လှမ်းနေတာပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုဌာနီမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံအစည်းအဝေးတွေမှာ ချင်းတိုင်းရင်းသားကိုယ်စားလှယ်တွေဟာ ပြည်ထောင်စုကြီးရဲ့ ကောင်းကျိုးကို ရည်ရွယ်ပြီးတော့ တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းလျက်ရှိကြတဲ့အတွက်လည်း မျှားစွာဝမ်းမြောက်မိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

ချင်းတိုင်းရင်းသား အများစုနေထိုင်တဲ့ ချင်းပြည်နယ်ဟာ ပထဝီအနေအထားအရ အခွင့်မသာမှုကြောင့် လူမှုစီးပွားရေးပိုင်းမှာ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတွေထဲက တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကျွန်မတို့ နိုင်ငံထဲကမှ အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှု အနည်းဆုံးဒေသဖြစ်ရတာဟာ အင်မတန်မှ စိတ်မကောင်းစရာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့အစိုးရလက်ထက်မှာ ချင်းပြည်နယ်ကို ဦးစားပေး ဖွံ့ဖြိုးရေးပြည်နယ် အဖြစ် သတ်မှတ်ပြီး ဘက်စုံထောင့်စုံကနေ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ မြေပြင်ပထဝီအနေအထားအရ ဆက်သွယ်သွားလာမှုအခက်အခဲတွေ မရှိရလေအောင် ဆက်သွယ်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ နောက်ကျကျန်ရစ်ခဲ့ရတဲ့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့ကို အလေးထားပြီး ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနဲ့ ရပ်ရွာလူထုတို့ကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုရှိပြီး လူထုက တုံ့ပြန်မှုပေးနိုင်တဲ့စနစ်နဲ့ တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ဖို့ မူဝါဒချမှတ်ထားပြီး ဒီအတိုင်းပဲ တာဝန်ရှိသူတွေကို ကျွန်မတို့ ဆောင်ရွက်စေပါတယ်။

မြင့်မားလှတဲ့ ထင်ရှားတောင်တန်းတွေကြားမှာ တောင်ဇလပ်ပန်းတွေ အမြဲတစေ ဝေဆာပွင့်လန်းနေတဲ့ ချင်းပြည်နယ်၊ အေးချမ်းလှတဲ့ ရာသီဥတုတည်ရှိတဲ့ ချင်းပြည်နယ်ဟာ သီးခြားထူးခြားတဲ့ သဘာဝအလှအပတွေ၊ သီးသန့်အလှတွေနဲ့ လှပနေတာ ဖြစ်ပါတယ်။ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေနဲ့ ချင်းပြည်နယ်ရဲ့ ဝိသေသလက္ခဏာတွေကိုလည်း ကိုယ်စားပြုတည်ရှိနေတာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ မကြာခဏဆိုသလို ချင်းပြည်နယ်ကို ရောက်ဖြစ်ပါတယ်။ ရောက်ဖြစ်တဲ့ အခါတိုင်းမှာလည်း ချင်းတိုင်းရင်းသားတွေဟာ အေးချမ်းလှတဲ့ ရာသီဥတု၊ ခက်ခဲလှတဲ့လမ်းပန်းဆက်သွယ်ရေးတို့ကို အနှစ်တုပြီး ကြံ့ခိုင်တဲ့ စိတ်ဓာတ်နဲ့ ခက်ခဲကြမ်းတမ်းမှုတွေကို ရင်ဆိုင်နိုင်ကြတဲ့သူများဖြစ်တာကို မျက်မြင်သတိပြုမိပါတယ်။

ချင်းတိုင်းရင်းသားတွေအနေနဲ့ ဒေသအလိုက် ဘာသာစကားနဲ့ စာပေတွေ မတူညီကြပေမယ့် "**မတူကွဲပြားမှုတွေကို စည်းလုံးမှုအင်အားတစ်ရပ်**" အဖြစ် အသုံးချပြီး ချင်းပြည်နယ် ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းကြမယ်ဆိုတာကိုလည်း အခိုင်အမာ ယုံကြည်ထားပါတယ်။ ချင်းပြည်နယ်ရဲ့ အမှတ်တံဆိပ်၊ သင်္ကေတလို့ သတ်မှတ်ထားတဲ့ အောက်ချင်းဌက်ဟာ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုကို ကိုယ်စားပြုပါတယ်။ ချင်းအမျိုးသားတွေရဲ့ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုဟာ ကျွန်မတို့ရဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ခရီးလမ်းမှာ တစ်တပ်တစ်အားဖြစ်စေတာလည်း အမှန်ပဲဖြစ်ပါတယ်။

"**ချင်းအမျိုးသားနေ့**"ဟာ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ အစားထိုးဖို့ ဆုံးဖြတ်ခဲ့တဲ့နေ့ဖြစ်တဲ့အတွက် ချင်းတိုင်းရင်းသားများ တန်ဖိုးထားရှိကြပြီး နှစ်စဉ်နှစ်တိုင်း နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပပြုလုပ်ကြသလိုပဲ ချင်းတိုင်းရင်းသား လူငယ်မျိုးဆက်သစ်တွေကိုလည်း တန်ဖိုးကြီးမားလှတဲ့ နိုင်ငံရေးအမြင်ကျယ်မှုနဲ့ ဒီမိုကရေစီစိတ်ဓာတ်တွေကို လက်ဆင့်ကမ်း အမွေပေးသွားနိုင်ရေးဟာလည်း တောင်ပေါ်၊ မြေပြန့်၊ ပြည်တွင်းနဲ့ ပြည်ပနေ ချင်းတိုင်းရင်းသားများအားလုံးရဲ့ အဓိကတာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါတယ်။ ချင်းတိုင်းရင်းသားများနဲ့ ချင်းပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ ချင်းတောင်တန်းတွေရဲ့ အလှတရားကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေ၊ မျိုးဆက်သစ်လူငယ်တွေကို နိုင်ငံရေး အမြော်အမြင်နဲ့ ဒီမိုကရေစီစိတ်ဓာတ်တွေကို လက်ဆင့်ကမ်း အမွေပေးနိုင်ကြပါစေ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး ကြိုးပမ်းအားထုတ်မှုမှာ ပြည်ထောင်စုရဲ့ သားသမီးတွေဖြစ်တဲ့ အခြားသောတိုင်းရင်းသားတွေနဲ့အတူ ချင်းတိုင်းရင်းသားများကလည်း တက်တက်ကြွကြွ၊ စည်းစည်းလုံးလုံးနဲ့ လက်တွဲပူးပေါင်းပါဝင်နိုင်ကြပါစေကြောင်း နှိုးဆော်တိုက်တွန်းပါတယ်။

ကျွန်မတို့ ချင်းတိုင်းရင်းသားတွေရဲ့ လှပတဲ့ နှလုံးသားများအားလုံးကို ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျေးဇူးတင်ပါတယ်။

ချင်းပြည်နယ်ရဲ့ အမှတ်တံဆိပ်၊ သင်္ကေတလို့ သတ်မှတ်ထားတဲ့ အောက်ချင်းဌက်ဟာ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုကို ကိုယ်စားပြုပါတယ်။ ချင်းအမျိုးသားတွေရဲ့ သစ္စာရှိမှု၊ လေးနက်တည်ကြည်မှုဟာ ကျွန်မတို့ရဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးခရီးလမ်းမှာ တစ်တပ်တစ်အားဖြစ်စေတာလည်း အမှန်ပဲ ဖြစ်ပါတယ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းလူမှုရေးအသင်း (နေပြည်တော်)မှ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ ကျောဖုံးမှ

ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများမှအကြီးအကဲများ၊ ချင်းလူမှုရေးအသင်း (နေပြည်တော်)မှ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးတွာန်ငင်းက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကို ဖတ်ကြားသည်။

သဝဏ်လွှာ ဖတ်ကြား

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံမှ (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးတွာလ်ကျင်းပေါင် က ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ချင်းအမျိုးသားများ၏ သမိုင်းသည်လည်းကောင်း၊ ချင်းအမျိုးသားနေ့ပေါ်ပေါက်လာပုံသမိုင်းသည်လည်းကောင်း ဖြိတိသျှလက်အောက်ကျရောက်ခြင်းမှ အစပြုခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

၁၈၂၄ – ၁၈၂၆ ခုနှစ် အင်္ဂလိပ် – မြန်မာ ပထမစစ်ကတည်းကပင် ပလက်ဝနယ်နှင့် လူရှေတောင်တန်းပေါ်၌ဖြစ်ပွားခဲ့သော တိုက်ပွဲမှအစပြုကာ ဖြိတိသျှလက်အောက်ကျရောက်ချိန်ထိလည်းကောင်း၊ ဖြိတိသျှလက်အောက်ကျရောက်ပြီးသည့်နောက်ပိုင်း လွတ်လပ်ရေးရရှိချိန်ထိလည်းကောင်း ချင်းအမျိုးသားများသည် ကျရာနေရာအသီးသီးမှ ရရာလက်နက်များဆွဲကိုင်ကာ အခြားတိုင်းရင်းသားညီအစ်ကိုများနှင့်အတူ အသက်သွေးချွေး၊ အိုးအိမ်စည်းစိမ်များစွာကိုစတေးပြီး ကိုလိုနီလက်အောက်ကနေလွတ်မြောက်ရန် တော်လှန်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ပြီး လွတ်လပ်ရေးရပြီးသည့်နောက် လွတ်လပ်ရေးထိန်းသိမ်းတိုက်ပွဲများတွင်လည်း ရွပ်ရွပ်ချွဲချွဲဖြင့် တိုင်းပြည်အတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများက သက်သေအဖြစ် ရှိနေပါကြောင်း။

ချင်းအမျိုးသားနေ့ဆိုသည်မှာ

ချင်းအမျိုးသားနေ့ဆိုသည်မှာ တိုက်သူကြီးများ (စော်ဘွားများ) အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းကိုအခြေခံပြီး သတ်မှတ်ခဲ့သည့် နေ့တစ်နေ့ပင်ဖြစ်ပါကြောင်း၊ ထိုသို့အုပ်ချုပ်မှုစနစ်တစ်ခုကနေ နောက်စနစ်တစ်ခုကို ပြောင်းခဲ့ခြင်းသည် လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်နိုင်ခဲ့ကြခြင်းမဟုတ်ဘဲ ခက်ခဲသည့်သမိုင်းနောက်ခံများကြားကနေ ချင်းအမျိုးသားအများစု၏ ဘုံသဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားများ၏ ဒီမိုကရေစီနေ့လည်းဖြစ်သည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ချင်းအမျိုးသားနေ့ သတ်မှတ်ပေါ်ပေါက်နိုင်ရန်အတွက် ချင်းအမျိုးသားခေါင်းဆောင်ကြီးများ၏ဦးဆောင်မှု အခန်းကဏ္ဍသည်လည်း များစွာပင်အရေးပါခဲ့သည်ကို သိရှိကြမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးမရမီကာလမှ လွတ်လပ်ရေးရရှိပြီးချိန်ကာလအထိ မိမိတို့ချင်းလူမျိုးများတွင် ခေါင်းဆောင်ကြီးများစွာရှိခဲ့သည့်အနက် သမိုင်းမှတ်တမ်းများအရ လေးစားစံပြုထိုက်သည့် သမိုင်းဝင်အထင်ကရ ချင်းအမျိုးသားခေါင်းဆောင်ကြီးအချို့ကို ဖော်ပြလိုပါကြောင်း၊ ဖြိတိသျှနယ်ချဲ့တော်လှန်ရေးတွင်ဦးဆောင်ဆင်နွဲ့ခဲ့ကြသည့် ဗိုလ်ကြွမ်ဘိခ့ုနှင့် ဗိုလ်ခိုင်ကမ်း၊ ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ချင်းအမျိုးသားကိုယ်စားလှယ်များဖြစ်သော ဦးလှျာရ်မှန်၊ ဦးထောင်ဇာခုပ်နှင့် ဦးကီယိုမန်း၊ ရန်ကုန်မြို့ကန်တော်ကြီးစောင်းရှိ နေသူရိန်ညီလာခံ၌ တောင်တန်းသားများကိုယ်စား မြန်မာနိုင်ငံ လွတ်လပ်ရေးအဆိုကို တင်သွင်းခဲ့သည့်အပြင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော ပြည်လုံးကျွတ် (ဖဆပလ) ညီလာခံကြီးတွင် အဖွဲ့ချုပ်ကိုယ်စားတောင်တန်းပြည်မလွတ်လပ်ရေး တစ်ချိန်တည်းပေးရန် တောင်းဆိုခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှပါဝင်ခဲ့သော သတိုးမဟာသရေစည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်) ဦးဝမ္မသူးမောင်နှင့် နိုင်ငံ့တာဝန်များကို သက်စွန့်ဆံဖျား ရွပ်ရွပ်ချွဲချွဲထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခြင်းခံရသော ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်းတို့သည် ယနေ့တိုင် ချင်းအမျိုးသားအားလုံး၏ နှလုံးသားတွင် ကမ္ဘည်းမှတ်တမ်းတင်နိုင်ခဲ့ကြပါကြောင်း။

ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်

ထို့ပြင် နိုင်ငံတော်၏ ဦးဆောင်မှု အခန်းကဏ္ဍအသီးသီးတွင် တာဝန်ကိုကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ကြသည့်အတွက် နိုင်ငံတော်အစိုးရက ချီးမြှင့်အပ်နှင်းခြင်းခံရသည့် မဟာသရေစည်သူကွဲ့၊ စည်သူကွဲ့၊ သီရိပုံချီကွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့တို့နှင့် တပ်မတော်စွမ်းဆောင်ရည်ဘွဲ့များဖြစ်သည့် သီဟသူရဘွဲ့၊ သူရဘွဲ့ ရရှိခဲ့ကြသူများလည်း အမြောက်အမြားပင်ရှိခဲ့သည့်အတွက် ချင်းအမျိုးသားများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်၊ အားကျဖွယ်ဖြစ်ရပါကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်တွင် မိမိတို့ချင်းအမျိုးသားများထဲကနေ ချင်းပြည်နယ်နှင့် ချင်းအမျိုးသားများကို ဦးဆောင်မှုပေးနိုင်မည့် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာရန်နှင့် အဓိမြန်မာနိုင်ငံတော်အတွက် သားကောင်းရတနာများ ပေါ်ထွန်းလာရန်အတွက် ချင်းအမျိုးသားအားလုံးက သတိတရားနှင့် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

ချင်းအမျိုးသားများ၏ နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်ကို ပြန်လည်သုံးသပ်ပါကလည်း ဦးဝမ္မသူးမောင်ကဲ့သို့သော ခေတ်ပညာအခြေခံရှိသော လူငယ်များ ဦးဆောင်လာသည့်နောက်ပိုင်းတွင် အရေးပါအရာရောက်သော တော်လှန်ရေးအဖြစ် ပီပြင်လာကြောင်း တွေ့ရှိရပါကြောင်း၊ နယ်ချဲ့အုပ်ချုပ်မှု အတန်ကြာလာသည်နှင့်အမျှ ခေတ်ပညာအတော်အသင့်ရှိသော လူငယ်အချို့သည်လည်း ဖြိတိသျှအစိုးရအမှုထမ်းများဖြစ်လာကြပါကြောင်း၊ ဖြိတိသျှစစ်တပ်သည် အနယ်နယ်အရပ်ရပ်မှ ချင်းအမျိုးသားညီအစ်ကိုများ၏ ဆုံစည်းရပ်သဖွယ်ဖြစ်လာပါကြောင်း၊ ခေတ်ပညာတတ်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း သိရှိလာကြသဖြင့် မကြာခဏ ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရသည့်အတွက် ယနေ့ မိမိတို့ချင်းလူမျိုးများအတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးသည် အင်မတန်အရေးကြီးကြောင်းကို သင်ခန်းစာရယူစေလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ချင်းအမျိုးသားနေ့ အခမ်းအနားများ ကျင်းပပြုလုပ်ခွင့်ပေးပြီး ရန်ပုံငွေများ ထောက်ပံ့ပေးရုံသာမက ချင်းပြည်နယ်တွင်ဖြစ်စေ၊ အနယ်နယ် အရပ်ရပ်တွင်ဖြစ်စေ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော်အကြီးအကဲများကိုလည်း ချင်းအမျိုးသားထုကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ချင်းလူမှုရေးအသင်း (နေပြည်တော်)အနေဖြင့်လည်း ချင်းအမျိုးသားနေ့အခမ်းအနားကို မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဦးဆောင်ပေးကြသည့်အတွက် များစွာပင်ကျေးဇူးအထူးတင်ရှိပါကြောင်း။

အခက်အခဲများနှင့် စိန်ခေါ်မှုများ

နိုင်ငံတော်သမ္မတကြီးကပေးပို့သည့် သဝဏ်လွှာတွင် "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အခက်အခဲများနှင့်စိန်ခေါ်မှုများကြုံတွေ့ရသော်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုအင်အားဖြင့် ကျော်လွှားနိုင်မည်ဟု အခိုင်အမာယုံကြည်ထားပါသည်"ဟု ဖော်ပြထားသည့်အတိုင်း နိုင်ငံတော်အစိုးရ၏ ယုံကြည်ချက်များအတိုင်း မိမိအပါအဝင် ချင်းအမျိုးသားအားလုံးကလည်း အခြားတိုင်းရင်းသား မိဘညီအစ်ကိုမောင်နှမများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု သန္ဓိဋ္ဌာန်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ထောက်ပံ့သည့် ထောက်ပံ့ငွေကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ချင်းလူမှုရေးအသင်း (နေပြည်တော်)ဥက္ကဋ္ဌ ဦးဝင်းစိုးဦးထံ ပေးအပ်သည်။

ထို့နောက် ချင်းတိုင်းရင်းသား တိုင်းရင်းသူတေးသံရှင်များက ချင်းပြည်နယ် အကြောင်းရေးဖွဲ့ထားသည့်ကျေးလက်တောတန်း၊ Cung Van Sang၊ တောင်ဇလပ် အိမ်ပြန်ချိန်၊ Dawtnak Le Deihnak၊ ချင်းပြည်အလှ စသည့်တေးသီချင်းများဖြင့် လည်းကောင်း၊ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဝါးညှပ်အက၊ ကြယ်အက စသည့် ချင်းရိုးရာအကများဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ချင်းလူမှုရေးအသင်း (နေပြည်တော်)မှ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများသည် "ချင်းတောင်တန်းမှ ကြိုဆိုလျက်"တေးသီချင်းကို အတူတကွသီဆိုပြီး စုပေါင်းပိုင်းဖွဲ့ ကကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ အနုပညာရှင်များပူးပေါင်းပြီး တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ အနုပညာရှင်များ ပူးပေါင်းပြီး "Myanmar National Symphony Orchestra Concerts 2020" တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည်။

တေးဂီတဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဓော်အေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာအိချီရော့ မာရုယာမနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တေးဂီတချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဂျပန်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆိုတီးဝိုင်းခေါင်းဆောင် Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သည့် ဂျပန်အနုပညာရှင်များပူးပေါင်းကာ အနောက်တိုင်းမြူးဇစ်၊ မြန်မာဂန္ဓဝင်သီချင်းနှင့် အနောက်တိုင်းသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့ကျင်းပသည့် တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် နေပြည်တော် MICC–II ၌ ညနေ ၆ နာရီမှ ည ၈ နာရီအထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ အဆိုပါ ထူးခြားသည့် ဂန္ဓဝင်ဂီတဆည်းဆာဖျော်ဖြေပွဲသို့ မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်း–မင်းသစ်(MNA)/ဓာတ်ပုံ–လှမိုး

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်ဝင်းအစား ဗိုလ်မှူးချုပ်ဝင်းမိုးအား လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီး စိုးလွင်အစား ဗိုလ်မှူးချုပ်ဇော်ဝင်းအား လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီးခင်မောင်ထွန်းအစား ဗိုလ်မှူးချုပ် သက်ထွန်းအောင်အား လည်းကောင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင် ဗိုလ်မှူးကြီးစိုးဝင်းအစား ဗိုလ်မှူးချုပ်အောင်ဇော်လှိုင်အား လည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းအတွက် လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

“အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန”အား အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်မှု သင်တန်းကျောင်းတစ်ခုအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိ

ထို့နောက် တံတားမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ တံတားမြို့နယ်အတွင်းရှိ “အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန”အား အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းကျောင်းတစ်ခုအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အဆိုပါ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန(တံတား)ကို ယခုအခါတွင် မိမိတို့ဝန်ကြီးဌာနက ရေးဆွဲလျက်ရှိသည့် ပြည်တွင်းဆာဆိုင်ရာ ဥပဒေတွင်ပါဝင်သည့် လိင်လုပ်သားများနှင့်ပတ်သက်၍ ပြုစုစောင့်ရှောက်ရေးဌာနအသစ်တစ်ခုအနေဖြင့် ပြောင်းလဲဖွင့်လှစ်ရန် လျာထားစီစဉ်လျက်ရှိပါကြောင်း။

သနပ်ပင်မဲဆန္ဒနယ်မှ
ဦးမြင့်မိုး

ဒေးဒရဲမဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ခင်ညိုု

တံတားမဲဆန္ဒနယ်မှ
ဦးမြင့်လွင်

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၁၉၄၉ ခုနှစ် ပြည်တွင်းဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြည်တွင်းဆာဆိုင်ရာ ဥပဒေအဖြစ် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပြင်ဆင်ရေးဆွဲလျက်ရှိရာ ဥပဒေမူကြမ်းတွင် ဥပဒေပါပြဋ္ဌာန်းချက်အရ လိင်လုပ်သားများ၏ လူမှုဘဝရပ်တည်နိုင်ရေး၊ စိတ်ပိုင်းရှပ်ပိုင်း ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဥပဒေရေးရာဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ကို သင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်ပေးရန်ဆိုသည်တို့ကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ သို့ပါ၍ အဆိုပါ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးပါက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန(တံတား)ကို အဆိုပါအမျိုးသမီးများ၏ ဘဝရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲစောင့်ရှောက်၍ အသက်မွေးဝမ်းကျောင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းများဖွင့်လှစ်သွားရန် လျာထားစီစဉ်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုု၏ ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကျုံကြပ်၊ သာယာကုန်း၊ သံဒီဇီးဖြူကုန်း ဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းအား ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်ခဲ့သောလမ်းဖြစ်ပြီး ယခုအခါ မိမိတို့ ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် မြေသားလမ်းအဖြစ် ၁၁ မိုင် ၃ ဖာလုံအထိ ကျန်ရှိနေပြီး ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သည့်အတွက် ရာသီမရွေး သွားလာနိုင်ရန် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ပါ၍ အဆိုပါလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထား၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများတွင် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ ပိုလျှံငွေအဖြစ် ပြန်လည်အပ်နှံခဲ့ရသော ဘဏ္ဍာငွေများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြန်လည်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြှင့်ပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း ၃၂၃ ခုအနက် လုပ်ငန်းမပြီးပြတ်၍ ပြန်လည်အပ်နှံခဲ့သော လုပ်ငန်း ၁၂ ခု တန်ဖိုးငွေကျပ် ၄၉၇၉ ဒသမ ၉၈၅ သန်း ရှိခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်း ၁၂ ခုအတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး
ဦးစိုးအောင်

ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း

ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းပေါင်း ၅၁၄၀ အတွက် ခွင့်ပြုရန်ပုံငွေ ငွေကျပ်၂၂၂ ဒသမ ၀၃၀ ဘီလီယံ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအနက် ၁၀၀ ရာခိုင်နှုန်း ပြီးစီးသည့်လုပ်ငန်း ၂၉၁၇ ခု၊ ၉၉ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းပြီးစီးသည့်လုပ်ငန်း ၃၄ ခု၊ ၈၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်းပြီးစီးသည့်လုပ်ငန်း ၈၃၅ ခု၊ ၆၀ ရာခိုင်နှုန်းအတွင်းပြီးစီးသည့်လုပ်ငန်း ၅၄ ခု၊ ၄၀ ရာခိုင်နှုန်းအတွင်းပြီးစီးသည့်လုပ်ငန်း ၅၂၀၊ ၄၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်းပြီးစီးသည့် လုပ်ငန်း ၄၁၉ ခု၊ ၂၀ ရာခိုင်နှုန်းအောက်ပြီးစီးသည့်လုပ်ငန်း ရှစ်ခုတို့ ဖြစ်ပါကြောင်း၊ ပြန်လည်အပ်နှံသည့်လုပ်ငန်းပေါင်း ၁၀၀ ရှိပြီး ယင်းတို့အတွက် နိုင်ငံတော်သို့ ၁၅ ဒသမ ၆၁၃ ဘီလီယံ ပြန်လည်အပ်နှံထားပါကြောင်း၊ လုပ်ငန်းများအားလုံးအတွက် လိုအပ်သောရန်ပုံငွေများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးသတ်နိုင်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ရန်ပုံငွေအဖြစ် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များအနက် အမျိုးသားစီမံကိန်း ဥပဒေအရ မူလခွင့်ပြုရန်ပုံငွေတွင်ပါရှိသော လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအပေါ်မူတည်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြဆောင်ရွက်ခြင်းနှင့် မူလခွင့်ပြုရန်ပုံငွေတွင်မပါရှိသည့် လုပ်ငန်းများအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ မူလခွင့်ပြုရန်ပုံငွေတွင် ပြန်လည်လျာထားခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့်ပေးမည်

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၀)အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်း ကျောင်းခွဲသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆိုပါကျောင်း၌ ယခုနှစ်တွင် အလယ်ဆင့်သင်ကျောင်းသား၊ ကျောင်းသူ ၅၅၅ ဦးရှိပါကြောင်း၊ အနီးဆုံး အထက်တန်းကျောင်းဖြစ်သည့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ဒဂုံတောင်)နှင့်လည်း သွားလာရေး ခက်ခဲသည်ကို သိရပါကြောင်း၊ သို့ပါ၍ အဆိုပါကျောင်းအား လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်း ကျောင်းအဆင့် တိုးမြှင့်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၏ မြင်းခြံမြို့ မြို့နယ် ပညာရေးမှူးရုံးအား ရုံးအသစ် တစ်ရုံး ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆိုပါပညာရေးမှူးရုံးသည် လက်ရှိအားဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းတွင် ပူးတွဲဆောက်လုပ်ထားပါကြောင်း၊ အဆိုပါကျောင်းဝင်းဧရိယာသည် သုည ဒသမ ၂၀ ဧကသာ ရှိသည့်အတွက် ထပ်မံဆောက်လုပ်ရန် မဖြစ်နိုင်ပါကြောင်း၊ နေရာအသစ်အတွက် မြေနေရာအား ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ သို့သော် ပိုင်ဆိုင်မှုအနေဖြင့် ပုံစံ ၁၀၅ သို့မဟုတ် ဂရန်မရှိပါကြောင်း၊ ဘဏ္ဍာငွေလျာထားရာတွင် စည်းမျဉ်းစည်းကမ်းအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားရှိမှသာ လျာထား၍ရပါကြောင်းနှင့် မြေဂရန်ရရှိပါက အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် အဆောက်အဦအသစ်အတွက် ဘဏ္ဍာငွေရရှိရေး လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ မတူပီ-ပလက်ဝကားလမ်းမှ ကျန်ရှိနေသော (၃၁)မိုင် လမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခဲ့သည့် ပေ(၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်သစ်၏အခန်း သုံးခန်းမှာ ယခုအက်ကွဲလာသဖြင့် မည်သို့ထပ်မံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် ထိုသို့စံချိန်မမီဆောက်လုပ်ခဲ့သော ကုမ္ဍဏီအား မည်ကဲ့သို့အရေးယူမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community-AEC) အကောင်အထည်ဖော်ရာတွင် အဓိက လုပ်ငန်းစဉ်ဖြစ်သည့် (ASEAN Free Trade Agreement-AFTA) အား ထူထောင်ရမည်ဖြစ်သည်။ သို့မှသာ ကုန်စည်များ လွတ်လပ်စွာစီးဆင်းခြင်း(Free Flow of Goods)ကို ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှထုတ်လုပ်သော ကုန်ပစ္စည်းများသည် မြန်မာ့စံချိန်စံညွှန်း (Myanmar Standard & Specification)ပါရှိရမည်ဖြစ်ပြီး အာဆီယံနိုင်ငံအသီးသီးတွင် ထုတ်ကုန်ပစ္စည်းပေါင်း ၃၀၀၀ မှ ၁၀၀၀၀ ခန့်ရေးသားပြုစုပြီးဖြစ်ရာ မြန်မာနိုင်ငံ အနေဖြင့် အရေးကြီးသည့်ထုတ်ကုန်ပစ္စည်းပေါင်း ၁၀၀၀ ခန့်ကို ASEAN Free Trade Agreement ကာလတွင် ရေးသားပြီးစီးနိုင်ရန် ပါဝင်ပတ်သက်သော ဝန်ကြီးဌာနများမှ ညှိနှိုင်းဆောင်ရွက်ကြရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသည်။

ထို့နောက် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဘဆွေက အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများ၊ အတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များကို တင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများ၊ အတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များကိုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများ၊ အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တင်သွင်းသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဋ္ဌမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်အချက်များကိုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့က ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမေးမြန်း၍ လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

နိုင်ငံပိုင်လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံများကို အစိုးရ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်ရရှိထားပြီး ဖွင့်လှစ်ရောင်းချထားသော စက်သုံးဆီအရောင်းဆိုင် ၁၈၈ ဆိုင်ရှိ

အစည်းအဝေးတွင် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း စက်သုံးဆီအရောင်းဆိုင် မည်မျှရှိပြီး လိုအပ်သည့်အရေအတွက်ထက် ပိုလျှံခြင်း ရှိ/မရှိ၊ အကယ်၍ ထပ်မံလိုအပ်သည်ဟု ယူဆပါက မည်သည့်မူဝါဒများချမှတ်၍ ပွင့်လင်းမြင်သာစွာ ခွင့်ပြုပေးနေသည်နှင့် လူနေထူထပ်သည့် မြို့၊ ရွာ၊ ရပ်ကွက်များတွင်နေထိုင်ကြသော ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မထိခိုက်စေရန် စဉ်းစားထားခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရရှိထားပြီး ဖွင့်လှစ်ရောင်းချထားသော စက်သုံးဆီအရောင်းဆိုင်အရေအတွက်သည် စည်ပင်သာယာ နယ်နိမိတ်အတွင်း ၁၃၉ ဆိုင်၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပတွင် ၄၉ ဆိုင် စုစုပေါင်းစက်သုံးဆီအရောင်းဆိုင် ၁၈၈ ဆိုင်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာန၏၂၀၁၉ ခုနှစ် နိုဝင်ဘာလ စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် ယာဉ်ကြီး၊ ယာဉ်ငယ်စုစုပေါင်းစာရင်းမှာ ၇၈၅၀၀၀ ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်/ထွက် သွားလာလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိစက်သုံးဆီအရောင်းဆိုင်(၁)ဆိုင်လျှင် ပျမ်းမျှယာဉ်စီးရေ ၄၂၀၀ ခန့်ကို ဆီဖြန့်ဖြူးပေးနေရသည့် အခြေအနေဖြစ်ပါကြောင်း၊ လက်ရှိဖွင့်လှစ်ထားသည့် အရောင်းဆိုင်အရေအတွက်နှင့် အဆိုပါ ယာဉ်စီးရေအချိုးတို့အရ စက်သုံးဆီအရောင်းဆိုင် အရေအတွက်သည် ပိုလျှံခြင်းမရှိသေးဘဲ ထပ်မံလိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခွင့်ပြုသင့်သည့် မြေပေါ်တွင် စက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်ခွင့်ပြုရန်တင်ပြပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက စီစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထို့ပြင် လူနေထူထပ်သည့် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း နေထိုင်ကြသည့် ပြည်သူများ၏ မီးဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်များကျရောက်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် စက်သုံးဆီအရောင်းဆိုင်အား မြို့အတွင်းတည်ဆောက်မည်ဆိုပါက မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို မြေအောက်သိုလှောင်ကန်ဖြင့်သာ တည်ဆောက်သိုလှောင်ဖြန့်ဖြူးရောင်းချရန် သတ်မှတ်ထားပါကြောင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ သတ်မှတ်ချက် စံချိန်စံညွှန်းများအတိုင်း လိုက်နာထားရှိစေပါကြောင်း ဖြေကြားသည်။

စစ်တောင်းစက္ကူစက်ရုံဟောင်း မြေနေရာအား Industrial Complex ထူထောင်နိုင်ရေးဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ဟောင်းမြေနေရာနှင့် အဆောက်အဦများကို Industrial Complex အဖြစ် သို့မဟုတ် စက်မှုလုပ်ငန်းတစ်ခုခုအတွက် ပြန်လည်အသုံးချရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ရှိ စစ်တောင်းစက္ကူစက်ရုံဟောင်း မြေနေရာအား Industrial Complex ထူထောင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ မြန်မာနိုင်ငံ၌ လယ်ယာသုံးစက်ကိရိယာများအား ကုမ္ပဏီများမှတစ်ဆင့် လယ်သမားများ ဝယ်ယူရာတွင် အဆင်မပြေမှုများရှိနေကြသဖြင့် စီစဉ်ကြပ်မတ်ဆောင်ရွက်နိုင်သည့်အဖွဲ့ ဖွဲ့စည်းပေးရန်နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုပညာရှင်များမှ ဝိုင်းဝန်းပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးစီမံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးမီ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံပိုင်လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံများကို အစိုးရ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိပြီး လယ်ယာသုံးစက်ပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးအတွက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိပါကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် တောင်သူလယ်သမားများကြုံတွေ့ရသည့် အဆင်မပြေမှုများကို ဖြေရှင်းပေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီး စီစစ်ကြပ်မတ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်

ကယားပြည်နယ်
မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း

ဒုတိယဝန်ကြီး
ဒေါက်တာမင်းရဲပိုင်ဟိန်း

စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်
အမှတ်(၄)မှ ဦးလှဦး

ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ
ဒေါ်နွယ်နွယ်အောင်

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက တစ်ကမ္ဘာလုံးကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးနိုင်စေရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး လိုက်နာရမည့်ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်း အကူအညီများဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့်လိုက်လျောညီထွေဖြစ်စေရေးအတွက် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၏ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအသစ်တချို့ကို လက်ရှိ ဖြည့်စွက်ဘတ်ဂျက်တွင်လည်းကောင်း၊ တချို့ကို၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း သင့်တော်သလို အမြန်ဆုံးခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် အားကစားရုံ (၁)ရုံဆောက်လုပ်ခြင်း၊ ပွဲကြည့်စင် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ (၃)ခန်းတွဲဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ ဘောလုံးကွင်းအုတ်တံတိုင်းကာရံခြင်း၊ လွယ်ဂျယ်မြို့အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ခြင်းလုပ်ငန်းတို့အား၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား အဆိုပြုတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အားကစားကွင်းအတွင်း Inner Fencing ပြုပြင်ကာရံခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၄၇၀၆၀၆ ဒသမ ၂ အား၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဘတ်ဂျက်တွင် ပြုပြင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန္ဓဲကုန်းကျေးရွာအုပ်စုရှိ မြေဧရိယာ ၁၆ ဒသမ ၆၁ ဧကတွင် ခနောက်စိမ်းသတ္တုအသေးစားထုတ်လုပ်ခွင့်ရရှိထားသော သတ္တုကုမ္ပဏီမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ခွင့်ပြုမိန့်လိုင်စင်သက်တမ်းကုန်ဆုံးနေပြီဖြစ်သော်လည်း ခွင့်ပြုချက်မရှိ ဆက်လက်တူးဖော်နေခြင်းနှင့် လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှုကို ဥပဒေပါအတိုင်း မြေယာပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်းမရှိ ပျက်ကွက်နေမှုအပေါ် မည်သို့စီမံအရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ၁၉၉၅ – ၁၉၉၆ ခုနှစ်က သဖန်းဆိပ်ဆည်စီမံကိန်းတည်ဆောက်မှုကြောင့် ရွှေပြောင်းခဲ့ရသည့် လယ်သမားများအား အစားထိုးပေးသည့် မြေယာများနှစ်ပေါင်း ၂၄ နှစ်ကျော်လုပ်ကိုင်ခဲ့သော်လည်း ပုံစံ(၇)မရရှိခြင်းကြောင့် ပုံစံ (၇)ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မြန်မာ့အားကစား နိုင်ငံတကာအဆင့်အတန်း မီနိုင်ရန်နှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားအားကစား ဥပဒေရေးဆွဲရာတွင် မည်သည့်အဆင့်ထိ ရောက်ရှိနေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေ ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ စိုးဝင်းထွန်း(သတင်းစဉ်)

အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော် ပုဇွန်သီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သပြေကုန်းမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၇၃ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၂၆၃၈ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၃ ဦးရှိကြောင်း၊ လွှတ်တော်သို့လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များထံလိပ်မူ၍ သုံးရက်ကြိုတင်ဆက်သွယ် သတင်းပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ ခရိုင်တရားရုံးများ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀
ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာဝုံ)**

မြမြမြမ်မြစောင့်ထိန်း

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကား ပြောကြားရာတွင် တရားစီရင်ရာတွင် အဂတိကင်းစင်စွာနှင့် ဘက်လိုက်မှုမရှိဘဲ "ဥပဒေနှင့်အညီလွတ်လပ်စွာ တရားစီရင်ရေး"မူနှင့်အညီ စီရင်ကြရန် ဖြစ်ကြောင်း၊ တရားသူကြီးများသည် မိမိတို့စောင့်ထိန်းရမည့် ဂုဏ်သိက္ခာနှင့်ကျင့်ဝတ်များကို မြမြမြမ်မြစောင့်ထိန်းပြီး အသိအမြင်၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ ခံယူချက်နှင့် အရည်အသွေးများ တိုးတက်မြင့်မားအောင် မိမိတို့ကိုယ် မိမိတို့ပြုစုပျိုးထောင်ကြရန်ဖြစ်ကြောင်း၊ မှုခင်းများကိုဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများပြီးပြတ်မှုနှုန်းကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိနေပြီဖြစ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားရုံးဝန်ဆောင်မှုများ၊ လက်လှမ်းမီနိုင်မှုများ၊ တာဝန်ခံယူနိုင်မှုများ တိုးတက်လာခြင်းဖြင့် အများပြည်သူတို့က တရားစီရင်ရေး ကဏ္ဍာအပေါ် ယုံကြည်ကိုးစားမှု တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ဘဏ္ဍာသိမ်းပစ္စည်းများ၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှု၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ နယ်စပ်ဖြတ်ကျော် တရားမ မှုခင်းများနှင့် စီးပွားရေးမှုခင်းများအတွက် ဒေသတွင်းတရားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဦးစားပေးလုပ်ငန်းများသတ်မှတ်၍ မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

စစ်ဆေးပြီးပြတ်

ဆက်လက်၍ မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း ၂၁၁၉ မှုလက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၂၇၄ မှု အပါအဝင် ၂၃၉၃ မှု စစ်ဆေးပြီးပြတ်ခဲ့ကြောင်း၊ တရားမအမှုပေါင်း ၂၇၂၈ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၄၇၃ မှု အပါအဝင် ၃၂၀၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ထို့ပြင် စာချုန်တော်လျှောက်ထားမှု ၄၁၈ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၉ မှု အပါအဝင် ၄၃၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ရာဇဝတ်အမှုပေါင်း ၈၁၆၆ မှု လက်ခံရရှိပြီး ၇၆၄၃ မှုစစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၆၄၆ မှု လက်ခံရရှိပြီး ၆၄၇၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၂၂၆၅၃ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၀၀၁ မှုအပါအဝင် ၂၃၆၅၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၅၂၆ မှု လက်ခံရရှိပြီး ၁၂၇၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၄၂၆၅၄၄ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၂၆၃ မှု အပါအဝင် ၄၂၇၈၀၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၃၀၉၀၆ မှု လက်ခံရရှိပြီး ၂၉၃၈၂ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့်မန္တလေး)တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၅၁၆၂ မှု လက်ခံရရှိပြီး ၄၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၀၁၉၁ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၁ မှု အပါအဝင် ၁၀၂၀၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး)တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၃၁၇၉၄ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ တရားရုံးများကစွဲဆိုသည့် အမှုများ ပြီးပြတ်မှုနှုန်းကို လျှာထားချက်ထက် ကျော်လွန်အောင် စစ်ဆေးပြီးပြတ်မှသာ မှုခင်းလက်ကျန်ကျဆင်းပြီး ထိရောက်သည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၀ ပြည့်နှစ် ဦးစားပေးလုပ်ငန်းစဉ်များ ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၀
တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈–၂၀၂၂)အရ ၂၀၁၉ ခုနှစ်၏ အဓိကဆောင်ရွက်မှုများနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၂၀၁၉ ခုနှစ်၏ အဓိကဆောင်ရွက်မှုများ

- ❖ တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို ၉၉.၅၇% သို့ တိုးတက်အောင်ဆောင်ရွက်ခြင်း၊
- ❖ မှုခင်းများကို ဥပဒေနှင့်အညီ တရားမျှတပြီး အချိန်မီထိရောက်စွာ ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို ခရိုင်တရားရုံး(၅)ရုံးနှင့် မြို့နယ်တရားရုံး(၄၃)ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ခြင်းနှင့် အမှုပြီးပြတ်နှုန်း၊ အမှုများစံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့် အမှုရုံးချိန်းသေချာစေမှုတိုးတက်အောင် ဆောင်ရွက်ခြင်း၊
- ❖ တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်များတွင် ဥပဒေအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းပေးခြင်းနှင့်ရုံးများအတွက် ထောက်ကူဆောင်ရွက်ပေးခြင်း၊
- ❖ တရားသူကြီးများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်စေရန် "အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှလေ့လာခြင်း"စာအုပ်ပြုစုထုတ်ဝေခြင်း၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ပညာရေးဌာနများနှင့် ပဂ္ဂလိကကဏ္ဍတို့နှင့် ဆွေးနွေးပွဲကျင်းပခြင်း၊
- ❖ တရားသူကြီးများအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် တရားရုံးလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊
- ❖ ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်လူကြီးများအတွက် အထူးသက်သေစစ်မေးခန်းများနှင့် သက်သေစကားပြန်များ အသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊
- ❖ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအတွက် ရှေ့နေရှေ့ရပ်နှင့် နိုတြီပဗ္ဗလစ်များ၏ လုပ်ငန်းလုပ်ဆောင်ရာတွင် လိုက်နာဆောင်ရွက်ရန် ကြေညာချက် ထုတ်ပြန်ခြင်း၊
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမမှုများပြီးပြတ်နှုန်း၊ တရားမမှုများ၏ ပျမ်းမျှကြန့်ကြာကာလ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်တရားရုံးများ၏ ၂၀၁၈ ခုနှစ်အတွင်း ဆုံးဖြတ်သည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို ဖော်ပြခြင်း၊
- ❖ ဒေသအလိုက် အများပြည်သူအတွက် တရားရုံးလက်ကမ်းစာစောင်များကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ရှမ်း၊ ပအိုဝ်းစသည့် တိုင်းရင်းသားဘာသာစကားဖြင့် ဖြန့်ဝေခြင်း၊
- ❖ တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာနှင့် စုစုပေါင်း ၂၁၀ ကြိမ်တွေ့ဆုံ၍ အများပြည်သူစိတ်ဝင်စားသည့်မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခြင်း၊
- ❖ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ခရိုင်တရားရုံး (၂) ရုံးနှင့် မြို့နယ်တရားရုံး (၂)ရုံးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၂၀၂၀ ပြည့်နှစ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များ

- ❖ တရားရုံးအဆင့်ဆင့်သို့စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို လျှာထားချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊
- ❖ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၅)ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉)ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ရန်၊ အမှုများစံသတ်မှတ်သည့် အချိန်ကာလအတွင်း ပြီးပြတ်မှုနှင့်အမှုရုံးချိန်းသေချာစေမှုတိုးတက်အောင် ဆောင်ရွက်ရန်၊
- ❖ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မြို့နယ်တရားရုံး(၆)ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ❖ တရားရုံးများတွင် အထူးသက်သေစစ်မေးခန်းများနှင့် ဗီဒီယိုဖြင့် စစ်ဆေးသည့်အထောက်အပံ့ပစ္စည်းများ တိုးချဲ့ဆောင်ရွက်ရန်၊
- ❖ တန်ဖိုးနည်းသက်သာခွင့်တောင်းဆိုသော တရားမမှုများအတွက် လုပ်ထုံးလုပ်နည်းများ၊ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများစသည့် ဥပဒေမူဘောင်သစ်များ ထုတ်ပြန်ရေးဆောင်ရွက်ရန်၊
- ❖ ကူးသန်းရောင်းဝယ်ရေး တရားရုံးတည်ထောင်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲရန်၊
- ❖ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်များချမှတ်ရန်၊
- ❖ တရားရုံးစီရင်ချက်များ ထုတ်ပြန်ရေးအတွက် အိုင်တီနည်းပညာစနစ်တစ်ခု တည်ဆောက်ရန်၊
- ❖ တရားသူကြီးများနှင့် တရားရေးအရာရှိများ၏ တရားစီရင်ရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကိုမြှင့်တင်ရန်၊
- ❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ နယ်စပ်ဖြတ်ကျော် တရားမမှုခင်းများနှင့် စီးပွားရေးမှုခင်းများအတွက် ဒေသတွင်းတရားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ် ဆောင်ရွက်ချက်များကို ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့် ၂၀၂၀ ပြည့်နှစ် လုပ်ငန်းအစီအစဉ်များကို တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းတတိယနှစ်အစီအစဉ်(၂၀၂၀)တို့တွင် ကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr. Kishor Shrestha နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr. Kishor Shrestha က နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မီဒီယာလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌတို့သည် လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်နှင့် အဖွဲ့ဝင်များ၊ နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီမှ အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ဝူဟန်ရောက် မြန်မာကျောင်းသားများကို ပြန်လည်ခေါ်ဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့် အဖွဲ့သားများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ သွားရောက် ပညာသင်ယူနေသည့် ပညာတော်သင် ဝန်ထမ်းများအား COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်ရန် သွားရောက်ခေါ်ယူရာတွင် Myanmar National Airline မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မိမိတို့နိုင်ငံအနေဖြင့် တခြားနိုင်ငံများတွင် ရောက်ရှိနေသည့် နိုင်ငံသားများအား အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ယခုဖြစ်စဉ်တွင် နိုင်ငံတော်အကြီးအကဲများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် အတတ်နိုင်ဆုံးနှင့် အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေချိန်တွင် လေယာဉ်မှူးကြီးနှင့် အဖွဲ့သားများကဲ့သို့ ကိုယ်ကျိုးစွန့် အနစ်နာခံသူများ အလွန်လိုအပ်ပါကြောင်း၊ စံနမူနာကောင်းများဖြစ်သည့်အတွက် ဌာနအတွက်သာမက နိုင်ငံအတွက်ပါ ကောင်းသောအစဉ်အလာ ဖြစ်သောကြောင့် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက စေတနာ့ဝန်ထမ်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ကျေးဇူးတင် ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် စေတနာ့ဝန်ထမ်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း၊ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံနှင့် လေယာဉ်မှူးကြီး ဦးမျိုးလွင်ဦးတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒုတိယလေယာဉ်မှူးကြီး ဦးစံမင်းကျော်နှင့် အင်ဂျင်နီယာမှူးကြီး ဦးအောင်ချိုတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသာဦးက အင်ဂျင်နီယာမှူးကြီး ဦးအောင်ဇင်နှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ဇေယျတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြတ်မိုး အတွင်းဝန် ဦးဝင်းခန့်က မန်နေဂျာ (လေယာဉ်မောင်) ဦးသန်းကျော်ဌေးနှင့် အကြီးတန်းလေယာဉ်မောင်း ဦးဝဋ္ဌာဝင့်တို့အား လည်းကောင်း၊ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက အကြီးတန်းလေယာဉ်မောင်များ ဖြစ်ကြသည့် ဦးရဲမြတ်အောင်နှင့် ဦးအာကာလင်းတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံက ခရီးစဉ်တွင် စေတနာ့ဝန်ထမ်းအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့ကြသည့် လေယာဉ်အဖွဲ့သားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြတ်မိုး အတွင်းဝန်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ်တို့သည် စေတနာ့ဝန်ထမ်း လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟန်လင်းနိုင်(သတင်းစဉ်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၅၆ / ၂၀၂၀)
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၉၁)၊ ၂-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၆/၂၀၁၅) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ**၏ ၉-၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၀၀၁ / က - ၂ / ၂၀၂၀ ဖြင့် နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခွင့်ပြုပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ၂၀-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၀)တွင် တင်ပြဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၉ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း တန်ဖိုးနည်း အိမ်ရာ အပိုင်း (၁)၊ ရွှေနှင်းဆီလမ်း၊ တိုက် (၁၀)၊ အခန်း (၁၀၁) တွင် ပါတီရုံးချုပ်တည်ရှိသော ၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY) က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၁-၂၀၂၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY) ၏ အလံပုံစံ

၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ICOE အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၀
ICOE အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE)၏ အပြီးသတ်အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းအပြီးသတ် အစီရင်ခံစာနှင့် နောက်ဆက်တွဲ(၃၀)တို့ကို တပ်မတော်က အပြည့်အစုံ လက်ခံရရှိခဲ့ပါကြောင်း၊ ယင်းအစီရင်ခံစာအပေါ် တပ်မတော်က အသေးစိတ် လေ့လာသုံးသပ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

အစီရင်ခံစာပါဖြစ်စဉ်များအနက် ဂူတာပြင်ရွာဖြစ်စဉ်အား အရေးယူဆောင်ရွက်ဆဲဖြစ်ပြီး အင်းဒင်ရွာဖြစ်စဉ်မှာ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဂူတာပြင်ရွာ ဖြစ်စဉ်နှင့်စပ်လျဉ်းသည့် စစ်တရားရုံး(Court-Martial) စစ်ဆေးဆောင်ရွက်မှု အခြေအနေအား မကြာမီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် အစီရင်ခံစာပါ ကျန်ဖြစ်စဉ်များအနက် မောင်နရွာနှင့် ချွတ်ပြင်ရွာဖြစ်စဉ်တို့အား လေ့လာသုံးသပ်စိစစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေးရေးခုံရုံး(Court of Inquiry)ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး စစ်ဘက်တရားစီရင်ရေး၏ လုပ်ငန်းစဉ်များအတိုင်း စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာပါ ကျန်ဖြစ်စဉ်များကိုလည်း ဆက်လက်၍ လေ့လာသုံးသပ်စိစစ်လျက်ရှိကြောင်း စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိသည်ဟု ဖော်ပြထားသည်။

သတင်းစဉ်

စီးပွားရေးဝန်းကျင်ကောင်းကိုဖန်တီးခြင်းစကားဝိုင်းကျင်းပ

ကာရာ

စီးပွားရေးဝန်းကျင်ကောင်းကိုဖန်တီးခြင်းစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး(စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှုအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇြိမ်းအောင် (ဝိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုင်ရာအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူး ဒေါ်ထားထား (ပဋ္ဌညာဉ်များအတည်ပြုဆောင်ရွက်ခြင်း အညွှန်းကိန်းဆိုင်ရာအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)နှင့် Zeya & Associate Co.,Ltd. Chairman/CEO ဦးဇေယျသူရမွန် (ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်) တို့ကပါဝင်ဆွေးနွေးခဲ့သည်။

(ယမန်နေ့မှအဆက်)

ဦးအောင်စိုး(အမြတမ်းအတွင်းဝန်)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါ်ထားထား(ညွှန်ကြားရေးမှူး)
ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး

ဦးဇေယျသူရမွန်(Chairman/ CEO)
Zaya & Associate Co.,Ltd.

ဦးသူရိန်လွင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

အစီအစဉ်မှူး။ ။ Enforcing Contract Indicator ဆိုင်ရာ အထောက်အကူပြုအဖွဲ့ အနေနဲ့မြန်မာနိုင်ငံရဲ့ Ease of Doing Business အခြေအနေအလားအလာကို ဘယ်လိုများမျှော်လင့်ထားပါသလဲ။

ဒေါ်ထားထား။ ။ Enforcing Contract Indicator နဲ့ပတ်သက်လို့ ၁၈မှတ်ပေးထားပါတယ်။ တရားရုံးဖွဲ့စည်းပုံနဲ့ လုပ်ထုံးလုပ်နည်းက ငါးမှတ်၊ မှုခင်းစီမံခန့်ခွဲမှုက ခြောက်မှတ်၊ နည်းပညာသုံးတရားရုံးက လေးမှတ်၊ အငြင်းပွားမှုကို အခြားနည်းဖြင့်ဖြေရှင်းဆောင်ရွက်ခြင်းကို သုံးမှတ်ပေးထားပြီး စုစုပေါင်း ၁၈ မှတ်မှာ အခု ကျွန်မတို့က လေးမှတ်ပဲရပါသေးတယ်။ အဲဒီတော့ ဆောင်ရွက်စရာတွေအများကြီး ကျန်ပါသေးတယ်။

ဆောင်ရွက်မယ့် လုပ်ငန်းလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ကာလလတ်၊ ကာလရှည်စီမံချက်တွေ ရေးဆွဲဆောင်ရွက်ဖို့ရှိပါတယ်။ တစ်ခုပြောချင်တာက ကျွန်မတို့ရဲ့အညွှန်းကိန်းက အညွှန်းကိန်း ၁၀ ခုထဲမှာ အမှတ်ရဖို့ အခက်ခဲဆုံးအညွှန်းကိန်းလို့ ကမ္ဘာ့ဘဏ်က ပြောထားပါတယ်။ သူကဥပဒေမူဘောင်တွေပါတယ်။ နိုင်ငံတကာစံနှုန်းတွေပါတဲ့အပြင် အိုင်တီနည်းပညာတွေလည်း ပါပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး မဟာဗျူဟာစီမံကိန်း၂၀၁၈ – ၂၀၂၂ ကိုရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမဟာဗျူဟာစီမံကိန်းကို USAID ကအဓိကပံ့ပိုးပြီး အခြားနိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးမှုလက်ရှိအခြေအနေတွေနဲ့ အားလုံးကိုပေါင်းစပ်ပြီး နိုင်ငံတကာအဆင့်မီရေးဆွဲထားတဲ့ မဟာဗျူဟာစီမံချက်ဖြစ်တဲ့အတွက် အညွှန်းကိန်းသတ်မှတ်ချက်တွေအားလုံးကို ခြုံငုံမိတယ်လို့ သတ်မှတ်လို့ရပါတယ်။

ဒါကြောင့် ဒီမဟာဗျူဟာစီမံကိန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရင် အညွှန်းကိန်းကလည်း အောင်မြင်လာမှာဖြစ်တဲ့အပြင် တရားစီရင်ရေးကဏ္ဍကလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့် မဟာဗျူဟာစီမံကိန်းကြီးအောင်မြင်ဖို့အတွက် အမှုသည်တွေ၊ ရှေ့နေတွေအပါအဝင် တရားရုံးနဲ့သက်ဆိုင်သူတွေအားလုံးက ကျွန်မတို့နဲ့ပူးပေါင်းပါဝင်ပြီး မဟာဗျူဟာစီမံကိန်းကြီးအောင်မြင်ဖို့ ဝိုင်းဝန်းဆောင်ရွက်ပေးဖို့လိုပါတယ်လို့ တိုက်တွန်းလိုပါတယ်။

အစီအစဉ်မှူး။ ။ပုဂ္ဂလိကကဏ္ဍအနေနဲ့ ၂၀၂၀ မှာ Overall Benefit ရှိပါသလား ခင်ဗျာ။

ဦးဇေယျသူရမွန်။ ။မြန်မာနိုင်ငံထဲမှာ ယှဉ်ရင် ကျွန်တော်တို့က Overall Benefit ဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံခြောက်ခုထက် ပိုသာ လာပါတယ်။ ကျွန်တော်တို့က နိုင်ငံထဲမှာ Benefit ဖြစ်တယ်။ ဒေသတွင်း Regional နဲ့ယှဉ်ရင် ကျွန်တော်တို့က မီဖို့လိုပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က ဒီနှစ်မှာတော့ တော်တော်လေးအားရတယ်။ ရှေ့လျှောက်လည်း ဒီထက်ပိုအားရစရာတွေလုပ်ဖို့ရှိသွားပြီ။ ဌာနဆိုင်ရာ လမ်းကြောင်းလည်း တော်တော်လေးနားလည်သွားပြီ။

အရင်တုန်းက ဘယ်လိုဖြစ်သလဲဆိုတော့ ကျွန်တော့် အမြင်က နိုင်ငံတော်ကစီးပွားရေးတွေအားလုံးကို တာဝန်ယူခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍကိုမရအောင်၊ ခက်အောင်ကို အကုန်လုံးကလုပ်ထားတဲ့အနေအထားရှိပါတယ်။ Regulation တွေကအစ၊ အစိုးရအရာရှိတွေဘက်ကအမြင်ကိုကအစ စီးပွားရေးလုပ်ရတာမရအောင်၊ ခက်အောင် အဲဒီလိုမျိုးနဲ့ ထားတယ်။ အဲဒီလိုမျိုးနဲ့ ကျွန်တော်တို့က ဖြတ်သန်းခဲ့ပါတယ်။

အဲဒီကနေ ကျွန်တော်တို့က ပြုပြင်ပြောင်းလဲရေးပြန်လုပ်တဲ့အခါ အခုအချိန်မှာ ဌာနဆိုင်ရာတွေကလည်း စီးပွားရေးလုပ်ငန်းတစ်ခုလာရင် လွယ်အောင်လုပ်ပေးရမယ်။ အချိန်မြန်မြန်နဲ့ပြီးအောင် လုပ်ပေးရမယ်။ ငွေရေးကြေးရေးသက်သက်သာသာဖြစ်ရမယ်။ Procedure တွေ၊ လုပ်ငန်းအဆင့်တွေလျှော့နိုင်သမျှလျှော့ရမယ်ဆိုတဲ့ Concept က ဝင်သွားပြီ။ Regulator တွေအားလုံးရဲ့ခေါင်းထဲမှာ ဝင်သွားတာပါ။ ဟိုးထိပ် ခေါင်းဆောင်ပိုင်း၊ နိုင်ငံတော်သမ္မတ အထိ စီးပွားရေးလုပ်ငန်းကို ဘယ်လိုလုပ်ပေးရမလဲဆိုတာ အဲဒါ ဒီနှစ်ကသက်သေပါ။

ဒီနှစ်က မြန်မာနိုင်ငံရဲ့အဆင့်ခြောက်ခုတက်တယ်။ အရင်တုန်းကဆိုရင် လည်နေပြီး အဆင့်၁၇၊ အချို့နှစ်တွေမှာ ဆိုရင် ကျတောင်သွားပါသေးတယ်။ ကျွန်တော့်အမြင်က Regulator တွေအားလုံး လမ်းကြောင်းမြင်သွားပြီ၊ တွေ့သွားပြီ၊ သိသွားပြီ။ ဒေသတွင်းနဲ့ဘယ်လောက်ကွာတယ်ဆိုတာ လည်း ကျွန်တော်တို့ကသိသွားပြီ။ တချို့ Regulator တွေဆိုရင် အားရဖို့ကောင်းတာက ဒေသတွင်းနိုင်ငံတွေ ထက် ပိုကောင်းပါတယ်။

ဥပမာ ကျွန်တော်တို့ရဲ့ Starting a business ဆိုရင် အာရှ – ပစိဖိတ်ဒေသတွင်းမှာ နိုင်ငံတွေအားလုံး ပျမ်းမျှယူထားတဲ့အမှတ်ထက် ကျွန်တော်တို့ရဲ့အမှတ်က ပိုကောင်းပါတယ်။ Starting a business ဆိုရင် ကျွန်တော်တို့ရဲ့ကုမ္ပဏီတစ်ခုမှတ်ပုံတင်တော့မယ် Registration လုပ်တော့မယ်ဆိုရင် အွန်လိုင်းနဲ့ အိမ်ကနေလည်း လုပ်လို့ရတယ်။ နိုင်ငံခြားကနေလည်း လုပ်လို့ရတယ်။ Registration လုပ်တာတော်တော်လွယ်သွားပြီ။ လွယ်တာမှ Regional Average ထက်ကို ပိုလွယ်နေတယ်ဆိုတော့ တော်တော်လေးကိုကောင်းပါတယ်။

ထိုနည်းလည်းကောင်းပဲ Dealing with Construction Permit ဆိုရင် စက်ရုံတစ်ခုတည်ဆောက်မယ်၊ လုပ်ငန်းတစ်ခု တည်ဆောက်မယ်ဆိုရင် အဲဒါလည်း Regional Average ထက်ကိုသာသွားပြန်ရော။ Registering Property ဆိုရင်လည်း Regional Average နားကို တစ်မှတ်ပဲလိုပါတော့တယ်။ ဒီသုံးခုက တကယ့်ကိုဒေါင်ဒေါင်မြည်ဌာနတွေဖြစ်သွားပြီ။ ကျွန်တဲ့အညွှန်းကိန်းတွေကလည်း ကြိုးစားနေပါတယ်။

အမြတမ်းအတွင်းဝန်ပြောသလိုပဲ အချို့ဌာနတွေက အမှတ်မတက်လာဘူး။ မတက်လာပေမယ့် သူတို့ရဲ့လုပ်ငန်းအနေအထားကိုက ပြောင်းလဲရမှာခက်ခဲတယ်။ ကျွန်တော်တို့က ဒေသတွင်း နိုင်ငံတွေထက်ပိုကောင်းတာတွေ ဖြစ်လာပြီ။ ဥပမာ Registering Property ဆိုရင် အရင်နှစ်က အဆင့် ခြောက်ဆင့်ရှိတယ်။ ဒီနှစ်လည်းအဆင့် ခြောက်ဆင့်ရှိတယ်။ ဒါကိုမပြောင်းလဲနိုင်ဘူး။

ဒါပေမယ့် ကြာမြင့်ချိန်က အရင်နှစ်က ၈၅ ရက်ကြာတယ်။ ဒီနှစ်က ၆၅ ရက်ပဲကြာတယ်။ ရက်၂၀ ပိုမြန်သွားတယ်။ အဲဒီမှာ အချိန်ကိုနည်းနည်းလေး Highlight လုပ်ပြချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့ဘဏ် Doing Business ရဲ့အစီရင်ခံစာတွေ ရေးထားတဲ့အထဲမှာ ပါတယ်။ တစ်ရက်နောက်ကျရင် ကျွန်တော်တို့ရဲ့ Business Volume ကို တစ်ရာခိုင်နှုန်းလျော့သွားတယ်။ တစ်နိုင်ငံလုံးရဲ့ GDP က သုည ဒသမ ၅ ရာခိုင်နှုန်းလျော့တယ်လို့ ဥပမာ သူတို့ တွက်ထားတာဖြစ်ပါတယ်။

ကျွန်တော်တို့က ရက်၂၀မြန်လာတယ်။ ဒါနဲ့ ပတ်သက်ရင် ကျွန်တော်တို့ရဲ့ Efficiency တွေများလာတယ်၊မြန်လာတယ်။ ဒီအချိန်မှာ စကားလေးတစ်လုံးကို ကျွန်တော်သတိရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းထဲမှာပါတယ်။ သူများနိုင်ငံတွေ ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က လေး၊ ငါး၊ ဆယ်လှမ်းလှမ်းမှ တော်ရာကျမယ်ဆိုတာပါတယ်။ အခုခေတ်မှာ အဲဒီလမ်းကြောင်းပေါ်ပြန်ရောက်နေပြီ။ Government ကလည်း သူများနိုင်ငံက တစ်လှမ်းလှမ်းရင် ကျွန်တော်တို့က လေး၊ ငါး၊ ဆယ်လှမ်းလှမ်းရမယ် ဒီလိုမျိုးဖြစ်သွားပြီ။

ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍကလူတွေက ယှဉ်ပြိုင်မှုရှိတာဆိုတော့ သူများတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က လေး၊ ငါး၊ ဆယ်လှမ်းမလှမ်းနိုင်ရင် ကျန်ခဲ့မယ်။ ပြုတ်သွားမယ်၊ အရှုံးပေါ်သွားမယ်ဆိုတော့ ကျွန်တော်တို့က လုပ်ပါတယ်။ ဒါပေမယ့် အစိုးရရဲ့ ဟိုးအရင်တုန်းကအမြင်မှာ စီးပွားရေးလုပ်ငန်းဆိုရင် ခက်အောင်လုပ်ထားဆိုတဲ့အရာတွေ အကုန်လုံးကဖြေလျှော့လာပြီဆိုတော့ ရှေ့လျှောက်ကို ဒီထက်ပိုကောင်းလာဖို့ပဲရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။ Overall အနေနဲ့ အားရတယ်ဆိုတာ ဒီနှစ်တစ်ခုတည်းကိုအားရတာမဟုတ်ပါဘူး။ အပြောင်းအလဲတစ်ခုလုံးကိုအားရတာပါ။ ရှေ့လျှောက်ကိုလည်းမြင်နေတဲ့အတွက် အဲဒါတွေကို အားရတာဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။၂၀၂၀မှာ တိုးတက်မှုမရခဲ့တဲ့ အညွှန်းကိန်း ငါးခုကိုလည်း ပြောပြပေးပါဦး။

ဦးဇေယျသူရမွန်။ ။အဲဒီအညွှန်းကိန်းငါးခုက အားမရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကျွန်တော်ပါဝင်ပတ်သက်လာတာ သုံးနှစ်ရှိပါပြီ။ သုံးနှစ်လုံးကမလှုပ်လာပါဘူး။ ဒီအတိုင်းပဲ။ တက်မလာပါဘူး။ မတက်လာတဲ့အကြောင်းရင်းက အချို့အညွှန်းကိန်းတွေကခက်ပါတယ်။ အခက်ဆုံးအညွှန်းကိန်းတွေလည်းပါတယ်။

ကျွန်တော်တို့က Regional Average Line ကို ကြည့်လိုက်ရင် အလွယ်ဆုံး၊ ပြီးရင်ခက်တာ၊ ပြီးရင်လွယ်တာပြန်လာပါတယ်။ ပြီးရင်ခက်တာ အဲဒီလိုသွားတယ်။ အဲဒီအညွှန်းကိန်း ငါးခုလုံးက ခက်တဲ့ဟာတွေ။ နိုင်ငံတကာမှာကိုက ခက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံကလည်း ခက်နေပါတယ်။ အဓိကပြုပြင်ပြောင်းလဲရမှာက ဥပဒေတွေဖြစ်နေပါတယ်။ နောက်ပြီး ဥပဒေမရှိတာလည်းရှိပါတယ်။ ကျွန်တော်တို့တင်မရှိတာလားဆိုတော့ မဟုတ်ဘူး၊ သူများနိုင်ငံတွေလည်းမရှိပါဘူး။

ဒါပေမယ့် သူများနိုင်ငံတွေက အဲဒီ Law တွေက လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်လောက်ကအတည်ပြုပြီးသွားပြီ။ ကျွန်တော်တို့က အခုအဲဒီ Law တွေလုပ်နေပါတယ်၊ ရေးနေပါတယ်၊ လွှတ်တော်မှာဖြတ်နေပါတယ်ဆိုတဲ့ အတွက် အဲဒီအညွှန်းကိန်းငါးခုက သိပ်ပြီးမလွယ်သေးပါဘူး။ ဒါပေမယ့်လည်း Regulator တွေကနည်းနည်းသဘောပေါက်လာပါတယ်။

ဥပမာ ကျွန်တော်တို့ရဲ့ Starting a business ဆိုရင် အာရှ – ပစိဖိတ်ဒေသတွင်းမှာ နိုင်ငံတွေအားလုံး ပျမ်းမျှယူထားတဲ့အမှတ်ထက် ကျွန်တော်တို့ရဲ့အမှတ်က ပိုကောင်းပါတယ်။ Starting a business ဆိုရင် ကျွန်တော်တို့က ပြောစရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုမ္ပဏီတစ်ခုမှတ်ပုံတင်တော့မယ် Registration လုပ်တော့မယ်ဆိုရင် အွန်လိုင်းနဲ့ အိမ်ကနေလည်း လုပ်လို့ရတယ်၊ နိုင်ငံခြားကနေလည်း လုပ်လို့ရတယ်။ Registration လုပ်တာ တော်တော်လွယ်သွားပြီ။ လွယ်တာမှ Regional Average ထက်ကို ပိုလွယ်နေတယ်ဆိုတော့ တော်တော်လေးကိုကောင်းပါတယ်။

စာမျက်နှာ ၁၁ သို့ ❖

❖စာမျက်နှာ ၁၀ မှ

အရင်နှစ်က တရားရေးကဏ္ဍန်ချုပ်ကြီးဆိုရင် ကြိုးစားပမ်းစား ကမ္မဿာဘဏ်နဲ့ထိုင်ပြီး ဆွေးနွေးပါတယ်။ စိတ်ပါဝင်စားပြီး ကမ္မဿာဘဏ်ကလည်းနားလည်အောင် ဥပဒေတွေအကုန်လုံးကို ဖတ်ပြပါတယ်။ နောက်ဆုံး နှစ်ပေါင်းတော်တော်ကြာတဲ့ ဥပဒေတွေကိုပါ ပြန်ဆွဲထုတ်လာပါတယ်။ သူတို့မှတ်တမ်းတင်ထားတဲ့၊ ကျွန်တော်တို့ ခက်ပါတယ်လို့ပြောနေတဲ့၊အမှတ်နည်းပါတယ်လို့သူတို့ ပေးထားတဲ့အရာတွေကိုပါမဟုတ်ဘူး။ ကျွန်တော်တို့ကို အမှတ်ပေးသင့်ပါတယ်ဆိုပြီး ကမ္မဿာဘဏ်နဲ့ကိုအချေ အတင် ဆွေးနွေးတာတွေရှိပါတယ်။

အမှတ်မတက်တဲ့ငါးချက်က ဘာတွေသွားဖြစ်သလဲ ဆိုတော့ အမှတ်မတက်တော့ အဆင့်ကျပါတယ်။ သူများ နိုင်ငံတွေက ကြိုးစားတယ်။ ဥပမာတစ်ခုပြောရမယ်ဆိုရင် အရင်တုန်းကလည်း အဲဒီငါးခု အမှတ်ကဒီအတိုင်းက ဒီအတိုင်းပဲ၊ သူများနိုင်ငံတွေကကောင်းလာတဲ့အတွက် အလိုလိုနေရင်းကို အဆင့်ကလျော့သွားတယ်။ ဥပမာ – Getting Electricity ဆိုရင် အမှတ်တော့ပိုရလာပါတယ်။ သူများနိုင်ငံတွေက ပိုကောင်းအောင်လုပ်လာတဲ့အတွက် ကြောင့် အဆင့်က လေးဆင့်လျော့သွားပါတယ်။

ထိုနည်းလည်းကောင်းပဲ Resolving Insolvency ဆိုရင် အမှတ်ကပြောင်းလဲမှုမရှိဘူး။ သူများနိုင်ငံတွေ လည်း ခက်တယ်။ တချို့ဟာတွေက ခက်တဲ့အထဲမှာ ပါတယ်။ ကျွန်တော်တို့နိုင်ငံက အမှတ်အပြောင်းအလဲ မရှိဘူး။ သူများနိုင်ငံတွေလည်း အမှတ်ကအပြောင်းအလဲ မရှိဘူး။ အဲဒီတော့ ကျွန်တော်တို့အမှတ်က ဒီအမှတ်ပဲ။ အဆင့်က ဒီအဆင့်ပဲ။ Trading Across Borders လည်း ထိုနည်းလည်းကောင်းပဲ။ အမှတ်လည်း အပြောင်း အလဲမရှိဘူး။ အဆင့်လည်း အပြောင်းအလဲမရှိဘူး။ လုပ်ရတာခက်တဲ့အပိုင်းတွေဖြစ်နေပြီ။သူများနိုင်ငံတွေလည်း တက်မလာနိုင်ပါဘူး။ ကိုယ်လည်းမတက်တော့ အဆင့်ကမပြောင်းလဲဘူး။

စောစောကပြောတဲ့ Getting Electricity က လုပ်ရတာသိပ်ပြီးအခက်ထဲမှာမပါဘူး။ ကိုယ်ကတော့ တစ်မှတ်လောက်ပဲ တက်အောင်လုပ်နိုင်တယ်။ သူများတွေက လေး၊ ငါး၊ ခြောက်မှတ်တက်အောင် လုပ်နိုင်တဲ့ အတွက် ကျွန်တော်တို့က အဆင့်လေးဆင့်ကျသွားတယ်။ အဲဒီလိုပါ။ နောက်ပြီး Paying Taxes ကျတော့လည်း ကျွန်တော်တို့ကအမှတ်ပြောင်းလဲမှုမရှိဘူး။ သူများနိုင်ငံ တွေက ကောင်းအောင်လုပ်လာတဲ့အတွက် ကျွန်တော် တို့က အဆင့်ကျသွားတယ်။ အဲဒီလိုတွေတွေ့ရှိရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့က ငြိမ်နေလို့တော့မရပါ ဘူး။ စောစောကပြောတဲ့ Resolving Insolvency တို့ ကျတော့ သူများနိုင်ငံတွေလည်း ခက်နေတာပါ။ ကမ္မဿာ ဘဏ်က အမှတ်ပေးတဲ့ပုံစံကိုက ခက်နေတာပါ။ အဲဒီတော့ အဆင့်အပြောင်းအလဲမရှိ၊ အမှတ်အပြောင်း အလဲမရှိပါ။ ဒါတွေက ကျွန်တော်တို့ကသိပ်ပြီး ပြဿနာ မရှိပါဘူး။ စောစောကလို အမှတ်အပြောင်းအလဲမရှိဘဲ အဆင့်ကျသွားတာက နာပါတယ်။ အဲဒါက ဘာကို သက်ရောက်မှု သွားဖြစ်သလဲဆိုတော့ ကျွန်တော်တို့ အရင်ကြိုးစားနေတဲ့ အခြား Regulator တွေရဲ့ ကြိုးစား အားထုတ်မှုက သူတို့က ဒီလောက်ရထားမယ်၊ ဒါပေမယ့် ဒီဘက်ကကျတော့ အဆင့်ကလျော့သွားတဲ့အတွက် Overall ပြန်ကြည့်မယ်ဆိုရင် စောစောကပြောသလို၊ ခြောက်နိုင်ငံပဲ ကျော်နိုင်သလို ဖြစ်သွားတာဖြစ်ပါတယ်။

အမှန်ကျွန်တော်တို့က ခုနစ်နိုင်ငံ၊ ရှစ်နိုင်ငံ၊ ၁၀ နိုင်ငံကျော် နိုင်ပါတယ်။ အဲဒီလိုကျော်နိုင်ရင် စီးပွားရေး လုပ်ငန်းတွေအတွက် ဘာအကျိုးကျေးဇူးရသလဲဆိုတော့ ကျွန်တော်တို့ရဲ့ လက်ရှိစီးပွားရေးလုပ်ငန်းတစ်ခုကိုက တန်ဖိုးတက်သွားပါတယ်။ ဥပမာပြည်လမ်းပေါ်မှာ တကယ့်နေရာကောင်းမှာရှိတဲ့ ဟိုတယ်တစ်လုံး သန်း ၆၀၀ တန်တယ်ဆိုရင် စင်ကာပူနိုင်ငံ Orchard Road မှာရှိတဲ့ဟိုတယ်တစ်လုံးနဲ့အတူတူပဲ။ ဘာမှကွာခြားမှု မရှိဘူး။ ဒါပေမယ့် သူ့ရဲ့ရောင်းဈေးက သန်း ၁၀၀၀ ဖြစ်ချင်ဖြစ်သွားမယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့က စီးပွားရေးလုပ် ရတာလွယ်ကူတယ်။ ရှေ့လျှောက်လည်း ပိုအခြေအနေ ကောင်းပါတယ်။ ကျွန်တော်တို့က ဟိုလောက်အခြေ အနေမကောင်းနိုင်ဘူးဆိုတော့ စီးပွားရေးလုပ်ငန်းက နေရင်းထိုင်ရင်းကို တန်ဖိုးတက်လာပါတယ်။ အခုအနေ အထားဆိုရင် ကျွန်တော်တို့စီးပွားရေးတွေ ပြန်ကောင်း လာပြီ လူတွေရဲ့အသိမှာကိုက စီးပွားရေးလုပ်ရတာခက် တယ်။ အဆင်မပြေဘူးဆိုပြီး အများကြီးကြားရပါတယ်။ နေရာတိုင်းမှာ ကြားရပါတယ်။

ဒီနေ့ခေတ်မှာ အဲဒီအသံတွေက တဖြည်းဖြည်းချင်း တိုးသွားပါတယ်။ ကျွန်တော်တို့လည်း လက်တွေ့ခံစားရ ပါတယ်။ ကျွန်တော်တို့အလုပ်လေးတွေ တဖြည်းဖြည်း ပိုကောင်းလာတယ်။ ကျွန်တော်တို့အသံတွေနားထောင်တဲ့ အခါမှာလည်း တချို့ကစီးပွားရေးလုပ်ငန်းတွေကောင်းလာ တယ်၊တချို့ကတော့မကောင်းသေးဘူး။အဲဒီလိုမျိုးတွေ ကြားရပါတယ်။ ဒါကျွန်တော်တို့လက်တွေ့ခံစားရတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ ကျွန်တော်က ဒီလိုပဲမြင်ပါတယ်။

အစီအစဉ်မှူး။ ။နိုင်ငံရဲ့အခုလက်ရှိဆောင်ရွက်နေ တဲ့ Ease of Doing Business နဲ့ ပတ်သက်လို့ ဆောင်ရွက်နေတဲ့အချက်တွေကို လုပ်ငန်းရှင် တစ်ယောက် ဒါမှမဟုတ် ပြည်သူတစ်ယောက်အနေနဲ့ သိရှိ လိုပါတယ်။ လေ့လာလိုပါတယ်၊သိလိုတယ်ဆိုရင်ဘယ်လို မျှား လေ့လာလို့ရတယ်ဆိုတာကို ပြောပြပေးပါဦးခင်ဗျာ။

ဦးအောင်စိုး။ ။ဒါကပွင့်လင်းမြင်သာမှုနဲ့ဆိုင်ပါ တယ်။ ဒါတွေကိုပွင့်ပွင့်လင်းလင်း သိဖို့လိုပါတယ်။ Awareness လိုပါတယ်။ ဒါတွေမသိရင် ကမ္မဿာဘဏ်ကမေးရင်လည်း အဖြေလွှာတွေကို ကောင်း ကောင်း မဖြေတတ်ပါဘူး။ ကိုယ်တိုင်ကလည်း ဌာနဆိုင်ရာ တွေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ဘာလုပ်ချင်ရင်ဘယ်ဌာန သွားရမယ်၊ အဲဒီဌာနမှာလုပ်ငန်းအဆင့်တွေက ဘာလဲ မသိဘူးဆိုရင် သူလည်းခက်မှာပါ။ ဒါကြောင့်ဒါတွေကို သူတို့အလွယ်တကူ သိနိုင်ဖို့လုပ်ပါတယ်။ ဒါနဲ့ပတ်သက်ရင် ကျွန်တော်တို့က Communication Strategy ဆိုတာချပြီး ကမ္မဿာဘဏ်နဲ့လုပ်ပါတယ်။အဲဒီအထဲမှာကုန်သည်ကြီးများ အသင်းမှာသွားပြီး Seminar တွေလုပ်တယ်။ရှင်းပြပါတယ်။

အထူးသဖြင့် အဖြေလွှာတွေကို ဖြေရတဲ့အဖွဲ့တွေက ကို ကျွန်တော်တို့က အများပြည်သူပွင့်လင်းမြင်သာစွာ သိအောင် ဝက်ဘ်ဆိုက်ပေါ် တင်ပေးထားပါတယ်။ ဒါကို လည်း ကြည့်ဖြစ်အောင်ကြည့်ကြပါလို့ ကျွန်တော်တင်ပြချင် ပါတယ်။ဆရာတို့ရဲ့ Property နဲ့ပတ်သက်တာရော၊ ဆရာမ တို့ရဲ့ Contract တွေနဲ့ပတ်သက်တာတွေရော အကုန်လုံး ရှိပါတယ်။

အခုတော့ သူတို့က လက်ရှိအတိုင်း တင်ထားပါ တယ်။ အဲဒီလက်ရှိအတိုင်းကိုပဲ တိုင်းတာတာဘာလဲ၊အဆင့် ဘယ်လောက်လဲ။ အချိန်ဘယ်လောက်ကြာတယ်။ ကုန်ကျ စရိတ်ဘယ်လောက်လဲ အဲဒါကိုတိုင်းတာတာဖြစ်ပါတယ်။ အဲဒီအတိုင်းသွားပြီးလုပ်ရင် လက်ရှိမှာ အဲဒီလိုဖြစ်မယ်။ ဒါကိုနောက်တစ်ဆင့်အနေနဲ့ ပိုပြီးအဆင့်တွေနည်းသွား အောင်၊ လွယ်သွားအောင်လုပ်ပေးနေပါတယ်။ တစ်ခု ရှိတာက ကျွန်တော်တို့အခု Information Center တစ်ခု ထောင်မယ်ဆိုတာက “အဲဒီအတိုင်းလည်း လုပ်ပါတယ်။ ပြောတာတော့အဲဒီလိုပဲ။ တကယ်လက်တွေ့လုပ်တော့ မဖြစ်ပါဘူး”ဆိုတဲ့သူတွေအတွက် Complaint Center လို Information Center မှာလာပြောရင်ကျွန်တော်တို့က သက်ဆိုင်ရာတွေကိုချိတ်ဆက်ပြီး အကူအညီပေးမယ်။

တစ်ခါတလေကျတော့ အစိုးရဌာနမှာက ဝန်ထမ်း တွေက အပြောင်းအရွှေ့တွေရှိပါတယ်။ ဒီလုပ်ငန်းကို လုပ်နေတဲ့သူကပြောင်းသွားလို့ နောက်တစ်ယောက်က ရုတ်တရက်နားမလည်တာ၊ မဖြေတတ်တာဒါတွေလည်း အမြဲတွေ့ရပါတယ်။ ကျွန်တော်တို့လည်း Training တွေ ပေးနေပါတယ်။ဒါကြောင့်သက်ဆိုင်ရာဌာနတွေက Doing Business နဲ့ပတ်သက်တဲ့ Focal Officer တွေကို တာဝန် ပေးထားပြီးသူတို့ကိုအမြဲတမ်း Training တွေ ပေးနေပါ

> **လက်ရှိအခြေအနေမှာ ၂၀၁၄ ခုနှစ်ကစပြီး ကြိုးစားခဲ့တဲ့အတွက် အဆင့်အတိုင်းအတာလေးတစ်ခုတက်လာပေမယ့်လည်း အာဆီယံနိုင်ငံတွေထဲမှာ ကျွန်တော်တို့က အခုထိနောက်ဆုံးပါ။ ကျွန်တော်တို့ကပျော်မွေ့ပြီး ကျေနပ်နေလို့ရတဲ့အနေအထား မဟုတ်ဘူး။ ကျွန်တော်တို့က အနည်းဆုံး အဆင့်၁၀၀ ရဲ့ အထက်ကို မှန်းထားပါတယ်။ ကျွန်တော်တို့ရဲ့လုပ်ငန်းရှင်တွေဟာ ကျေနပ်လောက်တဲ့အဆင့်၊ လုပ်ငန်းလွယ်ကူချောမွေ့တဲ့အဆင့်ကို ရောက်မယ်။ ကျွန်တော်တို့လည်း ဆက်ပြီးကြိုးစားဖို့ လိုပါသေးတယ်။ ကျေနပ်လောက်တဲ့လုပ်ငန်းတွေ တကယ်ကောင်းတဲ့အဆင့်ကို မရောက်သေးပါဘူး။ စပြီးတိုးတက်တဲ့အဆင့်၊ အရှိန်စရလာတဲ့အဆင့်ပဲ ရှိသေးပါတယ်။**

များသောအားဖြင့် LawFirm တွေများတယ်။ သူတို့ကို လည်း သီးခြားဖိတ်တယ်။ရှင်းပြတယ်။ ဟိုးအရင်မေးခွန်း ဟောင်းကို ပြန်ပြီးလေ့လာသလိုမျိုး အရင်နှစ်တွေက မေးဖူးတာကို သူတို့ကိုပြန်ရှင်းပြပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကမ္မဿာဘဏ်က အင်္ဂလိပ်လိုလိုရေးတဲ့အပြင် တချို့ Term တွေကလည်း ရင်းနှီးမှုသိပ်မရှိတာတွေများတဲ့အတွက် သူတို့ကိုပြန်ရှင်းပြပါတယ်။ ဒီလိုတွေလည်း ကျွန်တော်တို့က လုပ်ပါတယ်။

နောက်တစ်ခုက ပိုပြီးလွယ်ကူအောင် ဝက်ဘ်ဆိုက် လုပ်ထားပါတယ်။ Doing Business စနစ်ကြီးတစ်ခုလုံးကို ကမ္မဿာဘဏ်က ဘာလုပ်နေလဲသိချင်ရင် doingbusiness.org ဝက်ဘ်ဆိုက်မှာ ကြည့်လို့ရပါတယ်။အဲဒီမှာတစ်ကမ္ဘာ လုံးက နိုင်ငံပေါင်း ၁၉၀ ရဲ့ Doing Business Report တွေ အကုန်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ Report လည်း ရှိပါတယ်။ မြန်မာနိုင်ငံအတွက် ကျွန်တော်တို့ဌာနက myanmar doingbusiness.org ဆိုပြီး ဝက်ဘ်ဆိုက်သီးသန့်လုပ် ထားပါတယ်။

အဲဒီဝက်ဘ်ဆိုက်ထဲမှာ အညွှန်းကိန်းတစ်ခုချင်းက ဌာနတစ်ခုချင်းရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းအဆင့် တွေအကုန် တင်ပေးထားပါတယ်။ တာဝန်ခံညွှန်ကြားရေး မှူးချုပ်တွေရဲ့ပုံတွေပါ တင်ပေးထားပါတယ်။ ဘယ်သူတွေ ဦးဆောင်လုပ်နေတယ်ဆိုတာ ပြည်သူတွေသိအောင်ဖြစ် ပါတယ်။ ကျွန်တော်တို့ဆီမှာ Standard Operating Procedure ဆိုတာ ဌာနတိုင်းမှာရှိတယ်။

သို့သော် တချို့ဌာနတွေမှာ ဒါကိုပီပိပြင်ပြင်မလုပ်နိုင် သေးပါဘူး။ မရှိသေးပါဘူး။ ရှိပြီးသားလက်ရှိ Procedure တယ်။ ပေးနေတဲ့ကြားထဲကပဲ အပြောင်းအရွှေ့ရှိလို့ သွားရင်လည်း ထပ်ပေးနေပါတယ်။ ဒါလေးတွေကို သူတို့က လည်း ကျွမ်းကျင်လာပြီး လွယ်ကူအောင် ကျွန်တော်တို့က တတ်နိုင်သမျှ ဆောင်ရွက်ပေးနေပါတယ်။

နောက်တစ်ဆင့်အနေနဲ့ ခုနပြောတဲ့ Doing Business Complaint Center တစ်ခုဖွင့်လိုက်နိုင်ပြီဆိုရင် အဲဒီစင်တာ နဲ့သက်ဆိုင်ရာဌာနက Information Counter နဲ့ချိတ်ဆက် ပြီး သူတို့သိချင်တာကိုကျွန်တော်တို့ရှင်းပြပါမယ်။ Doing Business Procedure တစ်ခုစီကိုလည်း ပြည်သူလူထု သိအောင် Seminar တွေလုပ်ပေးမယ်။ နောက်ပြီး တကယ် လုပ်ရင်လည်း ဒီလိုမဖြစ်ဘဲခက်နေတယ်ဆိုရင် သူတို့ပြန် ပြီး Complaint လုပ်နိုင်အောင် ကျွန်တော်တို့က စီစဉ်ပေး မယ်။

ခုနပြောသလိုအပေါ်က မူဝါဒချမှတ်တဲ့လုပ်ငန်းစဉ် နဲ့လက်တွေ့လုပ်ငန်းရှင်တွေက အကျိုးကျေးဇူးရတာနဲ့ တစ်ထပ်တည်းဖြစ်သွားမယ်။ အခုအချိန်မှာတော့ Complaint တွေကရှိနေတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ တွေ ကိုယ်တိုင်က Complaint လုပ်တာတွေက ရှိနေတုန်း ပါ။ ဒါကြောင့် ကျွန်တော်တို့က ဒီတစ်ဆင့်ကို ဆက်ကြိုးစား မယ်။ အဲဒါဆိုရင် ဒီနှစ်အတွက်ပိုပြီးသိသာတဲ့ အကျိုးရလဒ် တွေရလာမယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။

အစီအစဉ်မှူး။ ။ Ease of Doing Business နဲ့ ပတ်သက်ပြီး ဘာများထပ်ပြီး ဖြည့်စွက်ဆွေးနွေးစရာ လိုပါသေးလဲခင်ဗျာ။

ဦးအောင်စိုး။ ။ကိုဇေယျပြောသလိုပါပဲ Mindset တွေ ပြောင်းရတာပါတယ်။ Doing Business ဆိုတာ အရင်တုန်းကအစိုးရပဲ။ အစိုးရဌာန လာရင် လုပ်ပေးလိုက်တယ်။ စောင့်စရာရှိလည်းစောင့်၊ ကြာရင်လည်းကြာဆိုတဲ့ အတွေးအခေါ်တွေကို ကျွန်တော် တို့ ပြောင်းပေးနေရတာပါ။ အဲဒီတော့ကျွန်တော်တို့သည် ပြည်သူ့ဝန်ဆောင်မှုပေးတယ်။ စီးပွားရေးကဏ္ဍ၊ စီးပွား ရေးလုပ်ငန်းတွေ လွယ်ကူအောင်ဝန်ဆောင်မှုပေးနေတာ ဖြစ်ပါတယ်။

ပြည်သူတွေကလည်း ဒီစီးပွားရေးလုပ်ငန်းတွေ အတွက် အခွန်တွေဆောင်နေရပါတယ်။ အဲဒီဆောင်တဲ့ အခွန်တွေနဲ့ ကျွန်တော်တို့လခတွေရနေပါတယ်။ ဒီလုပ်ငန်းရှင်နဲ့ အစိုးရဝန်ထမ်းက တကယ်တော့ Shareholders တွေပါ။ ကျွန်တော်တို့ပူးပေါင်းဆောင်ရွက် တဲ့ Mindset ကို ပြောင်းရတယ်။ ကျွန်တော်တို့ကလည်း မြန်အောင်လုပ်ပေးပါတယ်။ သူတို့ကလည်း လုပ်ငန်း အောင်မြင်ရင်ဝင်ငွေပိုရမယ်။ အခွန်ပိုဆောင်မယ်။ ကျွန်တော်တို့လည်း အကျိုးခံစားရမယ်။

ဒီလို Mindset မျိုးဖြစ်လာအောင် ကျွန်တော်တို့က သင်ကြားပေးပါတယ်။အဲဒီလိုနည်းအားဖြင့် သူတို့လာ ရင် ကျွန်တော်တို့က သတ်မှတ်တဲ့အချိန်အတွင်းမှာ ဝန်ဆောင်မှုပေးနိုင်ရမယ်။ အချိန်ဆွဲထားတာ၊ မလိုအပ် ဘဲကြန့်ကြာတာ၊ ခက်ခဲတာတွေမဖြစ်အောင် ကျွန်တော် တို့လုပ်ပေးမယ်။ ဒါကကျွန်တော်တို့ အဓိကပြောင်းလာ တဲ့ Mindset ကို ပုံဖော်ပေးတာဖြစ်ပါတယ်။

နောက်တစ်ခုက လက်ရှိအခြေအနေမှာ ၂၀၁၄ ခုနှစ် ကစပြီး ကြိုးစားခဲ့တဲ့အတွက် အဆင့်အတိုင်းအတာ လေးတစ်ခုတက်လာပေမယ့်လည်း အာဆီယံနိုင်ငံတွေ ထဲမှာ ကျွန်တော်တို့က အခုထိနောက်ဆုံးပါ။ ကျွန်တော် တို့ကပျော်မွေ့ပြီး ကျေနပ်နေလို့ရတဲ့အနေအထား မဟုတ် ဘူး။ ကျွန်တော်တို့က အနည်းဆုံးအဆင့် ၁၀၀ ရဲ့ အထက်ကို မှန်းထားပါတယ်။ ကျွန်တော်တို့ရဲ့လုပ်ငန်း ရှင်တွေဟာ ကျေနပ်လောက်တဲ့အဆင့်၊ လုပ်ငန်းလွယ်ကူ ချောမွေ့တဲ့အဆင့်ကို ရောက်မယ်။ ကျွန်တော်တို့လည်း ဆက်ပြီးကြိုးစားဖို့ လိုပါသေးတယ်။ ကျေနပ်လောက်တဲ့ လုပ်ငန်းတွေ တကယ်ကောင်းတဲ့အဆင့်ကို မရောက်သေး ပါဘူး။ စပြီးတိုးတက်တဲ့အဆင့်၊ အရှိန်စရလာတဲ့အဆင့်ပဲ ရှိသေးပါတယ်။

ဒါကြောင့်သက်ဆိုင်ရာဌာနအသီးသီးက ဆက်ပြီး ကြိုးစားရဦးမယ်။ ကျွန်တော်တို့သည် ကျေနပ်နေလို့မရ ဘူး။ နောက်တစ်ခုက နိုင်ငံတော်အကြီးအကဲတွေ၊ ဌာန အကြီးအမှူးတွေ၊ အရာရှိကြီးတွေက ဒါကိုဦးဆောင်ပြီး လုပ်နေပေမယ့်လည်း အောက်ကဝန်ထမ်းအဆင့်ဆင့် လိုက်ပါအောင်စည်းရုံးဖို့၊တိုက်တွန်းဖို့၊သင်ကြားပြသပေး ဖို့လိုပါတယ်။ ဒါမှသာ လက်တွေ့လုပ်ငန်းရှင်တွေက ခံစားရမယ်။အဲဒီအဆင့်ကို ကျွန်တော်တို့ရောက်အောင် သွားရမယ်။

ဒါဆိုရင်တက်ညီလက်ညီနဲ့ ကျွန်တော်တို့ရဲ့ Doing Business လုပ်ငန်းစဉ်ကြီးက လွယ်ကူချောမွေ့သွားရင် စီးပွားရေးလုပ်ငန်းရှင်တွေလည်း စိတ်ချမ်းသာမယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေလည်း ဒီမှာလာရောက်လုပ်ကိုင် ရတာကိုကျေနပ်မယ်။ ဒါဆိုရင်ကျွန်တော်တို့တွေ အားလုံးအကျိုးခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့်ဒီနှစ် မှာတော့ လက်ရှိအဆင့်တွေကို လုပ်နိုင်တဲ့အဆင့်ကိုပဲ အမှန်တကယ် လက်တွေ့ဝက်ဘ်ဆိုက်အပေါ်တင်ထားတဲ့ လုပ်ငန်းအဆင့်တွေ၊ လုပ်ငန်းစဉ်တွေအတိုင်း တကယ် လုပ်ဖြစ်အောင်၊ လုပ်နိုင်အောင်၊ ဝန်ဆောင်မှုပေးနိုင်အောင် လုပ်ကြဖို့ ဌာနအသီးသီးကို တိုက်တွန်းချင်ပါတယ်။

နောက်တစ်ဆင့်က အဲဒီထက်ပိုကောင်းတဲ့အဆင့် ကို တဖြည်းဖြည်းချင်းတက်သွားမယ်။ ကျွန်တော့်အနေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့၊ အဖြေလွှာတွေဖြေပေးတဲ့ လုပ်ငန်းရှင်တွေရော၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကိုဇေယျအပါအဝင် တာဝန်ရှိသူတွေ အားလုံးနဲ့သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်တဲ့ဌာနတွေ အားလုံးကို တာဝန်ခံဝန်ကြီးဌာနအနေနဲ့ ကျေးဇူးတင် ကြောင်း ပြောကြားလိုပါတယ်။

အစီအစဉ်မှူး။ ။ဟုတ်ကဲ့ခင်ဗျာ။ အခုဆိုရင် ကျွန်တော်တို့ Ease of Doing Business နဲ့ပတ်သက်လို့ သိသင့်သိထိုက်တဲ့အကြောင်း အရာတွေကို အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍက စိတ်ရှည်၊ လက် ရှည်လာရောက်ဖြေကြားပေးသွားတဲ့အတွက် ပြည်သူ တွေကိုယ်စား ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဦးအောင်စိုး။ ။ကျွန်တော်တို့ကလည်း အခုလို ပြောကြားခွင့် ရတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

နေရပ်စွန့်ခွာသူများကို မဟာဗျူဟာနှင့်အညီ ပြန်လည်နေရာချထားရေးစီမံချက်လမ်းညွှန်ရေးဆွဲရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀
ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ စခန်းများပိတ်သိမ်းနိုင်ရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲအကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဆက်နွယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ UEHRD မှကိုယ်စားလှယ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ International Consultant, Professor Walter Kaelin တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအတွင်း ပဋိပက္ခများကြောင့် IDP စခန်းများဖွင့်လှစ်ခဲ့ရာ လက်ရှိတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ စခန်း ၁၈ ခု ဖွင့်လှစ်ထားပါကြောင်း၊ အဆိုပါစခန်းများမှာ ယာယီသာဖြစ်သင့်သည့်အတွက် စခန်းနေသူများကို ပြန်လည်နေရာချထားရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် မိမိတို့အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ ထို့အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး IDP စခန်းများရှိသည့် ပြည်နယ်များတွင် ရှင်းလင်းဆွေးနွေးပြီး ဖြစ်ပါကြောင်း။

အဆိုပါ မဟာဗျူဟာနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စခန်းများအလိုက် စီမံချက် (Action Plan) များ ရေးဆွဲကြရမည်ဖြစ်ရာ လမ်းညွှန်(Guideline)ရှိရန် အရေးကြီးပါကြောင်း၊ လက်ရှိစခန်းများအနက်မှ မည်သည့် စခန်းများကို ဦးစားပေးနေရာ ပြန်လည်ချထားရန်ရွေးချယ်ခြင်း၊ ဆောင်ရွက်ချိန်တွင် စခန်းတွင်းနေထိုင်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုပါ အလေးထားဆောင်ရွက်မှသာ ရေရှည်တည်တံ့မည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် စခန်းတွင် နေထိုင်သူများ၏ ဆန္ဒများရယူဆွေးနွေးပြီး လက်တွေ့မြေပြင်အခြေအနေများကိုပါ ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်ဖြစ်ရပ်စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်း၍ ကွင်းဆင်းဆန်းစစ်မှုများ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာကော်မတီများကို အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်များအနေဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လမ်းညွှန်ရေးဆွဲရာတွင် လူမှုရေးအဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ စခန်းတာဝန်ခံများနှင့် ဒေသခံလူထုများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ စနစ်တကျထည့်သွင်းရေးဆွဲနိုင်ရေး အလေးထားဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မဟာဗျူဟာရေးဆွဲစဉ်ကပင် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ဝန်ကြီးဌာနနှင့်အတူ ပုံပိုးကူညီခဲ့သည့် ဆွစ်ဇာလန်နိုင်ငံမှ International Consultant, Professor Walter Kaelin က မဟာဗျူဟာပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေ သိရှိစေရန် ရှမ်းပြည်နယ်ရှိ IDP စခန်းများသို့ ကွင်းဆင်းသွားရောက်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြည်နယ်အသီးသီး၌ ယခင်က ဆောင်ရွက်ခဲ့သည့် ပြန်လည်နေရာချထားမှုများမှ ရရှိသည့်အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စားလှယ်များက IDP စခန်းများတွင် နေထိုင်သူများအတွက် ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းအစီအမံများ လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UEHRD မှ တက်ရောက်လာသူများက ကဏ္ဍအလိုက် အကြံပြုမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်မှုဗဟိုဌာနအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်မှုဗဟိုဌာန (US- CDC Centers for Disease Control and Prevention) အဖွဲ့၏ ထိုင်းနိုင်ငံ အခြေစိုက်ရုံးမှ Program Director Dr. Joshua Mott (Asia Regional Influenza Program)နှင့် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အခြေစိုက်ရုံးမှ Country Director Dr. Mitesh Desai နှင့် တာဝန်ရှိသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများအား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံတွင် ဧနှစ်ရဝါရီ ၅ ရက်မှစ၍ COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား စောစီးစွာ အလေးထားဆောင်ရွက်ခဲ့မှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ဝန်ကြီးဌာနများအကြား ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် လေဆိပ်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများကို သွားရောက်လက်တွေ့ကွင်းဆင်းကြည့်ရှုခဲ့မှုများမှ တွေ့ရှိချက်များကို တင်ပြကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိချက်များ သည် ကောင်းမွန်ပါကြောင်း ပြောကြားကာ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးမှုများပြုလုပ်ကာ အကြံပြုချက်များ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် US CDC mission အဖွဲ့တို့သည် ရောဂါသံသယရှိသူရှာဖွေခြင်းနှင့် လူနာနှင့် အနီးကပ်ထိတွေ့သူများ အား ဖော်ထုတ်ခြင်း၊ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များနှင့် ပြည်သူ့လူထုအတွင်း ရောဂါရှာဖွေခြင်း၊ ရောဂါပိုး ရှိ/ မရှိ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ရောဂါရှိသူတွေ့ရှိပါက ဆေးကုသမှုပေးခြင်းနှင့် ပြည်သူ့လူထုအား သတင်းထုတ်ပြန်ခြင်း အစရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

(၂၀-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံကျင်းမြို့မှ (၁၁-၂-၂၀၂၀) ရက်နေ့တွင် ဟောင်ကောင်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အသက် (၂၆) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသား (၁) ဦးသည် (၁၉-၂-၂၀၂၀) ရက်နေ့တွင် ဗျားနာခြင်းခံစားခဲ့ရသဖြင့် ပြင်ပဆေးခန်းသို့ သွားရောက်ပြသခဲ့ပြီး ထိုမှတစ်ဆင့် ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ၎င်းလူနာထံမှ ဓာတ်ခွဲနမူနာရယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးထားရှိပါသည်။ အဆိုပါလူနာအား စစ်ဆေးရာတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ လက္ခဏာများမတွေ့ရှိရပါ။

၃။ ယနေ့ (၂၀-၂-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂ : ၀၀) နာရီအချိန်အထိ လူနာ (၄) ဦးအား ဆေးရုံများတွင် ဆက်လက်၍စောင့်ကြပ်ကြည့်ရှုကုသမှု ပေးခဲ့ရှိပါသည်။

၄။ အဆိုပါ စောင့်ကြည့်လူနာများထံမှ ဓာတ်ခွဲနမူနာများကို (၂၀-၂-၂၀၂၀) ရက်နေ့မှစတင်၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ စစ်ဆေးခဲ့ရာ ည (၆ : ၀၀) နာရီအထိ ရရှိသောအဖြေများအရ -

(က) ဝေဘာဂီအထူးကုဆေးရုံကြီးမှ အသက် (၄၀) နှစ်အရွယ် အမျိုးသား (၁) ဦး၊
(ခ) မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ အသက် (၂၆) နှစ်အရွယ် အမျိုးသမီး(၁)ဦး (စင်ကာပူနိုင်ငံတွင် ဓာတ်ခွဲအတည်ပြု လူနာနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့သည့် အမျိုးသမီး) နှင့်
(ဂ) ဝေဘာဂီအထူးကုဆေးရုံကြီးမှ အသက် (၂၆) နှစ်အရွယ် အမျိုးသား (၁) ဦး

စုစုပေါင်း (၃) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၅။ ယနေ့ (၂၀-၂-၂၀၂၀) ရက်နေ့၊ ည (၆ : ၀၀) နာရီအချိန်အထိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စောင့်ကြည့်လူနာ (၁) ဦးအား သက်ဆိုင်ရာဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။ လူနာများ၏ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ (၁၉-၂-၂၀၂၀) ရက်နေ့တွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ ပေးပို့သော သတင်းအရ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ (၂၅-၁-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူပေပြည်နယ်သို့ ထွက်ခွာသွားသည့် လေယာဉ်ပေါ်တွင် လိုက်ပါခဲ့သည့်ခရီးသည် (၁၁၉) ဦးတွင် ပါဝင်ခဲ့သော ခရီးသည် (၂) ဦးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိပြီး (၇-၂-၂၀၂၀) ရက်နေ့နှင့် (၁၁-၂-၂၀၂၀) ရက်နေ့တို့၌ အသီးသီး COVID-19 ရောဂါကူးစက်ခံခဲ့ရကြောင်း သတင်းပေးပို့ခဲ့ပါသည်။

အဆိုပါသတင်းအရ ၎င်းခရီးသည် (၂)ဦးသည် မန္တလေးမြို့တွင် (၂၀-၁-၂၀၂၀) ရက်နေ့မှ (၂၄-၁-၂၀၂၀) ရက်နေ့အထိ နေထိုင်ခဲ့ပြီး (၂၅-၁-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ခြင်းဖြစ်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိပြီး (၇-၂-၂၀၂၀) ရက်နေ့နှင့် (၁၁-၂-၂၀၂၀) ရက်နေ့တို့တွင် အသီးသီး COVID-19 ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ပါသည်။

၇။ အဆိုပါ သတင်းရရှိလျှင်ရရှိချင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အဆိုပါခရီးသည်များနှင့် အနီးကပ်ထိတွေ့ခဲ့သည့် ဧည့်လမ်းညွှန်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များမှ ဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် ၎င်းတို့၏မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးအခြေအနေများ ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပြီး ရောဂါလက္ခဏာများ ပေါ်ပေါက်ပါက ကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ရန်နှင့် ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေး၍ ရောဂါကူးစက်ခံရမှု ရှိ/မရှိ ကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်နှင့်အာဆီယံ ကတိကဝတ်ပြု

ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၀

တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတစ်ရပ်၌ ယနေ့သဘောတူခဲ့ကြသည်။

တရုတ်နှင့် အာဆီယံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုင်တွယ်ဖြေရှင်းရေးအတွက် နှစ်ဖက်အကြားသတင်းအချက်အလက်ဖလှယ်မှုတိုးမြှင့်ရန်နှင့် ဆေးဝါးနှင့် ကာကွယ်ဆေးထုတ်လုပ်မှုနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကတိကဝတ်ပြုခဲ့သည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးအတွက် တရုတ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံအားပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် လူ ၂၁၀၀ ကျော် အသက်ဆုံးရှုံးခဲ့သော်လည်း အဆိုပါ ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းမှာ နေ့စဉ်ကျဆင်းလာလျက်ရှိသလို ရောဂါမှပြန်လည်နာလန်ထူလာသူဦးရေလည်း မြန်မြန်ဆန်ဆန်တိုးတက်လာလျက်ရှိကြောင်း ဝမ်ယီက ထပ်မံပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့သည် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်သည့် အနေဖြင့် မကြာသေးမီက တရုတ်ပြည်မကြီးသို့ သွားရောက်လည်ပတ်ခဲ့သည့် ခရီးသည်များကို နိုင်ငံအတွင်း ဝင်ရောက်ခွင့် ကန့်သတ်ထားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သူများသည် ကိုရိုနာဗိုင်းရပ်စ်အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများကို ပယျောက်စေရန် တရုတ်နိုင်ငံအား တိုက်တွန်းခဲ့ကြကြောင်း သံတမန်သတင်းရင်းမြစ်က ဖော်ပြထားသည်။

တရုတ်-အာဆီယံ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အစည်းအဝေးကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတစ်ရပ်နှင့် တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။

ကိုးကား- ကျိုဒိုနယူးစ်
ဘာသာပြန်- ဂျေတီ

တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံး သေဆုံးမှု ဖြစ်ပွား

ဆိုးလ် ဖေဖော်ဝါရီ ၂၀

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် လူနာအရေအတွက် နှစ်ဆနီးပါးမြင့်တက်၍ လူနာ ၁၀၀ ကျော်အထိ ရောက်ရှိစဉ်တွင် ယင်းဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးမှု ကြာသပတေးနေ့က ဖြစ်ပွားခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ကြေညာသည်။ လူနာ ၁၀၀ ကျော်အနက် ထက်ဝက်နီးပါးသည် ဘာသာရေးဂိုဏ်းကွဲတစ်ခု၏ အသင်းဝင်များ ဖြစ်သည်။

လူဦးရေ ၂ ဒသမ ၅ သန်းကျော်ရှိသည့် တောင်ကိုရီးယားနိုင်ငံ၏ စတုတ္ထမြောက် အကြီးမားဆုံးမြို့ဖြစ်သည့် ဒေဂူးမြို့၏ မြို့တော်ဝန်က မြို့သူမြို့သားများကို အပြင်မထွက်ဘဲ အိမ်တွင်း၌ နေထိုင်ကြရန် အကြံပြုထားသည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ကိုရီးယား ဗဟိုဌာနက ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာအသစ် ၅၁ ဦးရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၀၄ ဦးရှိသည်ဟု အတည်ပြုကြောင်း ကြေညာသည်။ ၎င်းတို့အနက် ၄၀ ရာခိုင်နှုန်းကျော်သည် ဒေဂူးမြို့ရှိ ရှင်ချွန်ဂျီ ယေရှုအသင်းတော် အသင်းဝင်များ ဖြစ်သည်။

ဒေဂူးမြို့ရှိ အဆိုပါ ဘာသာရေးအဖွဲ့အစည်းမှ လူပုဂ္ဂိုလ်များအကြား ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်မှုသည် ဖေဖော်ဝါရီ ၁၀ ရက်က ပထမအကြိမ်ဖျားနာခဲ့သော်လည်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည်ဟု စစ်ဆေးအတည်မပြုမီ ဝတ်ပြုဆုတောင်းပွဲ အနည်းဆုံး လေးကြိမ် တက်ရောက်ခဲ့သည့် အသက် ၆၁ နှစ်အရွယ် အမျိုးသမီးမှ စတင်ဖွယ်ရှိသည်။ ၎င်းအမျိုးသမီးက မကြာသေးမီက နိုင်ငံခြားတိုင်းပြည်သို့ ခရီးသွားခဲ့ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ အစစ်းသပ်ခံရန် ငြင်းဆိုခဲ့သည်ဟု ဒေသန္တရမီဒီယာများက ဖော်ပြသည်။

ယခုအချိန်အထိ ယင်းဘာသာရေးအဖွဲ့အစည်း၏ အခြားအသင်း၀င် အနည်းဆုံး ၄၇ ဦးသည် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ဟု အတည်ပြုသည်။ ရောဂါကူးစက်မှု အများစုသည် အဆိုပါအမျိုးသမီးနှင့် ဆက်နွယ်မည်ဟု ယုံကြည်ကြသည်။

ဒေဂူးမြို့ အနီးအပါးရှိ ကျောင်ဆန်းပြည်နယ်မှ အသက် ၆၀ ကျော် အမျိုးသားတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရပြီး ဖေဖော်ဝါရီ ၁၉ ရက်က သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

၎င်းအမျိုးသားသည် နှစ်ပေါင်း ၂၀ ကျော်ကြာ ဆေးရုံတက်ရောက်နေသူဖြစ်သည်ဟု ယွန်ဟပ် သတင်းဌာနက ပြောသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ဇော်လင်း

ဂျာမနီနိုင်ငံရှိ ဘားနှစ်ခုဌ် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ကိုးဦးထက်မနည်း သေဆုံး

မြူးနစ် ဖေဖော်ဝါရီ ၂၀

ဂျာမနီနိုင်ငံရှိ ဆေးရွက်ကြီး ရှူရှိုက်သည့်ဘားနှစ်ခုကို ပစ်မှတ်ထားသည့်သေနတ်ပစ်ခတ်မှုတစ်ခု ဖေဖော်ဝါရီ ၁၉ ရက် ညသန်းခေါင်အချိန်တွင် ဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဖြန့်ကြက်ရှာဖွေ

ဘား၌ ပစ်ခတ်မှုပြုလုပ်ခဲ့သည့် သေနတ်သမားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်အစောပိုင်းတွင် ၎င်း၏နေအိမ်၌ သေဆုံးလျက်တွေ့ရှိခဲ့ရသည်။ သေနတ်ပစ်ခတ်မှုသည် ဖရန့်ဖတ်မှ ကီလိုမီတာ ၂၀ (၁၂ မိုင်)အကွာ ဟာနူရှိဘားနှစ်ခုတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ချက်ချင်းရောက်ရှိလာခဲ့ပြီး တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် သေနတ်သမားကို ရဲတပ်ဖွဲ့ ရဟတ်ယာဉ်များဖြင့် ဖြန့်ကြက်ရှာဖွေမှုပြုလုပ်ခဲ့သည်။

ဟက်ဆီ အလယ်ပိုင်းဒေသမှ ရဲတပ်ဖွဲ့၏ ပြောပြချက်အရ လွတ်မြောက်သွားသည့် သေနတ်သမားကို ခြေရာခံလိုက်ခဲ့ပြီးနောက်တွင် အဆိုပါသေနတ်သမားကို ၎င်း၏နေအိမ်တွင် သေဆုံးလျက်တွေ့ရှိခဲ့ရကြောင်းနှင့် အဆိုပါ အဆောက်အအုံ၌ပင် နောက်ထပ်အလောင်းတစ်လောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ပစ်ခတ်မှုတစ်ခုထပ်မံဖြစ်ပွား

မြို့လယ်ကောင်ရှိ Midnight ဘား၌ ည ၁၀ နာရီခန့်တွင် သေနတ်ပစ်ခတ်မှုတစ်ခု ဦးစွာဖြစ်ပွားခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ ဘားအဆောက်အအုံရှေ့တွင် သေနတ်သံများကြားခဲ့ရပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ သေနတ်သမားသည် အခင်းဖြစ်နေရာမှ ကားမောင်း၍ ထွက်ပြေးသွားခဲ့ပြီးနောက် Arina ဘားတွင် နောက်ထပ်ပစ်ခတ်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကာ အမျိုးသမီးတစ်ဦး အပါအဝင် ငါးဦးထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ

နည်းပညာစမ်းသပ်မှုဆိုင်ရာ ဂြိုဟ်တုသစ်လေးလုံး တရုတ်လွှတ်တင်

ပေကျင်း ဖေဖော်ဝါရီ ၂၀

တရုတ်နိုင်ငံသည် နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ ရီကျန်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ စီစဉ်ထားသည့် ပတ်လမ်းအတွင်းသို့ နည်းပညာစမ်းသပ်မှုဆိုင်ရာ ဂြိုဟ်တုသစ်လေးလုံးကို ဖေဖော်ဝါရီ ၂၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြသည်။

အဆိုပါဂြိုဟ်တုလေးလုံးကို ပေကျင်းစံတော်ချိန် နံနက် ၅ နာရီ ၇ မိနစ်တွင် ဒုံးယာဉ် Long March-2D ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာမြေစူးစမ်းလေ့လာရေးနည်းပညာစမ်းသပ်မှုအတွက် အသုံးပြုမည်ဖြစ်သည်။

နည်းပညာစမ်းသပ်မှုဆိုင်ရာ ဂြိုဟ်တုသစ်နှစ်လုံးနှင့် ဒုံးယာဉ် Long March-2D ကို ရှန်ဟိုင်း အာကာသယာဉ်နည်းပညာအကယ်ဒမီက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အခြားကျန်ရှိသည့် ဂြိုဟ်တုသစ်နှစ်လုံးကို ဟာဘင်နည်းပညာတက္ကသိုလ်နှင့် DFH ဂြိုဟ်တုကုမ္ပဏီတို့က အသီးသီးထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြုလုပ်ခဲ့သည့် ဂြိုဟ်တုလွှတ်တင်မှုသည် Long March ဒုံးယာဉ်များဖြင့် လွှတ်တင်သော ၃၂၆ ကြိမ်မြောက် မစ်ရှင်ဖြစ်လာခဲ့သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်

ဂျပန်အပျော်စီးသင်္ဘောပေါ်မှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦး သေဆုံး

တိုကျို ဖေဖော်ဝါရီ ၂၀

ဂျပန်အပျော်စီးသင်္ဘော "Diamond Princess" ပေါ်မှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည့် ခရီးသည်နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးမှာ သင်္ဘောပေါ်ရှိခရီးသည်များအနက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ပထမဆုံးသေဆုံးသူများ ဖြစ်ကြသည်။

အဆိုပါ အပျော်စီးသင်္ဘောပေါ်ရှိ ခရီးသည် ၃၇၀၀ ခန့်အနက် ဖေဖော်ဝါရီ ၁၉ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၆၂၁ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ဂျပန်လူမျိုးများ ဖြစ်သည့် အသက် ၈၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၈၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ ယနေ့ သေဆုံးခဲ့ကြောင်း ဂျပန်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူနှစ်ဦးမှာ ကျန်းမာရေးဆိုင်ရာ ပြဿနာများရှိခဲ့ပြီး ပြီးခဲ့သည့် သီတင်းပတ်က သင်္ဘောပေါ်မှ ဆေးရုံသို့ တင်ပို့ခဲ့သည်။ ယခုအခါ ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ သုံးဦးရှိလာပြီ ဖြစ်သည်။

ကိုးကား- အင်ဒန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးပွဲကျင်းပ

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၀

ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် ဆင်းရဲသော အဖွဲ့ဝင်နိုင်ငံများနှင့် ချမ်းသာကြွယ်ဝပြီး လျှပ်ဒါန်းမှုနည်းပါးသော အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေသည်။ သို့သော် အဖွဲ့အနေဖြင့် ၎င်း၏ ခုနှစ်နှစ်တာဘတ်ဂျက်ကို ဘရပ်ဆဲလ်အစည်းအဝေးတွင် ချမှတ်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ယခုအချိန်တွင် ဗြိတိန်က ဥရောပသမဂ္ဂမှ နုတ်ထွက်သွားခဲ့ခြင်းကြောင့် ၂၀၂၁- ၂၀၂၇ ကာလအတွက် ဥရောပသမဂ္ဂအနေဖြင့် ဗြိတိန်ထည့်ဝင်မည့် ငွေကြေးယူရိုင်ငွေ ၇၅ ဘီလီယံမျှ ဆုံးရှုံးမည့် အခြေအနေ ရှိနေသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ယခုဆွေးနွေးမှုများမှာ ခက်ခဲသောအခြေအနေတွင် ရှိနေသည်ဟု ပြောကြားခဲ့သည်။ လေ့လာသူများ၏ ပြောကြားချက်အရ ဆွေးနွေးပွဲအတွင်း ကွဲပြားခြားနားမှုများ ကြီးမားသဖြင့် ဆွေးနွေးပွဲကို အမြန်အဆုံးသတ်သွားမည်ဖြစ်ပြီး လာမည့်ဆွေးနွေးပွဲများကို လာမည့်လများအတွင်း ကျင်းပနိုင်ရန် မျှော်လင့်ထားသည်။ ဥရောပမူဝါဒဆိုင်ရာစင်တာမှ သုတေသီတစ်ဦးဖြစ်သူ မာတာဝီလာတီက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယခုဆွေးနွေးပွဲတွင် စေ့စပ်ညှိနှိုင်းလိုသည့် အရိပ်အယောင်များ မတွေ့ရကြောင်း ပြောကြားသည်။ ဘတ်ဂျက်ခွဲဝေသတ်မှတ်ရေးတွင် မည်သည့်ကဏ္ဍတွင် မည်မျှသုံးစွဲသင့်ကြောင်းသတ်မှတ်ချက်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုပမာဏအရ ရန်ပုံငွေမည်မျှထည့်ဝင်မည်ဟူသော အချက်အပေါ် သဘောထားကွဲလွဲနေကြသည်။

ကိုးကား- အေအက်ဖ်ပီ
ဘာသာပြန်- စိုးသူရ

ရန်ကုန်မြို့ သံဈေးဌ မီးလောင်မှုဖြစ်၍ ဆိုင်ခန်း ၄၂ ခန်း မီးလောင်ဆုံးရှုံး လူနေတိုက်ခန်းများဌ ပိတ်မိနေသူများကို အန္တရာယ်ကင်းစွာ ကယ်ထုတ်နိုင်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)ရပ်ကွက် လမ်းမတော်လမ်းရှိ သံဈေးတွင် ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ ဈေးဆိုင်ခန်း ၄၂ ခန်း မီးလောင်ဆုံးရှုံးခဲ့ကာ ဈေးအဆောက်အအုံ လူနေတိုက်ခန်းများဌ ပိတ်မိနေသူများကို သက်ဆိုင်ရာက အန္တရာယ်ကင်းစွာ ကယ်ထုတ်နိုင်ခဲ့သည်။

ယနေ့နံနက် ၆ နာရီခန့်တွင် အဆိုပါဈေး၏ ဒုတိယထပ်မှစတင်၍ မီးလောင်မှုဖြစ်ပွားရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးစီးဌ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပရဟိအသင်းအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ကရိန်းယာဉ်၊ မီးခိုးမှုတ်စက်ယာဉ်၊ ရေသယံယာဉ်များဖြင့် ပိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်သည့် ဒုတိယထပ်တွင် စားသောက်ကုန်၊ မီးဖိုချောင်သုံးနှင့် အိပ်ခန်းသုံးပစ္စည်းများ ရောင်းချသည့် ငါးပေပတ်လည်ခန့်ရှိ ဆိုင်ခန်း ၂၃၂ ခန်းရှိသည့်အနက် ဆိုင်ခန်း ၄၂ ခန်းမီးလောင်ခဲ့ပြီး ဆိုင်ခန်း ၁၈ ခန်း မီးဟပ်ခံခဲ့ရသည့်အပြင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦးမှာ မီးခိုးမွန်ခြင်းနှင့် ထိခိုက်ပွန်းပဲ့ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပ လူနာဌာနသို့ ပို့ဆောင်ကုသခဲ့ရကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းက "အရေးပေါ်လေ့ကားတော့ရှိတယ်။ ပိတ်ထားတဲ့အတွက် ဆင်းလို့မရတော့ ကိုယ့်အခန်းကိုယ်ပြန်နေကြတယ်။ မီးခိုးများတဲ့အတွက် အပေါ်ထပ်တွေမှာ ပိတ်မိနေသူတွေကို လေ့ကားကနေ ဆင်းခိုင်းတာလည်းရှိတယ်။ လေ့ကားတင်ယာဉ် (ကရိန်းယာဉ်)တွေနဲ့ ကယ်ထုတ်ရတာလည်းရှိပါတယ်။ ကယ်တဲ့အချိန်မှာလည်း မီးခိုးများနေလို့ မီးသတ်ပိုက်နဲ့ မီးခိုးမထွက်အောင်ဖျန်းပြီးမှ ကယ်ခဲ့ရတယ်။ အသက်ကြီးပိုင်းတွေလည်းပါတယ်။ အားလုံးကို ဘေးအန္တရာယ်ကင်းစွာနဲ့ ကယ်ထုတ်နိုင်ခဲ့ပါတယ်။ ကယ်ဆယ်ရေးနဲ့ ငြိမ်းသတ်ရေးကို တစ်ပြိုင်တည်းလုပ်ခဲ့တာပါ" ဟု ပြောသည်။

အဆိုပါ ဈေးအဆောက်အအုံသည် ၁၁ ထပ်အမြင့်ရှိပြီး ခြောက်လွှာမှ ၁၁ လွှာအထိမှာ လူနေတိုက်ခန်းများဖြစ်သည့်အတွက် မီးလောင်မှုဖြစ်ပွားစဉ်တွင် လူနေတိုက်ခန်းများမှ ပိတ်မိနေသူ ၈၅ ဦးကို ကယ်ထုတ်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါ အဆောက်အအုံ၏ ၁၀ လွှာတွင် နေထိုင်သူ ကိုမော်စီက "အောက်ထပ်မှာ မီးလောင်နေတယ်ကြားလို့ ဆင်းကြည့်တာ၊ လေ့ကားကနေ မီးခိုးလုံးတွေတက်လာလို့ အိမ်မှာပြန်နေလိုက်တယ်။ ဒီကနေလွတ်ဖို့အတွက် ပြင်ဆင်နေရတယ်။ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်ရအောင် အဆင်သင့်လုပ်ထားတယ်။ ကယ်ဆယ်ရေးတွေရောက်လာတော့ လွတ်တဲ့အပေါက်တွေကနေ ကယ်ထုတ်ကြတယ်။ အသက်ကြီးပိုင်းတွေနဲ့ လမ်းမလျှောက်နိုင်တဲ့သူတွေပါတော့ ခက်ခက်ခဲခဲကယ်ထုတ်ကြရတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "လူသေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာကြီးကြီးမားမားရတာမျိုး မရှိပါဘူး။ အများစုကတော့ မီးခိုးမွန်ပြီး အသက်ရှူမွန်းကျပ်လို့ ရန်ကုန်ဆေးရုံကြီးကို ပို့ရတာပါ။ အချို့ကိုတော့ လူနာတင်ယာဉ်ပေါ်မှာ ပြုစုကုသမှုတွေလုပ်ပေးပါတယ်" ဟု ပြောသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဝါယာရှော့မှတစ်ဆင့် မီးလောင်ခြင်းဖြစ်ကြောင်း ကနဦးသိရှိရသော်လည်း မီးလောင်ရသည့် အကြောင်းရင်းနှင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုးတို့ကို သက်ဆိုင်ရာမှ သီးခြားအဖွဲ့ ဖွဲ့ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အဆိုပါဈေးကို လတ်တလော ပိတ်သိမ်းထားပြီး မီးလောင်မှုဖြစ်ပွားခဲ့သည့် နေရာများအား ကြံ့ခိုင်မှု ရှိ၊ မရှိစစ်ဆေးမှုများနှင့် ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းတွင် ဟိန်းလတ်(၁)ဘီလား မောင်းနှင်သည့် မော်တော်ယာဉ်နှင့် အောင်မြင့်မြတ်(၁)အောင်လေးမောင်းနှင်သည့် မော်တော်ယာဉ်တို့အား ရပ်တန့်လျက်တွေ့ရှိ၍ ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၆၀၊ အိုက်စ် သုည ဒသမ ၀၀၆ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဓားနှစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၈) ရပ်ကွက် သီတာလွင်လမ်းတွင် ဟူချိန်လုံ(၁)အားပေါင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက လွိုင်ဆောင်ထောက်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရှားမြို့နယ် ဟိုဆိုင်ကျေးရွာအုပ်စု ပန်းငကျေးရွာအနီး မိုင်းရှား-မိုင်းစံသွားကားလမ်းတွင် စိုင်းအုံမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ပေါ်ရှိ ဝါးခြင်းအတွင်းမှ ဘိန်းစိမ်း ၈ ဒသမ ၈၁၈၂ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ခင်ဦးမြို့နယ်ရှိ ရထားသံလမ်းပေါ်ဌ ထန်းပင်လုံး နှစ်လုံးနှင့် ကျောက်တုံး တစ်တုံး ချထားသူအား ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ခင်ဦးမြို့နယ် မဒေါင်းလှ ဘူတာနှင့် ခင်ဦးဘူတာကြား ရထားသံလမ်းပေါ်တွင် ထန်းပင်လုံး နှစ်လုံးနှင့် ကျောက်တုံးတစ်တုံးချထားသူအား ရဲတပ်ဖွဲ့က ဖမ်းဆီးရမိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမှ မန္တလေးသို့ မောင်းနှင်လာသည့် မြစ်ကြီးနား-မန္တလေး အမှတ်(၄၂)အစုန် လူစီးရထားသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မဒေါင်းလှဘူတာနှင့် ခင်ဦးဘူတာကြား ရထားသံလမ်းပေါ်ဌ အရှည်လေးပေနှင့် ငါးပေခန့်ရှိ ထန်းပင်လုံးနှစ်လုံးနှင့် မိုင်တိုင်အမှတ်(၄၅၈/၂၄)တွင် သံလမ်းနှစ်ခုကြားဌ ၁၂ လက်မခန့်အမြင့်ရှိ ကျောက်တုံးတစ်တုံးတို့အား ချထားသည်ကို တွေ့ရှိရသဖြင့် စက်ခေါင်းမောင်းက ရထားအား အချိန်မီရပ်တန့်ပြီး ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း၊ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ခင်ဦးဘူတာရုံပိုင်ကြီး ဦးစောသိန်းဝင်းက တိုင်တန်း၍ ခင်ဦးမြို့မရဲစခန်းဌ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း။

အမှုနှင့်ပတ်သက်၍ ရထားရဲတပ်ဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သန်းထွေးမီးရထားသံလမ်းလုပ်သား မြကန်သာရပ်ကွက် ခင်ဦးမြို့နေသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းတွင် အမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း။

ကနဦးစစ်ဆေးချက်အရ ၎င်းမှာ လွန်ခဲ့သော တစ်လခန့်က သံလမ်းလုပ်သားဖော်ဦးနှင့် စကားများခဲ့သဖြင့် မူလနေရာမှ ကန့်ဘလူဘူတာ အခြေပြုလုပ်ငန်းသို့ ပြောင်းရွှေ့တာဝန်ချထားခဲ့ခြင်းနှင့် ၎င်း၏အထက်အရာရှိထံ လစာ ကြိုတင်ငွေထုတ်ပေးရန် တောင်းခံသည်ကို ထုတ်မပေးခဲ့ခြင်းတို့ အပေါ် မကျေမနပ်ဖြစ်ကာ ဌာနတာဝန်ရှိသူများ ဒုက္ခရောက်စေရန် ရည်ရွယ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် အများပြည်သူသွားလာနေသည့် ရထားသံလမ်းပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများကို တမင်ရည်ရွယ်ချက်ဖြင့် ချထားခဲ့ခြင်းကြောင့် ခရီးသွားပြည်သူတို့၏ အသက်အန္တရာယ်ကို ထိခိုက်စေ

နိုင်သည့်အတွက် ထိရောက်သော ပြစ်ဒဏ်ရရှိရေး ထပ်မံအမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄ ဒသမ ၅ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၆၅ သန်း) စုစုပေါင်း တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၁၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် စံလောင်း-ပန်စုံရှောင်ကွင်းလမ်းပန်စုံရွာအနီးတွင် မိုးကာဖြင့် ဖုံးအုပ်ရပ်တန့်ထားသော ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် Ammonium Nitrate ဟု ယူဆရသော (၄၀ ကီလိုဝင်) ဓာတ်မြေဩအိတ် ၃၃၀ နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄ ဒသမ ၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြော်ငြာ

ရောဝတီတိုင်းဒေသကြီးအတွင်း (၇)ဆိုင်မြောက် ဆိုင်ခွဲဖွင့်လှစ်ခဲ့သည့် Max Energy

ထိပ်တန်းစက်သုံးဆီကုမ္ပဏီတစ်ခုဖြစ်သည့် Max Energy သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့က ညောင်တုန်းစက်သုံးဆီအရောင်းဆိုင်သစ်ကို ဖွင့်လှစ်ကာ ရောဝတီတိုင်းဒေသကြီးအတွင်း စက်သုံးဆီဈေးကွက်ကို ချဲ့ထွင်နိုင်ရန် ကြိုးစားလာခဲ့သည်။ ရန်ကုန် – ပုသိမ်အဝေးပြေးလမ်းမကြီးပေါ်ရှိ အဆိုပါ စက်သုံးဆီအရောင်းဆိုင်သစ်သည် ရောဝတီတိုင်းဒေသကြီး၏ အချက်အချာကျသောနေရာတွင် တည်ရှိနေပြီး နေ့ရာသီမတိုင်မီ ဖွင့်လှစ်နိုင်ခဲ့ခြင်းက ဝေ့ဆောင်၊ ချောင်းသာ ကမ်းခြေများသို့ သွားရောက်ကြမည့် ခရီးသွားများအတွက် ဆီဖြည့်တင်းရန် နေရာသစ်တစ်ခု တိုးပွားလာခဲ့ခြင်းဖြစ်သည်။ Max Energy စက်သုံးဆီကုမ္ပဏီအနေဖြင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ ဖြစ်သော ဟသံဝတီ၊ ကျုံပျော်၊ ရေကြည်၊ ပန်းတနော်၊ ငသိုင်းချောင်း၊ ချောင်းသာတို့တွင်လည်း ဆိုင်ခွဲများဖွင့်လှစ်ထားပြီး အောက်တိန်း (၉၂)၊ အောက်တိန်း (၉၅)၊ ဒီဇယ်နှင့် ပရီမီယံ ဒီဇယ်တို့ကို ရောင်းချပေးလျက်ရှိကာ တစ်နိုင်ငံလုံးတွင် ဆိုင်ခွဲပေါင်း (၄၆)အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းလည်း ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ **(စာတည်းအဖွဲ့)**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၈)

ဒီမိုကရေစီရှင်သန်ရေး ရွေးကောက်ပွဲများကျင်းပပေး

မောင်စာဂ

ဒီမိုကရေစီခေတ်တွင် ရွေးကောက်ပွဲများရှိသည်။ ရွေးကောက်ပွဲများရှိနေလျှင် ဒီမိုကရေစီခေတ်ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် ရွေးကောက်ပွဲကိုအခြေခံသည်။ ရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ် ထူထောင် တည်ဆောက်သည်။ ရွေးကောက်ပွဲမရှိလျှင် ဒီမိုကရေစီ ဆိတ်သုဉ်းရသည်။ ဒီမိုကရေစီရှင်သန်ရေးအတွက် ရွေးကောက်ပွဲများ ရှိနေရသည်။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲနှင့်ဒီမိုကရေစီ ခွဲခြားရှုမရ။ ဒွန်တွဲနေသည်။ အနှစ်ချုပ်မျှဝေပါရစေ။

ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်

ယနေ့မြန်မာနိုင်ငံသည် မည်သည့်ခေတ်ကာလသို့ ရောက်ရှိနေသနည်း။ မည်သည့်စနစ်ကို ကျင့်သုံးနေသနည်းဟု မေးမြန်းလာပါလျှင် ဒီမိုကရေစီခေတ်သို့ ရောက်ရှိနေသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည်ဟု ဖြေဆိုရမည်သာ။ ဤသည်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားတောင့်တချက်အရ ဖြစ်သည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ပုဒ်မ ၄၀၅ အရ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်ဖြစ်သည်။ ထို့အပြင် ပုဒ်မ ၄၀၆ အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီပေါင်းစုံ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့သည်။ ဒီမိုကရေစီရောင်ခြည်ဦး ပေါ်ထွက်လာသည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ လိုလားတောင့်တချက်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးတို့သည် ဒီမိုကရေစီ လင်းရောင်ခြည်ဦး အပျောက်မခံလိုကြ။ ဒီမိုကရေစီ ရောင်ခြည်အောက်တွင် မိမိတို့ပြည်ထောင်စုကြီးကို တွေ့မြင်လိုကြသည်။ ဒီမိုကရေစီစနစ်ဖြင့် မိမိတို့ ပြည်ထောင်စုကို ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လိုကြသည်။

နုနယ်နေသေးသောဒီမိုကရေစီပင်ပျို

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့က စတင်ကျင်းပခဲ့သည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲမှစတင်၍ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့ရာ ယနေ့အထိဆိုလျှင် ၁၀ နှစ်နီးပါးခန့် ရှိနေပြီဖြစ်သော်လည်း နုနယ်သေးသည့် ဒီမိုကရေစီဟု ဆိုကြသည်။ အချို့က ဒီမိုကရေစီအပင်ပေါက်စသာရှိသေးသည်ဟုဆိုကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းဖြစ်စဉ်နှင့်ယှဉ်၍ ပြောဆိုနေကြသည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာလာခဲ့ပါပြီ။ ဒီမိုကရေစီခေတ် ဒီမိုကရေစီကာလ ဟူ၍ လွတ်လပ်ရေးစတင်ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်အထိ ၁၃ နှစ်ခန့်ကာလကို သတ်မှတ်ခဲ့ကြသည်။ ယင်းကာလအတွင်း ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးများအဖြစ် ၁၉၅၁ နှင့် ၁၉၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၅၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၀ ပြည့်နှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်ကာလ များအတွင်း ရွေးကောက်ပွဲများမရှိခဲ့ပါ။ ထို့ကြောင့် ထိုကာလကို ဒီမိုကရေစီခေတ်ဟူ၍ မသတ်မှတ်ခဲ့ကြပါ။

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့က တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ကတစ်ကြိမ် နှစ်ကြိမ်သာ ကျင်းပပြီးစီးခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲများအနေဖြင့် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း လစ်လပ်လွှတ်တော်မဲဆန္ဒနယ် စုစုပေါင်း ၄၅ နေရာအတွက် ၂၀၁၂ ခုနှစ်က တစ်ကြိမ်၊ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း လစ်လပ်လွှတ်တော်မဲဆန္ဒနယ် စုစုပေါင်း ၁၉ နေရာအတွက် ၂၀၁၇ ခုနှစ်က တစ်ကြိမ်၊ လစ်လပ်လွှတ်တော်မဲဆန္ဒနယ်စုစုပေါင်း ၁၃ နေရာအတွက် ၂၀၁၈ ခုနှစ်က တစ်ကြိမ် စုစုပေါင်းသုံးကြိမ်သာ ကျင်းပခဲ့သည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် သုံးကြိမ်မြောက် ပါတီစုံအထွေထွေရွေးကောက်ပွဲဖြစ်သည်။

မဲဆန္ဒရှင်များ၏ဆန္ဒမဲပေးမှု

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၂၉ သန်းကျော် ရှိခဲ့သည်။ လာရောက်ဆန္ဒမဲပေးသူဦးရေ ၂၂ သန်းကျော် ရှိသဖြင့် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၃၄ သန်းကျော် ရှိခဲ့သည်။ လာရောက်ဆန္ဒမဲပေးသူဦးရေ ၂၄ သန်းနီးပါးရှိသဖြင့် ဆန္ဒမဲပေးခွင့်ရှိသူစုစုပေါင်း၏ ၆၉ ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ခြောက်သန်းကျော်အနက် လေးသန်းကျော် လာရောက်ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစုစုပေါင်း၏ ၆၈ရာခိုင်နှုန်းခန့် ဆန္ဒမဲပေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နှစ်သန်းကျော်အနက် ခုနစ်သိန်းကျော် လာရောက်ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းခန့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရှစ်သိန်းကျော် အနက် လေးသိန်းခန့် လာရောက်ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းခန့်လည်းကောင်း ဆန္ဒမဲပေးခဲ့ကြသည်။

ဒီမိုကရေစီ ထာဝစဉ်ဖြစ်ထွန်းရေး

တိုင်းရင်းသားပြည်သူအားလုံးတို့သည် မိမိတို့လိုလားတောင့်တလာခဲ့ကြသည့် ဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေစေရေး မိမိတို့တစ်ဦးစီတွင် လည်းကောင်း၊ စုပေါင်း၍ လည်းကောင်း တာဝန်ရှိကြသည်။ ဒီမိုကရေစီ ထာဝစဉ်ဖြစ်ထွန်းနေစေရေး ပိုင်းဝန်းကြီးပမ်းအားထုတ်ကြရမည်။

ဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေစေရေး၊ ဒီမိုကရေစီ ထာဝစဉ်ဖြစ်ထွန်းနေစေရေး၊ ရွေးကောက်ပွဲများကို ဖြတ်သန်းသွားကြရပါမည်။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။ ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြခြင်းဖြင့် ဒီမိုကရေစီ၏ရေသောက်မြစ် သန်မာထွားကျိုင်းစေသည်။ ဒီမိုကရေစီ၏ ပင်စည် ခိုင်မာအားကောင်းစေသည်။ ဒီမိုကရေစီရှင်သန်ရေး ရွေးကောက်ပွဲများကျင်းပပေးရပါမည်။

ရွေးကောက်ပွဲနှင့် ဒီမိုကရေစီရှင်သန်ရေး

"ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီအစစ်မဟုတ်။ ဒီမိုကရေစီအတုအယောင်၊ ဒီမိုကရေစီ အရေခြုံများရှိတတ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟုဆိုတိုင်းလည်း စစ်မှန်သော ဒီမိုကရေစီမဖြစ်တတ်။ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ဖြစ်မှ ဒီမိုကရေစီသည်လည်း စစ်မှန်သော ဒီမိုကရေစီဖြစ်ပါမည်" ဟူ၍ နိုင်ငံရေးသုတေသီ၊ သမိုင်းသုတေသီများ၏ အဆိုအမိန့်များကို မှတ်သားဖူးသည်။

ယနေ့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ဒီမိုကရေစီစနစ်ကို လိုလိုလားလားရှိကြသည်။ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်လိုကြသည်။ ဤတွင် ဒီမိုကရေစီထာဝရရှင်သန်နေစေရေးသည် အဓိကအကျဆုံးအချက်ဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူတိုင်း ဆန္ဒမဲပေးကြခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ နုနယ်နေသေးသော ဒီမိုကရေစီမှ အားကောင်းခိုင်မာသော ဒီမိုကရေစီဖြစ်ထွန်းရေး၊ စစ်မှန်သောဒီမိုကရေစီ ထာဝရရှင်သန်စေရေးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြစေလိုကြောင်းပါ။

- **ရွေးကောက်ပွဲတိုင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တိုင်း ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဆီသို့ ဦးတည်နိုင်ပါစေ၊**
- **စစ်မှန်သောဒီမိုကရေစီ ထာဝစဉ်ရှင်သန်နေပါစေ။**

> **ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။ ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြခြင်းဖြင့် ဒီမိုကရေစီ၏ရေသောက်မြစ် သန်မာထွားကျိုင်းစေ . . .**

လူမှုခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တာဝန်ရှိမှု

၆၂။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) ပါ အခြေအနေများ၌ ပုဂ္ဂိုလ်ရေးအရ တာဝန်များ ရှိစေရမည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီမှ ချေးယူခဲ့သောငွေများ၊ အသုံးပြုခဲ့သော ဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သောကုန်စည်များ သို့မဟုတ် ငှားရမ်းခဲ့သော ပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ ငှားရမ်းထားသည့်ပစ္စည်းများအတွက် ကျခံပေးချေရမည့်ငွေများကို ပြန်လည်ထူထောင်ရေးမန်နေဂျာက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျခံရန် သဘောတူညီခဲ့လျှင် ယင်းကြွေးမြီများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ဂ) အကယ်၍ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပစ္စည်းအား ကုမ္ပဏီမှ ဆက်လက်အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရ ပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့အတွက် အောက်ပါကိစ္စများ၌ ကယ်ဆယ်ခြင်းအဆင့်အတွက်သာ တာဝန်ရှိစေရမည်-

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် ခန့်အပ်ခြင်းမပြုမီ အခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသော ပစ္စည်းတစ်ရပ်ကို ထိသူနှင့်ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရ ကုမ္ပဏီကသုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်း ပြုသည့်ကိစ္စ။

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီသည် ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်း ပြုသည့်ကိစ္စ။

(ဃ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ခုနစ်ရက်အတွင်း ပစ္စည်းနှင့်စပ်လျဉ်းသည့် ၎င်း၏အခွင့်အရေးများကို ကျင့်သုံးတော့မည်မဟုတ်ကြောင်း၊ ပစ္စည်းပိုင်ရှင် သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက်တွင်လည်း ကုမ္ပဏီသည် အမှန်တကယ်ပင် ထိုပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုလျှင် အထက်ပါ ပုဒ်မခွဲ (ဂ) အရ တင်ရှိသောတာဝန်မှ ကင်းလွတ်ခွင့်ရှိစေရမည်။

(င) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုန်စည်ပေးသွင်းသူနှင့် ဤပုဒ်မနှင့်သက်ဆိုင်သော အခြားသူတို့အား ဤပုဒ်မပါ အကျိုးသက်ရောက်မှုများကို အကြောင်းကြားရမည်။

(စ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းကို ခန့်အပ်ထားသည့် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအနက်မှ အောက်ပါတို့ကို ပြန်လည်တောင်းခံပိုင်ခွင့်ရှိသည်-

(၁) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးမန်နေဂျာအပေါ် တာဝန်ဖြစ်ပေါ်စေသည့် ကုမ္ပဏီ၏ ကြွေးမြီများ၊

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏တာဝန်များကို ပေါ့ဆမှုမရှိဘဲ ရိုးဖြောင့်စွာထမ်းဆောင်စဉ် ဖြစ်ပွားခဲ့သော တာဝန်ရှိမှုများနှင့် ကုန်ကျစရိတ်များ၊

(၃) ဤဥပဒေအရ သတ်မှတ်ထားသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အခကြေးငွေ။

(ဆ) ပုဒ်မခွဲ (စ) တွင် ပြဋ္ဌာန်းထားသော ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တောင်းခံပိုင်ခွင့်သည် ကုမ္ပဏီတွင်တင်ရှိနေသော အာမခံအကျိုးခံစားခွင့်မရှိသည့် ကြွေးမြီများထက် ဦးစားပေးရမည့်အပြင် ၎င်း၏ ပြန်လည်တောင်းပိုင်ခွင့်အတွက် ကုမ္ပဏီ၏ ပစ္စည်းများအပေါ်တွင်လည်း အာမခံအကျိုးခံစားခွင့် ရှိစေရမည်။

(ဇ) အောက်ပါဦးစားပေးအစီအစဉ်များ၏ နောက်တွင် ပုဒ်မခွဲ (ဆ) ပါ ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အာမခံအကျိုးခံစားခွင့်ကို ထည့်သွင်းရမည်-

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်စဉ်အချိန်က တည်ရှိနေသော အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ ပုံသေကြွေးမြီတာဝန်၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်က ဥပဒေနှင့်အညီခန့်ထားသည့် ပစ္စည်းထိန်း၏ အကျိုးခံစားခွင့်များ သို့ရာတွင် ထိုပစ္စည်းထိန်းခန့်အပ်ခြင်းမပြုမီ ပြန်လည်ထူထောင်ရေးမန်နေဂျာက ကျခံခဲ့ရသော ပြန်လည်ထူထောင်ရေးဆိုင်ရာ တောင်းခံပိုင်ခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း

၆၃။ (က) ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီသည် အောက်ပါတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ်ပြန်လည်ထူထောင်ရေးမန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များ။

(ခ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုလိုသည်။

(ဂ) ကုမ္ပဏီအရာရှိ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက် မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

ပြန်လည်ထူထောင်ရေးမန်နေဂျာမှ ခွဲဝေပေးခြင်း

၆၄။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် -

(က) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အာမခံပစ္စည်းအား ထုခွဲရောင်းချရရှိသောငွေကို ၎င်းမြီရှင်ထံသို့ ပုဒ်မ ၂၀၅ နှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ခွဲဝေပေးနိုင်သည်၊

(ခ) ပုဒ်မ ၁၉၆ ပါ ဦးစားပေးအစဉ်အတိုင်း ခွဲဝေပေးနိုင်သည်။

ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်

၆၅။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီ ကိစ္စများနှင့်ဆက်နွယ်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံသို့ အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်စပ်လျဉ်း၍ နည်းဥပဒေများတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွယ်သည့်ပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့်အချက်များ။

(ဂ) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ထုတ်ဖော်ကြေညာချက်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာထံသို့ တင်ပြရန် တာဝန်ရှိသူသည် စာဖြင့်ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိသည့်နေ့မှ ၇ ရက်အတွင်း ထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) မည်သူမဆို ဤပုဒ်မပါ တာဝန်များကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

မြီရှင်များကော်မတီ ဖွဲ့စည်းခြင်း

၆၆။ (က) မြီရှင်များသည် သင့်သည်ထင်မြင်လျှင် မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် တိုင်ပင်ရန်အတွက် မြီရှင်များကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့်ဆက်စပ်၍ဖြစ်စေ နည်းဥပဒေများတွင် မြီရှင်များကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီအစည်းအဝေးကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်း၊ မဲပေးခြင်းတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ သတ်မှတ်နိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ်လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်းသတ်မှတ်နိုင်သည်။

မြီရှင်များက စာအုပ်စာတမ်းများကိုကြည့်ရှုစစ်ဆေးခြင်း

၆၇။ (က) ကယ်ဆယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ-

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

တရားရုံးသို့လျှောက်ထားခြင်း

၆၈။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစုရှယ်ယာဝင်တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကယ်ဆယ်ခြင်းအဆင့်မှပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် မိမိက တရားမျှတပြီး အကျိုးဖြစ်စေမည်ဟုယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်ခံနိုင်သည့် အပြင် အခြားသင့်သည်ထင်မြင်သည့်အမိန့် ချမှတ်နိုင်သည်။

မြီရှင်များအစည်းအဝေး

၆၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လျှင် မြီရှင်များ အစည်းအဝေးကို ခေါ်ယူကျင်းပရမည် -

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေကို မြီရှင်များသို့ အစီရင်ခံတင်ပြရန်အတွက် ၎င်းအားခန့်အပ်ပြီး ရက်ပေါင်း ၃၀ အတွင်း အစည်းအဝေးခေါ်ယူရန်နှင့် ယင်းအစီအစဉ်အား ရေးဆွဲအတည်ပြုရန် ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်ခြင်း၊

(၂) ပုဒ်မခွဲ (က) ပါ အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မဲခွဲအတည်ပြုနိုင်ခဲ့ခြင်းမရှိပါက ပုဒ်မ ၇၁ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်ခြင်း၊

(၃) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းအထက် မြီရှင်များက တောင်းဆိုခြင်း သို့မဟုတ် စုစုပေါင်းကြွေးမြီ၏ တစ်ဆယ်ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သည့် မြီရှင်များက တောင်းဆိုခြင်း။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟု ထင်မြင်လျှင် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကို နည်းဥပဒေများနှင့်အညီ ကျင်းပရမည်။

ပြန်လည်ထူထောင်ရေးမန်နေဂျာအား ပြောင်းလဲခန့်အပ်ခြင်း

၇၀။ (က) ပုဒ်မ ၁၈၁ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာ လစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များအစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာကို အစားထိုးခန့်ထားခဲ့ခြင်းဖြစ်လျှင် ၎င်းအား ခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ သဘောတူညီချက်ရရှိရန်လိုသည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ခန့်အပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

ပြန်လည်ထူထောင်ရေး အဆိုပြုအစီအစဉ်ကို တင်သွင်းရန်အချိန်

၇၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအားခန့်အပ်ပြီးသည့်နေ့မှ ၃ လအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲအတည်ပြုရန် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) ပြန်လည်ထူထောင်ရေး အဆိုပြုအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန်အတွက် ပုဒ်မ ၆၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် တင်ပြနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၀

ဂေဟာစနစ်ကို တန်ဖိုးထားပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တောတောင်ရေမြေစသည့် သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများသည် အနာဂတ်အတွက် ပိုမိုကောင်းမွန်မည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ နေရာဒေသကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ဒေသထွက်ကုန်ကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ကိုးကွယ်မှုဘာသာရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာကို အခြေခံသည့်ခရီးသွားလုပ်ငန်းများ စသည်တို့ကို ပိုမိုပေါ်လွင်ထင်ရှားစေရန် အလေးထားဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ပသိဆည်ဝန်းကျင်ရှိရှမ်းရွာ၊ ကယားရွာ စသည်တို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာကြည့်ရှုနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းတွင် ထည့်သွင်းထားရန် ပြောကြားသည်။

ထို့နောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးဟောက်ကျင်မုန်က ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဟိုတယ် ၈၂ လုံး၊ အခန်းပေါင်း ၂၀၉၇ ခန်းရှိပြီး ပြည်တွင်းဧည့်သည် ၂၂၂၀၉၁ ဦးနှင့် ပြည်ပဧည့်သည် ၉၃၉၃၀ တို့ တည်းခိုစရိတ် ဝင်ငွေစုစုပေါင်း ၂၃၅၈ ဒသမ ၀၄ သိန်း ရရှိခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ကြည့်ရှု

ဟသံတ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့နယ် မြို့ကွင်းကျေးရွာအုပ်စုတွင် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက ကွင်းအမှတ် (၁၂၉၁/၁၂၈၈)တွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြသည်။

တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်မွန်က လက်ရှိဖော်ထုတ်ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုလယ်ယာ စနစ်ကျလယ်ယာ မြေဖော်ထုတ်လုပ်ကိုင်ခြင်းကြောင့် တောင်သူများရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့် တောင်သူများဘက်ကလည်း ဆက်လက်ဆောင်ရွက်လုပ်ကိုင်ရမည့် စိုက်ပျိုးမှုစနစ်များနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် အချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်း-ကိုဇော်(ဟသံတ)၊ ဓာတ်ပုံ-ကျော်ကျော်(ပြန်/ဆက်)

မြန်မာ-ထိုင်း နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးညှိနှိုင်းဖလှယ်ပွဲ ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၂၀

မြန်မာ-ထိုင်း နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးညှိနှိုင်းဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ အဏ္ဏဝါရပ်ကွက်ရှိ ပုလဲသန္တာဟိုတယ်ခန်းမ၌ ကျင်းပသည်။

ထိုင်းနိုင်ငံ ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့တာဝန်ခံအရာရှိ Miss Ratanawimon Naree Sukreekhet က မြိတ်ဒေသအတွင်း၌ စီးပွားရေးရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ရာ မြိတ်ခရိုင်စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖြိုးဇာနည် ဝင်းက စိုက်ပျိုးရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများနှင့် သတ္တုတူးဖော်ရေး စသည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံစီးပွားရေးရင်းနှီးမြှုပ်နှံမှုအဖွဲ့ဝင်များက အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မေးမြန်းဆွေးနွေးခဲ့ရာ မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးထွန်းထွန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်ခရိုင်စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖြိုးဇာနည်ဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးထွန်းထွန်းနှင့် အသင်းဝင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြသည်။ ထိုင်းနိုင်ငံ ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့တာဝန်ခံအရာရှိ Miss Ratanawimon Naree Sukreekhet ဦးဆောင်သည့် အဆင့်မြင့်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဝင် ၁၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်လလျှင် ဒေါ်လာသန်း ၅၀၀ ခန့် ဝင်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ယခုဘဏ္ဍာနှစ်လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်လလျှင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

ထိုပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုထက် လုပ်ငန်းအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း ပိုများကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ လေးလအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုထက် ပျမ်းမျှအားဖြင့် အရေအတွက်နဲ့ ပမာဏပိုများတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်းက အမေရိကန်ဒေါ်လာ အသားတင် ၁ ဒသမ ၉ ဘီလီယံကျော်ရှိပြီး ဖြစ်တဲ့အတွက် တစ်လ ပျမ်းမျှ သုည ဒသမ ၅ ဘီလီယံ နှုန်း (သန်း ၅၀၀ လောက်) ဝင်ရောက်တယ်လို့ သုံးသပ်ရပါတယ်" ဟု ဦးသန့်စင်လွင်က ပြောသည်။

ထို့ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (MIPP) ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရည်မှန်းထားသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ပြည့်မီနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု ကဏ္ဍအလိုက် ကြည့်မည်ဆိုပါက လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံဖြင့် အများဆုံးဖြစ်ပြီး အိမ်ရာအဆောက်အဦကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၆၀၁ ဒသမ ၉ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၄ သန်းဖြင့် တတိယအများဆုံး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ငြိမ်းငြိမ်း

(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားများ စည်ကားသိုက်မြိုက်စွာကျင်းပ

မင်းတပ်

(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက မင်းတပ်မြို့ မြို့မဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့နောက် သဘာပတိ ဦးထန်းလိန်းက အဖွင့်မိန့်ခွန်းပြောကြားကာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံမှပေးပို့သော (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို မင်းတပ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးကဖတ်ကြားပြီး အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးရှိန်းဟာက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းရင်းသားမျိုးနွယ်စုများအလိုက် အလှည့်ကျဖျော်ဖြေပြီး တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များနှင့်အတူ ချင်းရိုးရာအကများဖြင့် ပျော်ပျော်ပါးပါး စုပေါင်းကကြသည်။

ထို့နောက် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ချင်းအမျိုးသားနေ့ ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ဦးရှိန်းမောင်း(ခရိုင်ပြန်/ဆက်)

ရိုခေါဒါရိ

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက်က ရိုခေါဒါရိမြို့ အမှတ်(၂)ရပ်ကွက် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့နောက် သဘာပတိကြီး ဦးချန့်လျန်နာက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံမှပေးပို့သော (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ဖတ်ကြားသည်။

အခမ်းအနားတွင် အထက၊ အထက(ခွဲ)၊ အမှတ်(၁) ရပ်ကွက်လူငယ်များနှင့် အမှတ်(၂) ရပ်ကွက်လူငယ်တို့က ရိုးရာယဉ်ကျေးမှုအက ၁၀ မျိုးဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း၊ ချင်းအမျိုးသားနေ့အထိမ်းအမှတ် အားကစားရုစ်မျိုးမှ ဆုရရှိသူများနှင့် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့ကုန်တင်ကုန်ချအလုပ်သမားအသင်းများ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးလက်နေပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပက်ကာ (ပြန်ဆက်)

သတင်းစုံကဏ္ဍ

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖြစ်မြောက်ရေး လှုဒါန်း

မန္တလေး

အောင်မြေသာစံမြို့နယ် နန်းရှေ့ (၁၉) လမ်းပေါ်ရှိ ကြိုင်သင်းလက်ဖက်ရည်ဆိုင်၌ ဆိုင်ပိုင်ရှင်မိသားစုမှ (၃၂)နှစ်မြောက် ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း စကျင်ရုပ်တုဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက ပေးအပ်လှူဒါန်းရာ ဗိုလ်ချုပ်ရုပ်တုဖြစ်မြောက်ရေးကော်မတီဝင် ဦးသိန်းတန်က လက်ခံရယူသည်။ ဗိုလ်ချုပ်ရုပ်တုထားရှိရန်နေရာအကွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြတောင်းခံထားကြောင်း သိရသည်။

ဆက်လက်၍ အလှူရှင်မိသားစုက ကျွဲဆည်ကန် မိုးကုတ်ရိပ်သာ မြောက်ကျောင်းသို့ ငါးသိန်း၊ တောင်ကျောင်းသို့ ငါးသိန်း၊ မုံလယ်တောရ ရိပ်သာသို့ ရှစ်သိန်းနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ၅၆ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။ ဆိုင်သို့လာရောက်စားသုံးသူများကိုလည်း ထမနဲ၊ ချင်းသုပ်၊ လက်ဖက်ရည် တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

မောင်ရစ်

ရေကြည်၌ ကျန်းမာရေးအသိပညာပေးဟောပြော

ရေကြည်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းသုံးကျောင်းတွင် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

ရေကြည်မြို့နယ် ကျေးလက်ကျန်းမာရေး ငါးတဲစုဌာနခွဲ ကျန်းမာရေးကြီးကြပ်(၂) ဦးဇော်နိုင်ဝင်းက COVID-19 ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများနှင့်ကာကွယ်နိုင်မည့် နည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ဆန်းတင့် (ရေကြည်)

COVID-19 ရောဂါအကြောင်း ကွင်းဆင်းပညာပေး

ပုဂံ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုဂံဒေသန္တရကျန်းမာရေးဌာနက ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀နာရီမှ စတင်ကာ COVID-19 ရောဂါအကြောင်း ပညာပေးဟောပြောရန် ပုဂ္ဂလိကဘော်ဒါကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုဂံမြို့ ပန်းပျိုးလက်ဘော်ဒါရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါလက္ခဏာများအကြောင်း၊ ရှောင်ရန်၊ဆောင်ရန်တို့ကို ပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

ကိုထိန်(ငါ့သရောက်)

ပွင့်ဖြူ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အိုးပြင်မဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာနေပြည်သူများ စုပေါင်းထည့်ဝင် လှုဒါန်းငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ဆန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အိုးပြင်မဲကျေးရွာတွင် ဖေဖော်ဝါရီ ၁၂ ရက်က လူနေအိမ်အလုံး ၇၀ ခန့် မီးကူးစက်လောင်ကျွမ်းခဲ့ကာ အိမ်ထောင်စု ၇၆ စု၊ မီးဘေးသင့်အိမ်ထောင်စု လူဦးရေ အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ၁၃၈ ဦး စုစုပေါင်း ၂၆၉ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ညောင်လေးပင်၌ စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

ညောင်လေးပင်

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက ညောင်လေးပင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူငယ်ရေးရာကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးမှူးဒေါ်နန်းစန်းရီကအမှာစကားပြောကြားကာ အာဇာနည်လမ်းထိပ်တွင် ခင်းကျင်းရောင်းချနေသည့် စာအုပ်အရောင်းဆိုင်များ၌ စာအုပ်များ လေ့လာဖတ်ရှုဝယ်ယူအားပေးကြသည်။

အဆိုပါစာအုပ်ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်(ညောင်လေးပင်)

ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် မှတ်ပုံတင်ခများကို ယာဉ်တစ်စီးချင်းနှုန်းထားအပေါ်သာ အခြေခံသည့်စနစ်ဖြင့် ပြောင်းလဲကောက်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနအနေဖြင့် ပြည်တွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် မှတ်ပုံတင်ခများကို ယာဉ်တစ်စီးချင်း နှုန်းထားအပေါ် အခြေခံသည့် ငွေကောက်ခံမှုစနစ်ဖြင့် မတ် ၃ ရက်တွင် စတင်ပြောင်းလဲကောက်ခံသွားမည် ဖြစ်ကြောင်း လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးမင်းက ပြောသည်။

တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ရုံးချုပ်၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲ (၄/၂၀၂၀)တွင် ဦးစိုးမင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"အခုလိုမျိုးပြောင်းလဲကောက်ခံတယ်ဆိုတာက အခြေခံနှုန်းထားကို ပြင်ဆင်တာမဟုတ်ဘဲ ကောက်ခံမှုစနစ်ကိုသာ ပြောင်းလဲခြင်းဖြစ်ပါတယ်။ အခုပြောင်းလဲကောက်ခံမယ့် စနစ်က ယာဉ်တစ်စီးချင်းကိုအခြေခံပြီး တန်ချိန်အလိုက်ပဲတွက်ချက်ကောက်ခံတာဖြစ်တဲ့အတွက်ကြောင့် ပိုမိုရိုးရှင်းလွယ်ကူတဲ့ စနစ်ဖြစ်ပါတယ်"ဟု လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမင်းက ပြောသည်။

လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရရှိသောယာဉ်များအား ၂၀၁၆ ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေနှင့် ၂၀၁၈ ခုနှစ် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ အရ ပြည်တွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးရာတွင် မှတ်ပုံတင်ခများကို ယာဉ်တစ်စီးချင်းနှင့် ယာဉ်အရေအတွက် အုပ်စုလိုက်အပေါ် အခြေခံ၍ ကောက်ခံလျက်ရှိရာမှ (၂၉-၁၀-၂၀၁၉)ရက်တွင်ထုတ်ပြန်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေအရ ယာဉ်တစ်စီးချင်း နှုန်းထားအပေါ် သာအခြေခံသည့် ငွေကောက်ခံမှုစနစ်ဖြင့် မတ် ၃ ရက်တွင် စတင်ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုထက်

လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသပေး

လွိုင်ကော် ဖေဖော်ဝါရီ ၂၀

ကယားပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာလူနာများအား လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီမှစ၍ အခမဲ့ စတင်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"စစ်ဆေးထားတဲ့ လူနာပေါင်း ၁၅၀ လောက်ရှိပြီးတော့ အဲဒီထဲကမှ ၇၅ ယောက်လောက်ကို ခွဲစိတ်ဖို့ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ဒီနေ့ ခွဲစိတ်ကုသမှုက ဒုတိယနေ့ပါ။ ဖေဖော်ဝါရီ ၁၈ ရက်မှာ ခွဲစိတ်ကုသပေးခဲ့တဲ့ လူနာတွေက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လေးဦး၊ မီးလောင်ဒဏ်ရာလူနာ သုံးဦး၊ အဆီအကျိတ်ကြီးလူနာ နှစ်ဦးဖြစ်ပြီး ယနေ့တွင် ၁၂ ဦး ခွဲစိတ်ကုသသွားမှာဖြစ်ပါတယ်" ဟု German Interplast အဖွဲ့မှ ခေါင်းဆောင် Dr.Herbert Bauer က ပြောသည်။

နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လူနာများအား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၉ ရက်အထိ ကုသပေးမည် ဖြစ်ကြောင်း သိရသည်။

ကိုစိုင်း(လွိုင်ကော်)

လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆန်းစစ်ဆွေးနွေး

ညောင်လေးပင် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၉ ခုနှစ် တစ်နှစ်တာလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများမှ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား Group အလိုက် အသီးသီးရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြကာ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းဆောင်မှုကောင်းမွန်သောကျန်းမာရေးဌာနသုံးခုအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

နေလင်း(ညောင်လေးပင်)

နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုကြုံတွေ့ပါက အကူအညီတောင်းခံနိုင်

သထုံ ဖေဖော်ဝါရီ ၂၀

မွန်ပြည်နယ် သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့ရှိ ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိသူများထံသို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာများအတွင်းရှိ ရေအရင်းအမြစ်များမှ နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မည့် အခြေအနေ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းမိပါက ကြိုတင်အကြောင်းကြားနိုင်ကြောင်း၊ နွေရာသီကာလသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သည့် အတွက် ခရိုင်အတွင်း မည်သည့် ကျေးရွာ၌မဆို သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဖော်ပြထားသော ဖုန်းနံပါတ်များအတိုင်း အချိန်မရွေး ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမိုးဝင်း (ဒုတိယညွှန်ကြားရေးမှူး)က ပြောသည်။

ကြေးမုံ

ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဖုန်းနံပါတ်များ

စဉ်	အမည်	ရာထူး	ဒေသ	လက်ကိုင်ဖုန်း	ရုံးဖုန်း
၁	ဦးမိုးဝင်း	ဒုတိယညွှန်ကြားရေးမှူး	သထုံခရိုင်ကျေးလက်	၀၉-၇၉၈၂၃၃၃၀	၀၅၇-၄၁၁၈၉ ၀၅၇-၄၀၃၅၁
၂	ဒေါ်နော်စကားဝါဦး	အယေဘန်းအင်ဂျင်နီယာ-၂	သထုံခရိုင်ကျေးလက်	၀၉-၄၂၅၃၆၇၃၇၉	
၃	ဦးမြင့်နိုင်ဦး	လ/ထညွှန်ကြားရေးမှူး	သထုံမြို့နယ်ကျေးလက်	၀၉-၉၇၇၁၂၀၁၇၄	၀၅၇-၄၁၁၉၀
၄	ဒေါ်ဇာခြည်ထွေး	ဦးစီးအရာရှိ	သထုံမြို့နယ်ကျေးလက်	၀၉-၉၆၇၄၈၀၀၄	
၅	ဦးခင်စိုး	လ/ထညွှန်ကြားရေးမှူး	ကျိုက်ထိုမြို့နယ်ကျေးလက်	၀၉-၇၈၈၂၈၄၇၃၄	၀၅၇- ၂၀၆၀၄၉၇
၆	ဒေါ်ရွှေရည်ဖူး	အယေဘန်းအင်ဂျင်နီယာ-၂	ကျိုက်ထိုမြို့နယ်ကျေးလက်	၀၉-၇၉၀၇၀၅၅၅၉၃	
၇	ဦးမင်းထောစံ	ဦးစီးအရာရှိ(နည်းပညာ)	ဘီးလင်းမြို့နယ်ကျေးလက်	၀၉-၉၇၂၃၁၁၂၇	၀၅၇-၆၄၄၈၀
၈	ဒေါ်မိုဝတ်ရည်မွန်	အယေဘန်းအင်ဂျင်နီယာ-၂	ဘီးလင်းမြို့နယ်ကျေးလက်	၀၉-၇၉၀၂၃၃၉၉၂	
၉	ဦးကျော်ကျော်လတ်	ဦးစီးအရာရှိ	ပေါင်မြို့နယ်ကျေးလက်	၀၉-၇၉၃၉၉၉၁၁၁	၀၅၇-၄၇၄၆၆
၁၀	ဦးသိုက်ထွန်းအောင်	အယေဘန်းအင်ဂျင်နီယာ-၂	ပေါင်မြို့နယ်ကျေးလက်	၀၉-၂၅၉၆၀၇၄၀၁	

မန္တလေး-မြစ်ကြီးနား အဲကွန်းလေအိတ်အထူးရထား မကြာမီပြေးဆွဲမည်

ကသာ ဖေဖော်ဝါရီ ၂၀

မန္တလေး-မြစ်ကြီးနား အမှတ် ၃၁ အဆန်နှင့် ၃၂ အစုန် အဲကွန်းလေအိတ်အထူးရထားအား မတ်လဆန်းတွင် စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းတွင် ခုနစ်ဘူတာရပ်နားမည်ဖြစ်ပြီး ရွှေဘို၊ ကန့်ဘလူ၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ ဟိုပင်နှင့် မိုးကောင်းဘူတာများဖြစ်ကြောင်း သိရသည်။

အဆိုပါရထားလက်မှတ်များကို မန္တလေးမှ ရွှေဘို ရိုးရိုးတန်း ကျပ်၂၀၀၀၊ အထက်တန်း ကျပ် ၄၀၀၀၊ ကန့်ဘလူ ရိုးရိုးတန်းကျပ် ၃၅၀၀၊ အထက်တန်း ကျပ် ၆၅၀၀၊ ကောလင်းရိုးရိုးတန်း ကျပ် ၅၀၀၀၊ အထက်တန်း ကျပ် ၉၅၀၀၊ နဘား ရိုးရိုးတန်းကျပ် ၆၅၀၀၊ အထက်တန်း ကျပ် ၁၂၅၀၀၊ မိုးညှင်းရိုးရိုးတန်း ကျပ် ၇၅၀၀၊ အထက်တန်း ကျပ် ၁၅၀၀၀၊ ဟိုပင်ရိုးရိုးတန်း ကျပ် ၈၀၀၀၊ အထက်တန်း ကျပ် ၁၆၀၀၀၊ မိုးကောင်း ရိုးရိုးတန်း ကျပ် ၉၀၀၀၊ အထက်တန်း ကျပ် ၁၈၀၀၀၊ မြစ်ကြီးနား ရိုးရိုးတန်း ကျပ် ၁၀၀၀၀၊ အထက်တန်း ကျပ်၂၀၀၀၀ နှုန်းလျှာထားကြောင်း သိရသည်။

မန္တလေးမှ အဆန်ရထားထွက်ချိန်မှာ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး မြစ်ကြီးနားသို့ နံနက် ၇ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ မြစ်ကြီးနားမှ အစုန်ကို မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး မန္တလေးမြို့သို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ကျင်းပ

မြန်အောင် ဖေဖော်ဝါရီ ၂၀

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ဧယျာသာရီဘုရားကွင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပရာ ဖေဖော်ဝါရီ ၁၉ ရက်ညနေ ၅ နာရီတွင် ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျုံမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ တိုင်းဒေသကြီးလွတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးသော်ဇင်ဝင်း၊ မော်လမြိုင်ကျွန်းမြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးဝေယံထွန်း၊ ဟသံ်တခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချိုချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီတွင် အခမ်းအနားဒုတိယနေ့ကို ဆက်လက်ကျင်းပရာ သဘာပတိကြီးက မဂ်လာမောင်း သုံးကြိမ်ထု၍ အခမ်းအနားစတင်ဖွင့်လှစ်ပြီးနောက် သဘာပတိ ဆလိုင်းညွှန့်တင်နှင့် ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သော သဝဏ်လွှာကို ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျုံမိုးမြတ်မြတ်သူက ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အရှိချင်းလူငယ် အစည်းအရုံး (AYA) ဗဟိုမှ ပေးပို့သော သဝဏ်လွှာကို ဆလိုင်းအောင်ကိုကိုဦးက ဖတ်ကြား၍ တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးသော်ဇင်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ၊ ချင်းရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုအကြောင်းတို့ကို ချင်းတိုင်းရင်းသား ဆလိုင်းကြည်သာက ရှင်းလင်းတင်ပြ၍ မြန်မာနိုင်ငံတော် စုစည်းတည်ရှိမှုအပေါ် ချင်းတိုင်းရင်းသားတို့၏ သဘောထားအမြင်ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အရှိချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုတိုင်းဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး သဘာပတိကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ဆက်ပိုင်ဦး(မြန်အောင်)**

ကလေးငယ်များ ပျော်ရွှင်စွာဆော့ကစားနိုင်သည့် ချင်းတွင်းရေပန်းဥယျာဉ်ဖွင့်

မုံရွာ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြေ၀တီရပ်ကွက်တွင် ပြည်သူများအပန်းဖြေနိုင်ရန်နှင့် လူကြီး၊ ကလေးများ ပျော်ရွှင်စွာဆော့ကစားနိုင်သည့် အခပေးရေပန်းဥယျာဉ်တစ်ခုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်သည်။

ချင်းတွင်းရေပန်းဥယျာဉ်ကို လူကြီး၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝင်ရောက်ခွင့်ပြုထားပြီး အပန်းဖြေရန်နေရာများ၊ စားသောက်ဆိုင်များ၊ ကလေးများဆော့ကစားရန် ရေလွှာလျှောစီးရန် နေရာ၊ လူကြီးဆော့ကစားရန် ရေလှိုင်းအတုနေရာတစ်ခုနှင့် ရေကူးကန်တစ်ခုတို့ကိုစီစဉ်ပေးထားကြောင်းနှင့် ရေပန်းဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

သန်လျင်-သီလဝါ အဆင့်မြင့် တိုးချဲ့လေးလမ်းသွားကားလမ်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်-သီလဝါ အဆင့်မြင့် တိုးချဲ့လေးလမ်းသွားကားလမ်းအား JICA က တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ရာနှုန်းပြည့်နီးပါးပြီးစီးပြီဖြစ်၍ မကြာမီအဆင့်မြင့် တိုးချဲ့လမ်းမကြီးအား ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်တိုးချဲ့ လေးလမ်းသွားကားလမ်းသည် JICA ချေးငွေဖြင့် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက် ရန်ကုန်-သန်လျင်အမှတ်(၁) တံတားထိပ်မှ သီလဝါစက်မှုဇုန်ရေကြောင်း တက္ကသိုလ်လမ်းဆုံအထိ အရှည် ၈ ဒသမ ၇ ကီလိုမီတာရှိပြီး မြို့တွင်းအကျယ် ၂၄ မီတာနှင့် မြို့ပြင်အကျယ် ၂၆ မီတာရှိကာ ကတ္တရာကွန်ကရစ်လမ်းဖြစ်ပြီး Main Contractor Tekken Corporation နှင့် Consultant Nippon Koei တို့၏ ကြီးကြပ်မှုဖြင့် Max Myanmar Construction က တာဝန်ယူဖောက်လုပ်ခဲ့သော အဆင့်မြင့် အဝေးပြေးလေးလမ်းသွားလမ်းမကြီးဖြစ်သည်။ **သက်ခိုင် (သန်လျင်)**

ဗန်းမောက်မြို့နယ် နန့်ပုံ-ရွှေနစ်-တာကျဲ ကျေးရွာချင်းဆက် သံပေါင်ဘေလီတံတားနှစ်စင်း တည်ဆောက်ပြီးစီး

ဗန်းမောက် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နန့်ပုံကျေးရွာ၊ ရွှေနစ်ကျေးရွာနှင့်တာကျဲကျေးရွာ ချင်းဆက် တာကျဲချောင်းကူးသံပေါင်ဘေလီတံတား (ရွှေတံတား၊ ငွေတံတား) နှစ်စင်းမှာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်းသိရသည်။

အမှတ်(၁)သံပေါင် ဘေလီငွေတံတားမှာ တံတားအရှည် ပေ ၈၀၊ အကျယ် ၁၂ ပေ၊ ရေလယ်ကင်းလွတ် ၁၁ ပေ၊ ကမ်းကပ်ခုံ နှစ်ခုံ၊ ရေလယ်တိုင် တစ်တိုင်ရှိပြီး အမှတ်(၂) သံပေါင်ဘေလီရွှေတံတားမှာ တံတားအရှည် ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ ရေလယ်ကင်းလွတ်အမြင့် ၁၁ ပေ၊ ကမ်းကပ်ခုံ နှစ်ခုံ၊ ရေလယ်တိုင် နှစ်တိုင်တို့ဖြင့် တည်ဆောက်ထားသည်။

အဆိုပါတံတားနှစ်စင်း တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသခံများနှင့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

တိုက်စစ်မှူးမက်ဆီအား အယ်လ်အေဂလက်ဆီသို့ ပြောင်းရွှေ့လာရန် ဖုန်းဖြင့်ဆွေးနွေး

ဘာစီလိုနာအသင်းရဲ့ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီကို မေဂျာလီဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းက အမေရိကန်ဆီ ပြောင်းရွှေ့လာဖို့ အတွက် ဖုန်းဆက်ပြီး ဆွေးနွေးခဲ့တယ်လို့ သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာအသင်းရဲ့ အားကစားဒါရိုက်တာ အဲရစ်အဘီဒယ်နဲ့ စကားစစ်ထိုးမှုပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ ငယ်ဘဝကတည်းက ကစားခဲ့တဲ့ လက်ရှိကလပ် ဘာစီလိုနာအသင်းကနေ ထွက်ခွာမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် အယ်လ်အေဂလက်ဆီအသင်းက မက်ဆီရဲ့ ကိုယ်စားလှယ်နဲ့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့ပြီး မက်ဆီကို မေဂျာလီဂ်ဆီ ခေါ်ယူဖို့ ကမ်းလှမ်းသွားမယ်လို့ဆိုပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ ၂၀၀၄ ခုနှစ်ကတည်းက ဘာစီလိုနာအသင်းနဲ့အတူ စတင်ကစားခဲ့ပြီး လက်ရှိအချိန်အထိ ၄၇၁ ပွဲ ပါဝင်ကစားပေးထားကာ စုစုပေါင်းသွင်းဂိုး ၄၃၃ ဂိုးအထိ သွင်းယူပေးထားတာလည်း ဖြစ်ပါတယ်။

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကလည်း ဘာစီလိုနာအသင်းက မက်ဆီကို အသင်းကနေ ထွက်ခွာခွင့်ပြုမယ်ဆိုပါက ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်သွားမယ်လို့ဆိုပါတယ်။ ဘာစီလိုနာအသင်းဟာ အခုလက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ တစ်မှတ်အကွာ စပိန်လာလီဂါအမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။



ပေါ့ဘာက မန်ယူအသင်းကနေ ထွက်ခွာဖို့ မျှော်လင့်

ကွင်းလယ်ကစားသမားပေါ့ဘာဟာ နွေရာသီဈေးကွက်အတွင်းမှာ မန်ယူအသင်းကနေ ထွက်ခွာဖို့ မျှော်လင့်လျက်ရှိပြီး မန်ယူအသင်းကတော့ ဈေးနှုန်းနည်းနည်းနဲ့ ရောင်းချမှာမဟုတ်ဘူးလို့လည်း ဆိုပါတယ်။

လက်ရှိမှာ ကွင်းလယ်ကစားသမား ပေါ့ဘာအား စပိန်လာလီဂါထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနဲ့ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

အဲဒါကြောင့် မန်ယူအသင်းအနေနဲ့ ပေါ့ဘာရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၅၀ အထိ လိုချင်ကြောင်း ပြောကြားလာတာဖြစ်ပါတယ်။ ပေါ့ဘာဟာ မန်ယူအသင်းနဲ့အတူ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း ၁၈ လကျန်ရှိနေပြီး ၂၀၁၆ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ ဒသမ ၃ သန်းနဲ့ ဂျူဗင်တပ်အသင်းကနေ ပြောင်းရွှေ့လာတာလည်းဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ကွင်းလယ်ကစားသမားပေါ့ဘာကို ၂၀၂၂ ခုနှစ်အထိ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေမယ့် အခွင့်အရေးတစ်ရပ်လည်း ရရှိထားတာဖြစ်ပါတယ်။

ငွေကြေယ် – ရေးသားသည်

❖ **အောင်လအန်ဆန်မှ**

အဆိုပါ ပွဲစဉ်အား One Championship မှ စီစဉ်ကျင်းပမည့် One Infinity ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ လာမည့် ဧပြီ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်းခါးပတ်အား ဗစ်ဒက်ရ်ဆီက ရယူထားခြင်းဖြစ်ပြီး ယခုအခါမှာ ဗစ်ဒက်ရ်က ပြန်လည်စိန်ခေါ်ကာ ၎င်းပိုင်ဆိုင်ခဲ့ဖူးသော မစ်ဒယ်ဝိတ်တန်းခါးပတ် ပြန်လည်ရရှိရေး ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

အောင်လအန်ဆန်အနေဖြင့် ဗစ်ဒက်ရ်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ စိန်ခေါ်ထိုးသတ်ရာ အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ခါးပတ်ကို ရယူနိုင်ခြင်းမရှိကြောင်း၊ ယင်းနှစ် ဇွန်လတွင် ဗစ်ဒက်ရ်အား အောင်လအန်ဆန်က မြန်မာနိုင်ငံတွင် ထပ်မံစိန်ခေါ်ထိုးသတ်ရာ အမှတ်ဖြင့် အနိုင်ရရှိကာ ဗစ်ဒက်ရ်ထံမှ ခါးပတ်ကို ရယူနိုင်ခဲ့ပြီး ယနေ့အချိန်ထိ ထိန်းသိမ်းကာကွယ်ထားနိုင်ကြောင်း သိရသည်။

ဇာနည်မောင်

☆ **အမျိုးသားမှ**

ရဲထက်အောင် (ပြည်ထဲရေး)က ၂၀၁၉ ခုနှစ်က ၎င်းတင်ထားသည့် ၅၁ ဒသမ ၄၄ မီတာကို ၅၅ ဒသမ ၀၅ မီတာဖြင့်လည်းကောင်း၊ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပဝဦး (ပြည်ထဲရေး)က ၂၀၁၇ ခုနှစ်က အမ်စိုးဇာတင်ထားသည့် ၄၃ ဒသမ ၉၆ မီတာကို ၄၅ ဒသမ ၃၅ မီတာဖြင့်လည်းကောင်း။

အမျိုးသမီးမီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် နှင်းယုစိုး (ကာကွယ်ရေး)က ၂၀၁၉ ခုနှစ်က အေးအေးမြို့ တင်ထားသည့် ၁၁ မိနစ် ၁၇ ဒသမ ၈၉ စက္ကန့်ကို ၁၁ မိနစ် ၁၂ ဒသမ ၂၄ စက္ကန့်ဖြင့်လည်းကောင်း စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသမီးပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းက ရွှေ ၁၂ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၁ခု ၁၈၅ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ရွှေရှစ်ခု၊ ငွေ ကိုးခု၊ ကြေး ခြောက်ခု ၁၅၄ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးအသင်းက ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခု ၅၄ မှတ်ဖြင့် တတိယ၊ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်းက ရွှေ ၁၃ ခု၊ ငွေကိုးခု၊ ကြေးလေးခု ၁၆၇ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ရွှေ၀ါးခု၊ ငွေသုံးခု၊ ကြေးရှစ်ခု ၁၁၆ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေး၀ါးခု ၈၇ မှတ်ဖြင့် တတိယ၊ အမျိုးသား+အမျိုးသမီး ပြိုင်ပွဲနှစ်ခုပေါင်းတွင် ကာကွယ်ရေးအသင်းက စုစုပေါင်း ရမှတ် ၂၇၉ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက စုစုပေါင်းရမှတ် ၂၇၅ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်းက စုစုပေါင်း ရမှတ် ၁၈၆ မှတ်ဖြင့် တတိယတို့ ရရှိခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်းသည် အမျိုးသားတံခွန်စိုက်ဆုကို ကိုးကြိမ်ဆက်တိုက် ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလား ဆုရရှိသည့် ကာကွယ်ရေး၀န်ကြီးဌာနအသင်း၊ အမျိုးသား+အမျိုးသမီး ပြိုင်ပွဲနှစ်ခုပေါင်းတွင် တံခွန်စိုက်ဆုဖလားရရှိသည့် ကာကွယ်ရေး၀န်ကြီးဌာနအသင်းတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ပြည်ထဲရေး၀န်ကြီးဌာန ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် တာ၀န်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ထို့ပြင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာ၀နဲ့ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **သတင်း – ရွှီးထက်ဇော်၊ ဓာတ်ပုံ – စိုးညွန့်**

အနုပညာ

Parasite အဖွဲ့သားများကို အိမ်ပြာတော်သို့ မွန်ဂျေအင်း ဖိတ်ကြား

တောင်ကိုရီးယားရုပ်ရှင် Parasite ရဲ့ အဖွဲ့သားတွေကို သမ္မတ မွန်ဂျေအင်းက လတ်တလောမှာ အိမ်ပြာတော်ကို ဖိတ်ကြားကာ နေ့လယ်စာစားပွဲနဲ့ ဧည့်ခံခဲ့တယ်လို့ အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၀ ရက်မှာ မွန်ဂျေအင်းက Parasite မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အနုပညာရှင်တွေ၊ ရိုက်ကူးရေးအဖွဲ့တွေနဲ့ ထုတ်လုပ်ဖြန့်ချိရေးပိုင်းမှာ ပါဝင်ခဲ့သူတွေအားလုံးကို အိမ်ပြာတော်မှာ နေ့လယ်စာနဲ့ ဧည့်ခံခဲ့တာပါ။ အဖွဲ့ဝင်တွေနဲ့လည်း သမ္မတက ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

Parasite ဟာ ယခုနှစ်ရဲ့ (၉၂)နှစ်မြောက် အော်စကာဆုပေးပွဲမှာ ထူးချွန်ဆု လေးဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ဟာ အကောင်းဆုံးရုပ်ရှင်ဆုအပါအဝင် အော်စကာဆုလေးဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး အော်စကာဆုကို ဆွတ်ခူးနိုင်တဲ့ ပထမဆုံးသော တောင်ကိုရီးယားရုပ်ရှင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒုံအပြင် ရွှေကမ္ဘာလုံးဆုနဲ့ အခြားသော နိုင်ငံတကာထူးချွန်ဆုတွေကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရပါတယ်။

TikTok ပေါ်မှာ တေးဗီဒီယိုသစ် အစမ်းထုတ်လွှင့်မယ့် BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လာမယ့် ဖေဖော်ဝါရီ ၂၁ ရက်မှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားပြီး အဆိုပါတေးဗီဒီယိုသစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုတစ်ခုကို TikTok ပေါ်မှာ တေးအယ်လ်ဘမ်သစ် မထုတ်လွှင့်မီ အစမ်းထုတ်လွှင့်ပေးမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS ရဲ့ တေးအယ်လ်ဘမ်သစ် Map of The Soul: 7 ကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းမှာ စတင်ထုတ်လွှင့်မှာပါ။ အဆိုပါ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ ON ရဲ့ တေးဗီဒီယိုကို ဗီဒီယိုပလက်ဖောင်းတစ်ခုဖြစ်တဲ့ TikTok ပေါ်မှာ လာမယ့် ဖေဖော်ဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီမှာ စမ်းသပ်ထုတ်လွှင့်ပေးသွားမှာပါ။ ဒီ အစမ်းတေးဗီဒီယိုဟာ စက္ကန့် ၃၀ သာ ကြာမြင့်တဲ့ ဗီဒီယိုတစ်ခုဖြစ်ကြောင်းလည်း သိရပါတယ်။

ခြိမ်းခြောက်ကာ ငွေတောင်းခံခဲ့ရတဲ့ ဟယ်ရီစတိုင်

ဗြိတိန်ပေါ်ပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ မကြာသေးမီက အမျိုးသားတစ်ဦးက ဓားထောက်ကာ ငွေခြိမ်းခြောက်တောင်းခံခြင်းကို ခံခဲ့ရကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၄ ရက်က လန်ဒန်မှာ ဟယ်ရီစတိုင်အနားကို အမျိုးသားတစ်ဦး ကပ်လာကာ ဓားထောက်ပြီး ငွေပေးဖို့ ခြိမ်းခြောက်ခဲ့ကြောင်း သိရပါတယ်။ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဟယ်ရီစတိုင်က အဆိုပါ အမျိုးသားကို ငွေအချို့ပေးခဲ့ပြီး ပေါ့ပ်ကြယ်ပွင့်ကတော့ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိဘူးလို့လည်း ဆိုပါတယ်။ ဒုံအပြင် ဟယ်ရီစတိုင်ဟာ ခြိမ်းခြောက်သူကို ငွေပေးကာ ပြဿနာဖြေရှင်းခဲ့ပေမယ့် ဒီအဖြစ်အပျက်ကြောင့် တုန်လှုပ်နေမိကြောင်းလည်း သိရပါတယ်။

နယူးယောက်ရဲတွေက အမျိုးသားတစ်ဦးကို ဓားထောက်ကာ ငွေတောင်းခံမှုဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့ပေမယ့် ခြိမ်းခြောက်ခံရသူမှာ ဟယ်ရီစတိုင်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်း မရှိဘူးလို့ သိရပါတယ်။ ရဲတွေက နယူးယောက်မှာ ဖေဖော်ဝါရီ ၁၄ ရက်က အသက် ၂၀ ဝန်းကျင် အမျိုးသားတစ်ဦးက အခြား အသက် ၂၀ ကျော် အမျိုးသားတစ်ဦးကို ဓားထောက်ခြိမ်းခြောက်ကာ ငွေတောင်းခံခဲ့ကြောင်း မီဒီယာတွေကို အတည်ပြုပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့် – ရေးသားသည်

သတင်းစုံကဏ္ဍ

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

လှိုင်းဘွဲ

ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေးဆောင်ရွက်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲက လှိုင်းဘွဲမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး ဟောပြော

ညောင်ဦး

ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေးလုပ်ငန်းများဟောပြောပွဲကို ဖေဖော်ဝါရီ၁၈ရက် နံနက်ပိုင်းက ကျေးရွာများသို့ကွင်းဆင်းပညာပေးဟောပြောခဲ့ကြသည်။

အထက်ညဉ့်ကျေးရွာ၊ တက်မကျေးရွာ၊ ရွာသစ်တောင်ကျေးရွာ ၊ ငါ့မင်းမေးကျေးရွာ၊ ကုလားတဲကျေးရွာ၊ (ဇီးအို)ကျေးရွာ၊ ပျူစောထီးရပ်ကွက်၊ ဇီးဇမြင်ကျေးရွာတို့သို့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါအကြောင်းနှင့် ဆောင်ရန်ရှောင်ရန်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**

ဆေးဆိုင်များအား စစ်ဆေးအသိပညာပေး

ဖောင်းပြင်

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြို့နယ်တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀နာရီက FDA မှထုတ်ပြန်ထားသော တားမြစ်ဆေးဝါးများ၊ ဆေးဝါးများနှင့်ပတ်သက်၍ ဖောင်းပြင်မြို့နယ်ရှိ ဆေးဆိုင်များသို့ စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဆေးဝါးအတုများ၊ စံမညီဆေးများ၊ သက်တမ်းလွန်ဆေးများ၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ဆေးများနှင့် စပ်ဆေးများရောင်းချခြင်းရှိ–မရှိကို စစ်ဆေးခဲ့ပြီး ဆေးဝါးများတစ်ခုချင်းစီအလိုက် ထားသိုသိမ်းဆည်းမှုနည်းစနစ်များကို ဆေးအရောင်းဆိုင်များအနေဖြင့်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ကိုထွန်း(ဖောင်းပြင်)

ခရိုင်ကျေးလက်ရုံးတွင် English 4 Skills သင်တန်းဖွင့်

မြောင်းမြ

မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် English 4 Skills သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက မြောင်းမြခရိုင် ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်ကျေးလက်ဦးစီးမှူး ဦးသင်းဦးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဒေါ်ဦးမွာဝင်း (Treasure House Education Center) က သင်ကြားမည့် ဘာသာရပ်နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း**

စားသုံးသူရေးရာဦးစီးဌာနရုံးဆောက်လုပ်ရန် ပန္နက်တင်

ဂန့်ဂေါ

စားသုံးသူရေးရာဦးစီးဌာန ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးဆောက်လုပ်ရန် ပန္နက်တင်မဂ်လာကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် အဆိုပါရုံးဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

အဆိုပါရုံးကို ဌာနခွင့်ပြုငွေ ကျပ် ၉၂ ဒသမ ၄ သန်းဖြင့် (၅၀–၃၅–၂၄) ပေ RCC နှစ်ထပ် အဆောက်အအုံကို သြဂုတ် ၃၁ ရက်အတွင်း ဆောက်လုပ်သွားမည်ဟု သိရသည်။ **စိန်ကျော်**

မြန်မာအလုပ်သမားများအား ပြန်လည်လွှဲပြောင်းပေးအပ်

တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ–ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတား၌ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၃ နာရီတွင် မြန်မာအလုပ်သမားအမျိုးသားလေးဦးနှင့် အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၀ ဦးတို့အား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးအပ်သည်။

အဆိုပါမြန်မာအလုပ်သမားများအား မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံပြီး ကျန်းမာရေးဌာနမှဝန်ထမ်းများက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် စစ်ဆေးမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယာဆေး (ပြန်/ဆက်)

COVID-19 စောင့်ကြပ်ကြည့်ရှုရေး၊ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ အသိပေး

မကွေး ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီးတွင် COVID– 19 ရောဂါ စောင့်ကြပ်ကြည့်ရှုရေး၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ အသိပေးနှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နံနက်၉ နာရီက တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် Coronavirus Disease 2019 (COVID–19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြီးကြပ်မှုကော်မတီကို ဇန်နဝါရီလတွင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီကိုလည်း သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းကာ ထိရောက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကျန်းမာရေးဌာန၊ ဌာနခွဲများမှ ဝန်ထမ်းများက ကျန်းမာရေးအသိပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သံသယလူနာတွေ့ရှိပါက တုံ့ပြန်ဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်းများနှင့် အညီ သတ်မှတ်ဆေးရုံသို့ လွှဲပြောင်းပေးပို့နိုင်ရေး၊ သီးသန့်လူနာခန်းတွင် ရောဂါစစ်ဆေးအတည်ပြုခြင်းနှင့် ကုသရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးတွင် ခုတင် ၂၀၀ ဆေးရုံလေးရုံ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID–19) အပါအဝင် ကူးစက်ရောဂါအားလုံး၏ အန္တရာယ်များ ကင်းဝေးနိုင်စေရေးအတွက် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ခြင်း၊ အာဟာရမျှတသည့် အစားအသောက်များ စားသုံးခြင်း စသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အမူအကျင့်များကို ပြည်သူအားလုံး လိုက်နာကျင့်သုံးနိုင်စေရန် အားလုံးပိုင်းဝန်းကြိုးပမ်းရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Coronavirus Disease 2019 (COVID–19)ရောဂါပိုးနှင့် ပတ်သက်၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအကြောင်းကို အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်လှိုင်တိုးက ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ကျန်းမာရေးဌာန တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

အပြည်ပြည်ဆိုင်ရာ သရုပ်ပြတရားခွင်ပြိုင်ပွဲ မန္တလေးတက္ကသိုလ် အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံရှိ အနယ်နယ်အရပ်ရပ်မှ ဥပဒေကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သရုပ်ပြတရားခွင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမေရိကန်စင်တာ၌ ကျင်းပသည်။

ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သရုပ်ပြတရားခွင်ပြိုင်ပွဲသို့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ် စုစုပေါင်းတက္ကသိုလ် ခုနစ်ခုမှ ဥပဒေ ကျောင်းသား ကျောင်းသူ ခုနစ်ဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ မန္တလေးတက္ကသိုလ်မှ ဥပဒေကျောင်းသားအဖွဲ့က အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်သည့်ပုံစံအတိုင်း နှစ်ဖက်သရုပ်ပြ ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်ရမည့်အကြောင်းအရာကို နိုင်ငံတကာ ဥပဒေကျောင်းသား ကျောင်းသူများအသင်းက ထုတ်ပေးထားကြောင်း၊ ပြိုင်ပွဲတွင် အနိုင်ရရှိသည့် အဖွဲ့သည် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် မတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သရုပ်ပြတရားခွင်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ALSA Myanmar မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ မရွှေရည်သန်းထိုက်ဝင်းက ပြောသည်။

သရုပ်ပြတရားခွင်ပြိုင်ပွဲသည် မြန်မာနိုင်ငံရှိ အနယ်နယ်အရပ်ရပ်မှ ဥပဒေကျောင်းသား ကျောင်းသူများကို နိုင်ငံတကာတရားရုံး၊အနုညာတခုံရုံးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ သရုပ်ပြတရားခွင်နှင့် ပိုရ်ရင်းနှီးလာစေရန် ရှေ့နေပညာရပ်များ၊ အပြောစွမ်းရည်၊ အရေးစွမ်းရည်၊ သုတေသနစွမ်းရည် အစရှိသည့်စွမ်းရည်များ တိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ သရုပ်ပြတရားခွင်ပြိုင်ပွဲကို ၂၀၁၉ ခုနှစ်က ပထမအကြိမ်ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်တက္ကသိုလ်က အနိုင်ရရှိကာ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့သို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ သရုပ်ပြတရားခွင်ပြိုင်ပွဲသည် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ၁၉၆၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့သည့် ကမ္ဘာ့အကြီးဆုံး ပြိုင်ပွဲတစ်ခုဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ နိုင်ငံအများအပြားမှ ဥပဒေကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲကို နိုင်ငံတကာ ဥပဒေကျောင်းသား ကျောင်းသူများအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**

ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေ အသိပညာပေး

ကန့်ဘလူ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွှေဘိုခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကန့်ဘလူခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးပြည့်ဖြိုးအောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်ဝင်းဇြိမ်း(ကန့်ဘလူ)

ကလေးပန်းချီပြပွဲ မန္တလေးတောင်ခြေ ပန်းချီပြခန်းတွင် ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၂၀

ကလေးပန်းချီပြပွဲ (Generations Artwork Art Exhibition)ကို မန္တလေးတောင်ခြေ ပန်းချီပြခန်း (Mandalay Hill Art Gallery)တွင် ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြပွဲကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာမ ဒေါ်ရီရီထွန်း၏ တပည့် ၂၁ ဦးက ပန်းချီကား ၁၀၀ ကျော်ကို ပြသမည်ဟု သိရသည်။ ပြသမည့် ပန်းချီအမျိုးအစားများမှာ ရေဆေး၊ ခဲ၊ အခရိုင်းလစ် အမျိုးအစားများ ဖြစ်သည်ဟု ပန်းချီမိုးဦး၏ ပြောကြားသည်။

အဆိုပါပန်းချီပြပွဲသို့ စိတ်ပါဝင်စားသူတိုင်း မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ဆေးဝါးမိတ်ဆက်ပွဲနှင့် နည်းပညာဆွေးနွေးပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၀

မွေးမြူရေးဆိုင်ရာ ဆေးဝါးမိတ်ဆက်ပွဲနှင့် နည်းပညာဆွေးနွေးပွဲကို မန္တလေးမြို့ သိပ္ပံလမ်းပေါ်ရှိ Perfect Hotel တွင် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က အဖွင့်အမှာစကားပြောကြားပြီး ဗီယက်နမ်နိုင်ငံ BAYER ကုမ္ပဏီမှ Marketing Manger Mr. Ngoc က မွေးမြူရေးဆိုင်ရာ ဆေးဝါးများအား မိတ်ဆက်ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံမှ မွေးမြူရေးဆိုင်ရာ နည်းပညာရှင် Dr. Huynh က Prevention & Treatment of swine and poultry common diseases မွေးမြူရေးဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

သန်းဇော်မင်း (ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်

ယင်းမာပင် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၉နာရီခွဲခန့်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲကို ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအား အရင်းအမြစ်ဝန်ကြီးဦးမိုးကျော်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးယဉ်ထွေးက နိုင်ငံသားတစ်ဦးလိုက်နာရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၇၉၄ ကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၈၆၀၁ ခုကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

လမ်းဖောက်ရာတွင်ပါသွားခဲ့သော လယ်ယာမြေများအတွက် လျော်ကြေးပေးအပ်

ကနီ ဖေဖော်ဝါရီ ၂၀

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်း(မုံရွာ-ယာကြီး-ကလေးဝလမ်း) အဆင့်မြှင့်လမ်းဖောက်လုပ်ရာတွင် ပါများခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ တောင်သူ ၁၆၃ ဦးအား လျော်ကြေးငွေကျပ် ၅၇ သန်းကျော်ကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

"နဂိုလမ်းက ပေ ၁၅၀ ပါ။ အခုချဲ့တာက အိန္ဒိယနိုင်ငံရဲ့အကူအညီနဲ့ ပေ ၂၃၀ မဟာဗျူဟာလမ်းကြီးပါ။ လမ်းပေါ်မှာပါသွားတဲ့ မြေယာအပြင် သစ်ပင်တွေကိုလည်း တစ်ပင်စီရဲ့ လျော်ကြေးတွေလည်း ပါပါတယ်" ဟု ကနီမြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောကြားသည်။

ကနီမြို့နယ်အတွင်းရှိတောင်သူ ၁၆၃ ဦးအား လျော်ကြေးငွေပေးအပ်ရာတွင် လယ်တစ်ဧကလျှင် ငွေကျပ်သိန်း ၄၀၀ ဖြင့်လည်းကောင်း၊ ယာတစ်ဧကလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့်လည်းကောင်း စုစုပေါင်း ငွေကျပ် ၅၇ သန်းကျော် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်း (မုံရွာ-ယာကြီး-ကလေးဝလမ်း) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အိန္ဒိယနိုင်ငံအစိုးရထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၁၈၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၂၀

ကရင်ပြည်နယ် ဘားအံမြို့တွင် တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိသောတောရိုင်းတိရစ္ဆာန်များအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက Hotel ThanLwin Paradise ၌ ကျင်းပသည်။

တောရိုင်းတိရစ္ဆာန်များအား တရားမဝင်အမဲလိုက်သတ်ဖြတ်မှုများ၊ ရောင်းချမှုများ၊ မွေးမြူစုဆောင်းသူများနှင့် တရားမဝင်ကူးသန်းရောင်းဝယ်သူများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် ကရင်ပြည်နယ်အတွင်းရှိ ဘားအံခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုများနှင့် စပ်လျဉ်း၍ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို သစ်တောဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ်တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

သတင်းစုံကဏ္ဍ

မှုခင်းဖြစ်ဟွားမှုလျော့နည်းစေရေး အသိပညာပေး

ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်နီးကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းသည် သဃ်နီးကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်ခမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ ရက် ည ၉ နာရီက မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုးမိုးကျော်**

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့တွင် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီခွဲက မှုခင်းပြခန်းယာဉ်ဖြင့် တွံတေးမြို့မရဲစခန်းမှူး ရဲအုပ် ဇင်ဗိုလ်ပိုင်နှင့် တာဝန်ရှိသူများက မှုခင်းအသိပညာပေး ဟောပြောခဲ့သည်။

ကြေးမုံ

မေမြို့ပန်းများစျေးကောင်း၍ တောင်သူများအဆင်ပြေ

မိတ္ထီလာ

မိတ္ထီလာမြို့နယ် ရွာသာအေးကျေးရွာ၌ မေမြို့ပန်းများစျေးကောင်း၍ မေမြို့ပန်းစိုက်ပျိုးသည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ခုနစ်ရောင်ခြယ်၊ ရိုးစိမ်း၊ ချင်းမိုင်စသည့် ပန်းပင်များကိုစိုက်ပျိုးရောင်းချလျက် ရှိပြီး ပန်းပွင့်ခုနစ်ပွင့်ပါတစ်စည်းလျှင် ယခင်နှစ်က ငွေကျပ် ၁၀၀ နှုန်းသာ ရောင်းချရသော်လည်း ယခုနှစ်တွင် ငွေကျပ် ၂၀၀ မှ ၂၅၀အထိ ရောင်းချရသောကြောင့် မေမြို့ပန်းစျေးနှုန်းများကောင်း၍ မေမြို့ပန်းစိုက်တောင်သူများမှာ စိုက်ပျိုးစရိတ်များအပြင် အမြတ်များရရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

ဆောင်းကြက်သွန် အထွက်နှုန်းကောင်းပြီး စျေးကောင်းရ

ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာနှင့် ညောင်ပင်ဝိုင်းကျေးရွာတို့တွင် ကြက်သွန်စိုက်ခင်းများ စတင်သိမ်းဆည်းနေကြပြီဖြစ်ရာ ယခုနှစ်တွင် စိုက်ပျိုးသည့် ကြက်သွန်စိုက်ခင်းများမှာ ယခင်နှစ်ကထက် အထွက်နှုန်းကောင်းမွန်သည့်အပြင် ပေါ်ဦးပေါ်ဖျားစျေးကောင်းရရှိသဖြင့် ကြက်သွန်စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေကတစ်ဧကကိုကြက်သွန်ပိသာချိန် ၇၀၀၀လောက်ပဲထွက်တယ်။ တစ်ပိသာငွေကျပ် ၅၀၀ မှ ၆၀၀ လောက်ပဲ ရောင်းရတယ်။ ဒီနှစ်တစ်ဧကကြက်သွန်ပိသာချိန် တစ်သောင်းကျော်လောက် ထွက်ရှိပါတယ်။ ကြက်သွန်အထွက်နှုန်းကောင်းသလို စျေးနှုန်းကလည်း ပေါ်ဦးပေါ်ဖျားတစ်ပိသာငွေကျပ် ၁၃၀၀ ရောင်းရပါတယ်" ဟု မဲဇလီကျေးရွာမှ ဆောင်းကြက်သွန်စိုက်ပျိုးသူ ဦးသက်နိုင်ထွန်းက ပြောကြားသည်။

ရဲဝင်းနိုင် (ညောင်ဦး)

စားသုံးမှိုထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်း

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး စားသုံးမှို စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းသည့်အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံအနီး စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောရီက အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင် ၂၅ ဦး ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြင်ဦးလွင်မြို့ တရုတ်နှစ်ခြင်းကျမ်းစာကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟုန်းနိန်တို့က အမှာစကားပြောကြားကြာ ဒုရဲမှူး(ငြိမ်း) ဦးထန်လျန်းမန်က ချင်းအမျိုးသားနေ့သမိုင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကာ တက်ရောက်လာသော ဧည့်သည်တော်များနှင့် ပြင်ဦးလွင်မြို့မှ ချင်းတိုင်းရင်းသားမိသားစုများအား ညနေစာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

မြတ်ဆုမွန်

ကေသီမက်ပြေးမှတ်-၀၀၉၃
ရွှေစံ 09-420420761, 09-420420762, 09-420420763

- မြစ်ကြီးနား၊ မြစ်ဆုံ၊ မန်းဟောက်၊ ဇလုံတောင်၊ အင်းတော်ကြီး၊ မိုးကုတ်၊ ရွှေဘို 110000
- ပုလဲအိမ်ထောင်ရှင်၊ မဲဆောက်လေလာရေး၊ ဘားအံဂူဘုရားများ၊ ကျောက်လာပ် 150000
- မြတ်မော်တင်စွန်းဘုရားပွဲတော်၊ ငွေသောင်ယံကမ်းခြေ၊ ငွေဆောင်ကမ်းခြေ 45000
- မြတ်မော်တင်စွန်းဘုရားပွဲတော်၊ ငွေသောင်ယံ၊ ဟိုင်းကြီးကျွန်း၊ ချောင်းသာကမ်းခြေ 75000
- မန်းလျှောက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက် 40000 ဆက်၍–ပြည်ဘုရားနဲ့ 45000
- မန်းလျှောက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ အလောင်းတော်ကဿပ(ရိုယိတ်ဆောင်ရိတ်ဗျာဆောင်) 65000
- မန်းလျှောက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူး ပခုက္ကူ 65000
- ထားဝယ်(ရွှင်ကိုးရွင်)၊ မောင်းမကန်၊ မျှော်ရစ်၊ မြိတ်–ပထပ်လျှောင်းတော်မှ 150000

(၄၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

၂၀–၂–၂၀၂၀ ရက်တွင် ကျရောက်ခဲ့သော ချစ်ဖေဖေ **ဗိုလ်မှူးကြီးချန်မောင်(ငြိမ်း)၊ ဒုဝန်ကြီး(ငြိမ်း)–ချစ်မေမေ Dr.ဒေါ်အေးကြည်ညွှန့်** တို့၏ **(၄၁) နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်**မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ စိတ်ချမ်းသာပြီး မိသားစုနှင့်အတူ အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

သားကြီး – Dr.ထွန်းလင်းမောင်–ဒေါ်စုလေးညို
မြေး – မသဲစုစန္ဒီထွန်း
သားငယ် – ကိုစိုးဦးမြတ်–မအိအိမွန်

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)

၁။ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် (၄)ထပ် အားကစားနားနေဆောင်၊ (ခ)အဆင့်အားကစားရုံ(၂)ရုံ၊ ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်အားကစားကွင်း/အားကစားရုံ/အဆောက်အဦးများ ပြုပြင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်း (၅)ခုအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် အချိန်	– ၂၅–၂–၂၀၂၀ရက် – နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီ
၃။	တင်ဒါပိတ်မည့်ရက် အချိန်	– ၂၅–၃–၂၀၂၀ရက် ညနေ ၁၆:၃၀နာရီ

၄။ တင်ဒါခေါ်ယူသည့်လုပ်ငန်းများနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ အား အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

အမှတ်–၃၆၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်
ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန
ရုံးဖုန်း–၀၁–၅၅၅၁၀၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အင်ယင်တန်းအင်ဂျင်နီယာ–၂ လစ်လပ်ရာထူး(၅)နေရာအတွက် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့် ရရှိသူများအတွက် စာမေးပွဲအချိန်စာရင်းနှင့် စာစစ်ဌာန အသိပေးကြေညာချက်

၁။ အင်ယင်တန်းအင်ဂျင်နီယာ–၂ လစ်လပ်ရာထူး (၅) နေရာအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုရမည့် နေ့ရက်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၅) ရက်တွင် ရုံးအမှတ် (၅)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း (၂၄–၁–၂၀၂၀) ရက်ထုတ် ကြေးမုံသတင်းစာ၌ ကြေညာခဲ့သော်လည်း လျှောက်ထားသည့်ဦးရေ များပြားသည့်အတွက် စာမေးပွဲ ဖြေဆိုမည့်နေ့ရက်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၁) ရက် (စနေနေ့)သို့ ပြောင်းလဲကျင်းပ မည်ဖြစ်ပြီး၊ စာစစ်ဌာနအား အထက (၅)၊ နေပြည်တော် (မြို့မစျေးအနီး)တွင် ကျင်းပ သွားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၉–၃–၂၀၂၀) ရက်နှင့် (၂၀–၃–၂၀၂၀) ရက်များတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ ရုံးအမှတ်(၅)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Facebook Page ဖြစ်သော https://www.facebook.com/dmh moezalanaypyitaw နှင့် ဌာန Website ဖြစ်သော https://www.moezala.gov.mm/dmh–news%20 တို့တွင် (၂၄–၂–၂၀၂၀) ရက် (တနင်္လာနေ့)မှစ၍ ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မွေးသက္ကရာဇ်အမှန်

အင်းတော်မြို့နယ်၊ အထက(ခွဲ) ဂျုံးဂျုံးကျ အဌမတန်းမှ (အဖ) ဦးမျိုးမင်း နိုင်၏သား မောင်အောင်ထွန်းတင်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀–၁၀–၂၀၀၄ ဖြစ်ပါကြောင်း။

မောင်အောင်ထွန်းတင်

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦး၀င်းဇော်ဦး[ဂ/ရကန(နိုင်)၀၃၇၈၅၆]၏သမီး အထက ကျောင်းရွာ၊ နာ၀မတန်းမှ မမိုးပွင့်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃–၅–၂၀၀၄ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဒိုက်ဦးမြို့နယ်၊ ပန်းခိုင်ကျေးရွာနေ (ဘ) ဦးကျော်ဇင်[ဂ/ဒဥနန(နိုင်)၁၇၈၇၁၈] ၏ သမီး မချစ်ဝေမှန်အား မသွန်းဟေသာ ဟုပြောင်းလဲခေါ်ဆိုပါရန်။

မသွန်းဟေသာ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သင်ယီန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၇/ခ၊ မြေကွက်အမှတ်–၁၄/ဃ၊ မြေကွက်တည်နေရာအမှတ်–၃၁/အေ၊ ဦးဘစ်လမ်း၊ ဧ၀နရပ်ကွက်၊ သင်ယီန်းကျွန်းမြို့နယ်၊ ဦးကျော်ရိုန်[AE–၁၆၁၅၂၆]၊ အမည်ပေါက် ဘီ–မြေပိုင်မြေ(အိမ်ယာမြေ)မြေအား ဦးဇော်မြင့်[၁၂/သဃက(နိုင်)၁၀၂၇၇၇]၊ ဒေါ်ခင်လှ၀င်း[၁၂/သဃက(နိုင်)၁၀၃၁၀၆]၊ ဒေါ်ခင်မမ[၁၂/သဃက(နိုင်)၁၀၃၁၀၅]၊ ဒေါ်မာလာကြည်[၁၂/သဃက(နိုင်)၁၀၃၁၄၇]တို့က (ဖခင်) ဦးကျော်ရိုန်(ခ) ဦးကျော်စိန်နှင့် (မိခင်) ဒေါ်မြအေးတို့တွင် ဦးဇော်မြင့်၊ ဦးမျိုးမြင့်၊ ဒေါ်ခင်လှ၀င်း၊ ဒေါ်ခင်မမတို့ သားသမီး(၄)ဦးထွန်းကားခဲ့ပြီး (ဖခင်) ဦးကျော်ရိုန်(ခ) ဦးကျော်စိန်သည် ၈–၈–၂၀၀၂ ရက်တွင်လည်းကောင်း၊ (မိခင်) ဒေါ်မြအေးသည် ၃–၂–၁၉၈၇ ရက်တွင်လည်းကောင်း၊ ညီ/အစ်ကိုဖြစ်သူ ဦးမျိုးမြင့်သည် ၁၄–၇–၂၀၀၈ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ကွယ်လွန်သူ ဦးမျိုးမြင့်တွင် တစ်ဦးတည်သော တရားဝင်ဇနီး ဒေါ်မာလာကြည်သာ ကျန်ရှိခဲ့ကြောင်း၊ ကွယ်လွန်သူ ဖခင်၊ မိခင်နှင့် ညီ/အစ်ကိုဖြစ်သူတို့ ကွယ်လွန်ပြီးနောက် သား/သမီး/ချွေးမဖြစ်သည့် ၎င်းတို့က အထက်ဖော်ပြပါမြေကွက်အား အမွေဆက်ခံခြင်းဥပဒေအရ ပိုင်ဆိုင်ခဲ့ကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ သား/သမီး/ချွေးမတော်စပ်ကြောင်း မင်္ဂလာတောင်ညွှန့်မြို့နယ် တရားရုံးကျမ်းကျိန်အမှတ်စဉ်–၃/၆စ၉(၁၂–၃–၂၀၁၈)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဦးကျော်ရိုန် အမည်ပေါက် အရောင်းအ၀ယ်စာချုပ်–စဝ၄/၁၉၈၄(၂၈–၉–၁၉၈၄)မှရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာ၀နံခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန လက်ကိုင်ဖုန်းဟန်းဆက် (Handset) ဘူးများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရေးအတွက် အသိပေးကြေညာခြင်း

၁။ ၁–၇–၂၀၁၉ ရက်နေ့မှစ၍ လက်ကိုင်ဖုန်းဟန်းဆက်(Handset)ဘူးခွံများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်း လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ကာလအထိဆိုပါက (၆) လကျော်အချိန်ကြာခဲ့ပြီး နိုင်ငံတော်အတွက် ရာသင့်ရထိုက်သော အခွန်ငွေများလည်း တိုးမြင့်ကောက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

၂။ အခွန်အမှတ်တံဆိပ်များထုတ်ယူရာ၌ လုပ်ငန်းရှင်များအနေဖြင့် လွယ်ကူအဆင်ပြေစေရန်အတွက် ပထမအကြိမ်ထုတ်ယူရာတွင် မည်သည့်အထောက်အထားကိုမျှ တင်ပြစေခြင်းမရှိဘဲ ထုတ်ပေးခဲ့ပြီး၊ ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့်အခါတိုင်းတွင် တင်သွင်းသူ (Importer) များထံမှ တင်သွင်းသည့်လိုင်စင် (Import License)နှင့် သွင်းကုန်ကြေညာလွှာ (ID Form) တို့အား တောင်းခံစိစစ်ပြီးမှသာ လိုအပ်သည့် အခွန်အမှတ်တံဆိပ်များ ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေငြာအသိပေးထားပြီးဖြစ်သော်လည်း မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်း (MMIA) မှ ၃၁–၁၂–၂၀၁၉ ရက်နေ့အထိ စောင့်ဆိုင်းပေးပါရန် တင်ပြအကူအညီတောင်းခံလာခဲ့ပါသည်။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်း (MMIA)၏ တင်ပြချက်နှင့် စျေးကွက်အတွင်းရှိ လက်ကိုင်ဖုန်းဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချနေသည့် လုပ်ငန်းရှင်များအပေါ်တွင် အခက်အခဲများမဖြစ်ပေါ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧနန၀ါရီလကုန်အထိ အချိန်တိုးမြင့်သတ်မှတ်ပြီး လုပ်ငန်းရှင်များလိုအပ်သည့် အခွန်အမှတ်တံဆိပ်များအား လွယ်ကူစွာထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၄။ ယခုအခါတွင် လက်ကိုင်ဖုန်းဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းများတင်သွင်းသည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည့်အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့် အခါများတွင် တင်သွင်းခွင့်လိုင်စင် (Import License)နှင့် သွင်းကုန်ကြေညာလွှာ (ID Form)များ ပြည့်စုံစွာတင်ပြနိုင်မှသာ လိုအပ်သည့်အခွန်အမှတ်တံဆိပ်များအား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ ထို့အပြင် လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကပ်နှိပ်သည့်အမှတ်တံဆိပ်များအပေါ်ရှိ QR Code အမှတ်အသားများအား QR Scannerဖြင့် ဖတ်ရှုပါက ဟန်းဆက်အမှတ်တံဆိပ်၊ ဆက်စပ်ပစ္စည်းနှင့် ဝန်ဆောင်မှုအမှတ်တံဆိပ်များအား ကွဲပြားစွာဖော်ပြနေမည်ဖြစ်ပါသဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်အခွန်အမှတ်တံဆိပ်များအား ကပ်နှိပ်အသုံးပြုသွားရန်နှင့် ထုတ်ယူထားသည့်အကြောင်းအရာနှင့် မသက်ဆိုင်သည့်ပစ္စည်းများ၊ ပြေစာများတွင်ကပ်နှိပ်အသုံးပြုထားခြင်း၊ တစ်စိတ်တစ်ပိုင်းကပ်နှိပ်ထားခြင်း၊ လုံ၀ကပ်နှိပ်ထားခြင်းမရှိသည်များအား စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဟု သတ်မှတ်၍ လက်ဝယ်တွေ့ရှိသူအား ယင်းကုန်စည်တန်ဖိုး၏ ၁၀၀% ဒဏ်တပ်ရိုက်မည်ဖြစ်သည့်အပြင် အကောက်ခွန်ဥပဒေအရ အရေးယူခံရမည် ဖြစ်ပါသည်။

(အခွန်အမှတ်တံဆိပ်ပေါ်ရှိ QR Code အား QR Scanner ဖြင့် ဖတ်ပါက ဟန်းဆက်(သို့မဟုတ်) ဆက်စပ်ပစ္စည်းနှင့် ဝန်ဆောင်မှုဟူ၍ ကွဲပြားစွာဖော်ပြပေးမည့် နမူနာ၁ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။)





ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ မဟာစည်သာသနာ့ရိပ်သာနာယက မုဒုံမြို့၊ မြို့မ မဟာစည်သာသနာ့ရိပ်သာပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကုသလာနန္ဒ (မုဒုံဆရာတော်) ဆရာတော်ကြီးသည် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်)၊ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉:၀၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပြီဖြစ် ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို မုဒုံမြို့၊ မြို့မ မဟာစည်ရိပ်သာသို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစ္စာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်နေ့ကို ထပ်မံအသိပေးပါမည်။)

တပည့်ဒါယကာ/ဒါယိကာမများ

ဦးမောင်မောင် (စာရင်းစစ်မှူး-ငြိမ်း)

အသက်(၇၉)နှစ်

ညောင်လေးပင်

ညောင်လေးပင်မြို့နယ်၊ တော်ဝိစ်ပြကျေးရွာ၊ ရွာသစ်ရပ်နေ (ဦးရောင်ဝါး-ဒေါ်ဘွား)တို့၏ သား၊ (ဒေါ်မွေး)၊ ဒေါ်မှု တို့၏မောင်၊ ညောင်လေးပင်မြို့နယ်၊ မန္တလေးလမ်းနေ ဒေါ်တင်ရွှေ၏ ခင်ပွန်း၊ ဦးမောင်မောင်ကျော်တင်-ဒေါ်မိမိထွဋ်၊ ဦးရဲ ထွဋ်ဖိုး-ဒေါက်တာစုစုမောင် (တွဲဖက်ပါမောက္ခ၊ CEIT ဌာန၊ YTU)၊ ဒေါ်သက်သက်မောင် တို့၏ ကျေးဇူးရှင်ဖခင်၊ ညောင်လေးပင်မြို့နယ်၊ တပင်ရွှေထီးလမ်းနေ ဦးဇော်ဝင်းလွင်-ဒေါ်မိမိညို တို့၏ ဦးလေး၊ မမြတ်စုအေး၊ မောင်ထက်အောင်လင်း၊ မသက်စုအေး တို့၏ ချစ်လှစွာသော အဘိုးသည် ၂၀-၂-၂၀၂၀ ရက် နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အလှူ၊ ဒါယိကာမကြီး

ဒေါ်ထွေးကျင် (မော်လမြိုင်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကြောင်မျက်ရှင်လမ်း၊ အမှတ်(၁၁)နေ (ဦးဟုတ်လွမ်-ဒေါ်စောတင်)တို့၏ သမီး၊ (ဦးအောင်တင်အေး)၏ ဇနီး၊ ဒေါ်ဝင်းဝင်းတင်(ခ)ပုံပုံ၊ ဦးသက်နိုင်-ဒေါ်စုစုတင်၊ ဦးနေလင်းဦး-ဒေါ်မျိုးမျိုးတင်၊ ဦးခိုင်မင်းသန်းထက်-ဒေါ်ယုယုတင်၊ ဒေါ်လှဲ့လှဲ့တင်၊ ဦးတင်မောင်မောင်ထွေး-ဒေါ်တင်စန်းမြင့်၊ ဒေါ်ဖြူဖြူတင်၊ ဦးတင်ညီညီထွေး တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မခိုင်ဇင်သန့်၊ မဆုမြတ်အောင်၊ မမေလင်းလက်အောင်၊ မမေသိန်းသန်းအောင်၊ မယွန်းဝတီမောင်၊ မောင်ထက်မြတ်မောင် တို့၏ ချစ်လှစွာသော အဘွားသည် ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမ မွန်နာဘီ (ခ) ဒေါ်ရီရီဝင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး (ငြိမ်း)

အသက် (၆၅) နှစ်

ရန်ကုန်မြို့နေ [ဦးကိုကြီး (ခ) ဦးကိုကိုကြီး-ဒေါ်တင်တင်] တို့၏သမီး၊ (ဦးစိုးမြင့်)၏ညီမ၊ ဦးစိုးဝင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်တင်မြအေး (လ/ထ ကထိက-ငြိမ်း၊ နည်းပညာတက္ကသိုလ်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဗဘားဒေသလမ်း၊ အမှတ်(၂၃၉)၊ မြေညီထပ်နေ ဟာဂျီမ မွန်နာဘီ (ခ) ဒေါ်ရီရီဝင်းသည် ၁၇-၂-၂၀၂၀ (တနလာ်နေ့) မွန်းလွဲတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၂-၂၀၂၀ ရက် ဇယိုရ်နာမာဇ်အပြီး ရေဝေးမွတ်စလင်ဒ္ဓယျာဥ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာနေမျိုးနိုင်

သွားဘက်ဆိုင်ရာဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ ကျိုက်ထိုမြို့
B.D.S, Dip.D.Sc, M.D.Sc

အသက် (၃၆) နှစ်

ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၅၉၃)၊ မြေညီနေ (ဦးသက်နိုင်)-ဒေါ်ခင်မိမိတို့၏သားငယ်၊ ကိုနေလင်းနိုင်-မဇင်ဇင်မြင့်၊ ကိုကံလင်းနိုင်(Chief Engineer)-မတင်ဇာလိလှိုင်တို့၏ညီ၊ မောင်ဥာဏ်အောင်နိုင်-ဒေါက်တာခင်မိမိသက်၊ ဗိုလ်ကြီးလူမော်ဟိန်း-မခင်မိုမိုသက်တို့၏အစ်ကို ဒေါက်တာနေမျိုးနိုင်သည် ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၁-၂-၂၀၂၀ (သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန် သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နေပြည်တော်၌ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နှုတ်ခွန်းဆက်အမှာစကားပြောကြား

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၀ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်နှင့် ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးတွာလ်ကျင်းပေါင်၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

အောင်လအန်ဆန်နှင့် ပြိုင်ဘက်ဟောင်း ဗစ်ဒက်ရှ် ထိုးသတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

One Championship ၏ မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်(မြန်မာ့စပါးအုံး)နှင့် ၂၀၁၇ ခုနှစ်က ပြိုင်ဘက်ဟောင်းဖြစ်သည့် ရုရှားနိုင်ငံသား ဗစ်တာလီဗစ်ဒက်ရှ်တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း One Championship CEO ချက်ထရီဆစ်ယိုတောင်ကဂင်း၏ လူမှုကွန်ရက်အကောင့်မှတစ်ဆင့် ထုတ်ပြန်ကြေညာထားသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ဖတ်စရာ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

စာမျက်နှာ ၆

နိုင်ငံပိုင်လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံများကို အစိုးရ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိ

စာမျက်နှာ ၇

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်နှင့်အာဆီယံ ကတိကဝတ်ပြု

စာမျက်နှာ ၁၃

အမျိုးသားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း တံခွန်စိုက်ဆုများရရှိ

အမျိုးသား+အမျိုးသမီးပြိုင်ပွဲနှစ်ခုပေါင်းတွင် ဗိုလ်စွဲခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၀ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ ပြေးခုန်ပစ်ဥက္ကဋ္ဌဖလားနှင့် (၆၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်(ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲနောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း၊ အမျိုးသား+အမျိုးသမီး ပြိုင်ပွဲနှစ်ခုပေါင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဗိုလ်စွဲခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် မာရသွန်၊ လှံတံပစ်၊ တန်းမြင့်ခုန်၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ မီတာ ၁၅၀၀ သုံးဆင့်ခုန်၊ မီတာ ၁၅၀၀၊ မီတာ ၁၀၀ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များ၊ အမျိုးသား+အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။ ယခုပြိုင်ပွဲတွင် စံချိန်သစ်သုံးခုတင်ခဲ့ပြီး အမျိုးသားကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင်

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ☆

အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာကျောင်းသင်ခန်းစာများကို အချပ်ပိုစာမျက်နှာ (က၊ ခ)တွင် ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာပိုးပိုး ပါမောက္ခ (ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းဟာ ၂၀၁၉ နှစ် မတ်လစာမေးပွဲကစပြီး ကျောင်းသား ကျောင်းသူတွေ ပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ်ဖြေဆိုမှုလျော့နည်းစေပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု (Critical Thinking) နှင့် ပြောဆိုဆက်ဆံနိုင်မှု (Communicative Skills) ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြောင်းလဲခဲ့ပါတယ်။ မနှစ်ကမေးခွန်းတွေကိုလေ့လာကြည့်ရင် ကျောင်းသားအများစုဖြေဆိုနိုင်တဲ့ လွယ်၊ သင့်၊ ခက် မေးခွန်းတွေပါဝင်လို့ သင်ခန်းစာများကို သေသေချာချာ လေ့ကျင့်ထားတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြေဆိုနိုင်ခဲ့တာ တွေ့ရပါတယ်။

အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း(၉)ပုဒ်မေးပြီး မေးခွန်းတစ်ဝက်ခန့်က ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို အခြေခံပြီး မေးထားတာ ဖြစ်ပါတယ်။ ဒီနှစ်မေးခွန်းမှာလည်း မေးခွန်း(၉)ပုဒ်ပဲ မေးမှာဖြစ်ပြီး မေးခွန်းပုံစံတွေကလည်း မနှစ်က ပုံစံတွေအတိုင်းပဲ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁) ကတော့ သင်ခန်းစာ(၁၄)ခုထဲက ကျောင်းသားများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာ ဖြစ်တယ်။

Question No. I (A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ ဝါကျ(၅)ကြောင်း ပေးထားပြီး ပေးထားတဲ့ ကွက်လပ်ကို စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်း လိုပါလိမ့်မယ်။

ဥပမာ – စာပိုဒ်ထဲမှာ If you are worried about how you look, you're certainly not the only one. လို့ ပေးထားပေမယ့် မေးခွန်းမှာ If you are worried about your look, it is ---------- that you're not the only one. လို့ပေးထားရင် ဒီကွက်လပ်မှာဖြည့်ရမယ့် စကားလုံးက adjective ဖြစ်ရပါမယ်။ ဒါကြောင့် certainly ဆိုတဲ့ စာပိုဒ်ထဲက စာလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ certainly ကို certain လို့ ပြောင်းပေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ Passive Voice ကို Active Voice နဲ့ ပြောင်းဖို့ လိုကောင်း လိုပါလိမ့်မယ်။ ဥပမာ – စာပိုဒ်ထဲမှာ There's a treasure inside her that needs to be opened. လို့ စာပိုဒ်မှာ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက Somebody needed ---------- the treasures inside Helen. လို့ ပေးထားမယ်ဆိုရင် ဒီစာကြောင်းမှာ ဖြည့်ရမယ့် စကားလုံးဟာ Active Voice ဖြစ်ရပါမယ်။ ဒါကြောင့် to be opened လို့ ဖြေပေးလို့မရပါဘူး။ to open လို့ရေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

Question No. I (B) ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။

စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်ပြီး မေးခွန်း (၅)ခု မေးမှာဖြစ်ပြီး ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာ ဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

ဥပမာ – She became angry and violent very easily and threw things onto the floor or at other people. လို့ပေးထားပြီး When Helen became angry and violent, what did she do? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ထဲက စာကြောင်း She became angry and violent very easily and threw things onto the floor or at other people. ကို ပြန်ကူးချလို့မရပါဘူး။ မေးထားတဲ့မေးခွန်းကို ပြန်ကောက်ပြီး When Helen became angry and violent, she threw things onto the floor or at other people. လို့ ပြန်ဖြေပေးရပါမယ်။

ဒုတိယအပြင် The beach resorts at Pattaya and Phuket offer a wide range of activities from scuba diving and windsurfing to golf. လို့ပေးထားပြီး What examples of water sports are given in the passage? လို့မေးခဲ့ရင် The examples of water sports (that are) given in the passage are scuba diving and windsurfing. လို့ ဖြေမှမှန်ပါမယ်။ water sports ကို မေးတာဖြစ်လို့ golf ကို ထည့်ရေးရင် အမှတ်ပြည့်မရနိုင်ပါဘူး။

တစ်ခါတစ်ရံမှာ စာပိုဒ်ထဲက အကြောင်းအရာနဲ့ဆက်စပ်ပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ဖြေဆိုရတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။ ဥပမာ – Travel in Southeast Asia II ထဲက မြန်မာပြည်အကြောင်း စာပိုဒ်တစ်ပိုဒ်ပေးထားပြီး Among the torurist attractions mentioned in Myanmar, which place would you like to visit? Why? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ကို ကိုးကားပြီး I would like to visit Chaungtha beach because I want to view nature at its best. (သို့မဟုတ်) because I want to study marine life လို့ ဖြေလို့ရပါတယ်။ ဒါမှမဟုတ် I would like to go to Bagan because I want to see the thousands of old pagodas it has. လို့ ရေးလို့ ရပါတယ်။ အဓိကကတော့ ဆီလျော်မှုရှိတဲ့ အဖြေဖြစ်ဖို့နဲ့ သဒ္ဒါမှန်ဖို့ပဲ ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်တွေနဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။

မေးခွန်းနံပါတ်(၂) ကတော့ **Fill in each numbered blank with a word from the list given. There are five extra words.** Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး (၈)လုံးခြောက် စကားလုံးတွေမှာ ပေးထားတဲ့ ကွက်လပ်တွေကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး (၂၅) လုံးကိုလည်း ပေးထားပါတယ်။ သတိပြုရမယ့် အချက်ကတော့ စာလုံး (၅) လုံး ပိုပေးထားတာပါပဲ။ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာ ဖြစ်ပါတယ်။ အဖြေကို ရေးတဲ့အခါမှာ capital letter တို့၊ small letter တို့၊ spelling တို့ကို မှန်အောင် ရေးရပါမယ်။

မေးခွန်းနံပါတ်(၃) မှာ အပိုင်း(၂)ပိုင်းပါ ပါမယ်။

III (A) ကတော့ **Choose the appropriate word to complete the sentences.** ဖြစ်ပါတယ်။ ဖတ်စာအုပ်ထဲက စကားလုံးတွေကို အဓိပ္ပာယ်သိရှိမှုနဲ့ မှန်မှန်ကန်ကန်သုံးတတ်မှုကို စစ်ဆေးတာ ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း(၅)ခုပေးထားပြီး ရွေးချယ်ဖို့ စကားလုံး(၃)လုံး ပေးထားမှာဖြစ်တယ်။ အဲဒီဝါကျမှာ မှန်တဲ့စကားလုံးကို ရွေးရမှာဖြစ်ပါတယ်။

ဥပမာ – Myanmar people ---------- their respect to their elders during Thidingyut. လို့ ပေးထားပြီး ရွေးချယ်စရာ A. give, B. pay, C. offer လို့ ပေးထားပါမယ်။ ဒီမေးခွန်းမှာ အဖြေမှန်က pay ဖြစ်လို့ B. pay လို့ ရေးပေးရပါမယ်။ ပေးထားတဲ့ ဝါကျရဲ့ အဓိပ္ပာယ်နဲ့ ရွေးချယ်ဖို့ ပေးထားတဲ့ စကားလုံးတွေကို ဘယ်လိုသုံးရတယ်ဆိုတာသိမှ အဖြေမှန်ကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ My car broke ---------- on the way home last night. ဖြစ်ပြီး ပေးထားတဲ့ စကားလုံးတွေက A. up, B. down, C. out ဖြစ်မယ်ဆိုရင် အဖြေမှန်က A. down ဖြစ်လို့ နံပါတ်တပ်ပြီး A. down ရေးရင် ရပါတယ်။ မေးထားတဲ့ ဝါကျတစ်ကြောင်းလုံးကို ပြန်ကူးဖို့မလိုပါဘူး။

III (B) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** ဖြစ်ပြီး ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေကို ကွက်လပ်ဖြည့် မေးတာပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ ကဗျာတွေကို နားလည်မှတ်သားထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုပါတယ်။

ဥပမာ – The Arrow and the Song ကဗျာထဲက စာကြောင်းနှစ်ကြောင်း ဖြစ်တဲ့

For, so swiftly it flew, the sight
Could not follow it in ----------.

လို့မေးရင် its flight လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးဖို့ မလိုပါဘူး။

မေးခွန်းနံပါတ်(၄) ကတော့ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိ၊ မရှိ စစ်ဆေးဖို့ မေးခွန်း(၅)ခုမေးမှာဖြစ်ပါတယ်။ ရွေးချယ်စရာ မေးခွန်းပေးမထားဘူးဆိုတာကို သိရှိထားဖို့လိုပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါ မှန်မှန်ကန်ကန်နဲ့ မေးခွန်းတွေကို ဖြေဆိုရမှာ ဖြစ်ပါတယ်။

ဥပမာ –

What are nightmares and when do they occur? လို့ မေးထားတယ်ဆိုရင် Nightmares are terrifying dreams, a collection of confused thoughts and they occur towards dawn. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

Name two advantages of self–service supermarkets. လို့ မေးခဲ့ရင် Two advantages of self–service supermarkets are that there is no waiting to be served and there is a wide variety of choice. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

နောက်ပုံစံတစ်ခုဖြစ်တဲ့

Who said these words and to whom were they said? What does the underlined word refer to?

"There's a treasure inside her that needs to be opened. And I think you can open **it** for her."

ဆိုတဲ့ ပုံစံလည်းမေးနိုင်ပါသေးတယ်။ ဒီလိုမေးရင် The director of the Perkins Institute for the Blind said these words to Annie Sullivan. The underlined word "it" refers to "the treasure inside Helen". လို့ ဖြေပေးရပါမယ်။

ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ သင်ခန်းစာ (၁၄) ခုလုံး မှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။ ယခု ဖြေပြတဲ့ အဖြေတွေက နမူနာအဖြေများသာ ဖြစ်ပါတယ်။ ဆိုလိုရင်းမှန်ကန်တဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၄) အပုဒ်ငယ် (၅) ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကိုပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာ ဖြစ်ပါတယ်။ What do these lines mean? လို့မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ – What do these lines mean?

Content to breathe his native air In his own ground. ဆိုတဲ့ကဗျာထဲက စာကြောင်း (၂) ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာ (၂) ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၅) ကတော့ ဖတ်စာအုပ်ထဲမှာမပါတဲ့ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့အသက်အရွယ်နဲ့ ကိုက်ညီမယ့် အကြောင်းအရာပိုင်းနဲ့ language တို့ ပါဝင်တဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်လို့ စိတ်ပူစရာမလိုပါဘူး။ မနှစ်က အတွေ့အကြုံအရဆိုရင် ဒီလိုမေးခွန်းကို ဖြေဆိုတတ်အောင်လေ့ကျင့်ထားတဲ့ ကျောင်းသားအများစု ဖြေဆိုနိုင်ကြတာကို တွေ့ရပါတယ်။

ဥပမာ – စာပိုဒ်က

'After you' is an expression seldom heard in public nowadays. When someone says 'After you', it means he or she wants you to go first or to do something first. လို့ပေးထားပြီး What does someone want you to do when he says 'After you'? လို့မေးရင် အဖြေက Someone wants me to go first or to do something first when he says 'After you' လို့ ဖြေပေးရပါမယ်။

ဒုတိယအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။

ဥပမာ – စာပိုဒ်ထဲမှာ One of the best customs is 'After you'. We say 'After you' because we have respect for each other. လို့ ပေးထားပြီး Do you let other people do things before you sometimes? Why? လို့ မေးရင် ကိုယ်က သူတစ်ပါးကို တစ်ခါတစ်ရံမှာ ကိုယ့်ရှေ့က ပေးလုပ်မလားလို့ မေးရင် ပေးလုပ်မယ်၊ မလုပ်ဘူးနဲ့ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်ကို ပေးရမှာပါ။ ဒါဆိုရင် Yes, I let other people do things before me sometimes because I have respect for them. (သို့) No, I don't let other people do things before me sometimes because I have a bad habit of wanting to get ahead of others. လို့ ဖြေဆိုနိုင်ပါတယ်။

ဒီလိုမေးခွန်းတွေဟာ open–ended ဖြစ်လို့ အဖြေက တစ်ခုထက်မက ရှိပါတယ်။ အဓိပ္ပာယ်ရှိတဲ့ သဒ္ဒါမှန်တဲ့ မည်သည့်အဖြေကိုမဆို အမှတ်ပေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေက တစ်ပုဒ်ကို (၂) မှတ်ပေးတဲ့ မေးခွန်းတွေ ဖြစ်တဲ့အတွက် အဖြေတစ်ဝက်လောက် မှန်ရင်လည်း အမှတ်တစ်ဝက် ရနိုင်ပါတယ်။

မေးခွန်းနံပါတ်(၆) ကတော့ capital letter, small letter, comma, semi–colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe စတဲ့ Punctuation တွေကို မှန်မှန်ကန်ကန် သုံးတတ်မှုကို စစ်ဆေးတဲ့မေးခွန်းတွေ ဖြစ်ပါတယ်။ Punctuate the following. လို့ မေးမှာဖြစ်ပါတယ်။

အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့ လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့ပဲ လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦး တစ်ယောက်က ပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့ အဆုံးမှာ inverted comma တွေသုံးဖို့ သိရပါမယ်။ ဥပမာ –

thuzar said id love to but i couldnt as im not feeling well လို့ ပေးထားရင်

Thuzar said, "I'd love to but I couldn't as I'm not feeling well." လို့ ပြန်ရေးပေးရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၇) မှာ အပိုင်း(၂) ပိုင်း ပါဝင်ပါတယ်။

ပထမပိုင်း **VII.(A)** က **Stylistic Transformation. Finish each sentence in such a way that it means exactly the same as the sentence that is given.** လို့မေးမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ဝါကျ(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ နဝမတန်းနဲ့ ဒသမတန်းပြဋ္ဌာန်းစာအုပ်တွေထဲမှာ ပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁ သို့

စာမျက်နှာ ၈ မှ

ဒုတိယပိုင်း VII.(B) ကတော့ **Using the prompts given, write a very short paragraph on:** ဆိုပြီး ရွေးစရာ(၂)ပုဒ် ပေးပါမယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကိုယ်ပိုင်နိုင်စွာရေးနိုင်မယ့်တစ်ပုဒ်ကိုရွေးပါ။ ကြိုတင်ပြင်ဆင်ရေးသား ကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မလိုတာတွေ ထည့်မရေးပါနဲ့။ **write a very short paragraph** ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompt အားလုံးကို ပြန်သုံးပြီး သဒ္ဒါမှန်တဲ့ဝါကျတွေ ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

ဥပမာ – Malaysia အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompt တွေက – separated – two sections – South China Sea ဖြစ်ရင် Malaysia is separated into two sections by the South China Sea. လို့ ရေးပေးရမှာ ဖြစ်ပါတယ်။ ဒီဝါကျကို ရေးဖို့ subject က Malaysia ဖြစ်လို့ subject နေရာမှာ “Malaysia” ထည့်ပြီး verb နေရာမှာ “separated” လို့ ပေးထားပါတယ်။ ဒါကိုကြည့်ရင် ဒီဝါကျဟာ passive voice ဖြစ်လို့ “is” ထည့်ပေးရပါတယ်။ ဒုံအပြင် “separated” နောက်မှာ preposition လိုတဲ့ အတွက် “into” ထည့်ပေးဖို့ လိုပါတယ်။ နောက် object က South China Sea ရှေ့မှာ “by” နဲ့ “the” တို့ ထည့်ပေးဖို့ လိုပါတယ်။ ဒါမှ ပြည့်စုံတဲ့ ဝါကျတစ်ကြောင်း ဖြစ်မယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ဆိုရင် article တွေ၊ preposition တွေ၊ conjunction တွေ၊ pronoun တွေနဲ့ punctuation တွေကို ဘယ်လို သုံးရမယ် ဆိုတာ သိရှိပြီး များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာပိုဒ်တွေကို တိုက်ရိုက်ပေးထားမှာ မဟုတ်လို့ အလွတ်ကျက်မှတ်တာထက် မိမိကိုယ်တိုင်ဝါကျတွေကို တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

မေးခွန်းနံပါတ် (၈) ကတော့ Letter writing ဖြစ်ပါတယ်။ **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၂)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးပြီး စာလုံးရေ (၃၀၀)ထက် မပိုအောင် ရေးသား ဖြေဆိုရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ (၁) စာရေးသူ(Addresser)နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာသိဖို့ လိုပါတယ်။ (၂) ဘာအကြောင်းအရာ ရေးရမလဲ ဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ခုလား၊ နှစ်ခုလားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့ လိုပါတယ်။ အရေးကြီးတဲ့အချက် တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေရဲ့ နာမည်ကို ပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မိမိ နာမည်၊ မိမိကျောင်း၊ မိမိမြို့ စတာတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေး ချင်ပါတယ်။ ဥပမာ –

You are **Thida** and you live at **No.7, Insein Road, Yangon.** Write to **your aunt,** who has been teaching high school students for nearly twenty years. Tell her how much you fear the matriculation examination and request her to give you some advice to overcome your fear.

ဆိုတဲ့မေးခွန်းကို ကြည့်ရင် အကြောင်းအရာနှစ်ချက် ပါပါတယ်။ ပထမ အချက်က how much you fear the matriculation examination နဲ့ ဒုတိယအချက်က request her to give you some advice to overcome your fear ဖြစ်ပါတယ်။ မိမိစာမေးပွဲကို ဘယ်လိုကြောက်ကြောင်း၊ ဒီလို ကြောက်ရွံ့မှုကို ကျော်လွှားနိုင်ဖို့ အဒေါ်ထံက အကြံဉာဏ် တောင်းလိုကြောင်းနဲ့ အဒေါ်ဖြစ်သူက အထက်တန်းကျောင်းသားတွေကို နှစ်(၂၀)နီးပါး သင်ကြားနေတဲ့ ဆရာမဖြစ်လို့ မိမိကို အကြံဉာဏ်ကောင်းတွေ ပေးနိုင်မယ်လို့ မျှော်လင့်ကြောင်း စသည်ဖြင့် အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာကို သေသေချာချာ မဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

မေးခွန်းနံပါတ်(၉) ကတော့ **Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကို ရွေးပြီး ရေးရမှာ ဖြစ်ပါတယ်။ ဥပမာ – Trees are the lungs of the earth လို့ မေးတာကို ကိုယ်ကျက်ထားတဲ့ သစ်ပင်တွေရှိဖို့ အရေးကြီးတာ၊ သစ်ပင်စိုက်ဖို့ အရေးကြီးတာ၊ သစ်ပင်စိုက်ခြင်းကရတဲ့ အကျိုးကျေးဇူးတွေ အကြောင်းနဲ့ ရပ်ထားလို့ မရပါဘူး။ နောက်တစ်ဆင့် ထပ်ပြီး စဉ်းစားရပါမယ်။ လူတစ်ဦးမှာ အဆုတ်ပျက်စီးသွားရင်၊ ဒါမှမဟုတ် မကောင်းတော့ရင် အသက်အန္တရာယ် စိုးရိမ်ရသလို ကမ္ဘာကြီးမှာ သစ်ပင်သစ်တောတွေမရှိရင်၊ ပျက်စီးပြုန်းတီးသွားရင် ကမ္ဘာကြီးမှာ အန္တရာယ်တွေ ကျရောက်လာမယ့်အကြောင်းအထိ စတဲ့သစ်ပင်နဲ့ အဆုတ်တွေရဲ့လုပ်ဆောင်ချက် တူညီတာတွေကို ဖွဲ့နွဲ့ရေးသားပေးဖို့ လိုပါတယ်။ ဒါမှသာလျှင် မေးထားတဲ့မေးခွန်းကို ထိထိမိမိ ဖြေနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းကောင်းရေးနိုင်ဖို့

(၁) Organization – ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ရပါမယ်။

(၂) Relevancy – ဆီလျော်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ ဆီလျော်တာကိုပဲ ရေးရမှာ ဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် ဆီလျော်မှု မရှိလို့ အမှတ်မရနိုင်ပါဘူး။

(၃) Content – အချက်အလက်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့လိုပါမယ်။

(၄) Language – အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်ခြင်း၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျ အမျိုးမျိုးကို ရေးတတ်ရပါမယ်။

(၅) Creativity – ဖန်တီးတင်ပြနိုင်ခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားအောင် စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ဖန်တီးတင်ပြနိုင်စွမ်း ရှိရပါမယ်။

ပေးစာနဲ့ စာစီစာကုံး ရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ မနှစ်ကစပြီး ဒီလိုစာလုံးရေကန့်သတ်လိုက်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ ရေးသားတဲ့ စာပိုဒ်တွေက ပိုပြီးဆက်စပ်မှုရှိလာတယ်။ မဆိုင်တာတွေ ထည့်ရေးတာတွေ လျော့ကျလာတယ်။ ပိုမိုကျစ်လျစ်ပြီး ထိရောက်မှုရှိလာပါတယ်။ ဒါပေမယ့် တစ်ချို့ကတော့ အကြောင်းအရာတွေကို ထပ်တလဲလဲရေးပြီး ပေးထားတဲ့ စာလုံးရေထက်များနေပြီး လိုအပ်တဲ့ အချက်အလက်တွေ မပါတာကို တွေ့ရပါသေးတယ်။ ဒုံကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့် အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်ပါတယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေရဲ့ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ် ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ် ဆိုတာသိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ လိုပါတယ်။ ပေးစာနဲ့စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများ အားလုံး ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်ကို အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

MRTV Channel အား HD စနစ်ဖြင့် ပုံမှန်ထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံ အရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD) စနစ်အပြင် High Definition (HD) စနစ်ဖြင့်ပါ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပြီး (၁၅-၂-၂၀၂၀)ရက်နေ့မှ စတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပုံမှန်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များ အနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့် ချိန်ညှိမှုကိုမှ ပြုလုပ်ရန် မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်ကို ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည် ပြုလုပ်ခြင်းဖြင့် ရုပ်/သံ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။
Menu → Channel Search → Auto Search → OK

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကို ရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် (DTV+ ATV) တို့ကို ရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။
Menu → Channel → Tuner Type → Antenna → Auto Scan → Country(Myanmar) →Mode(DTV+ATV)→ Start → OK

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကို ရွေး၍ OK နှိပ်ပါ။
Menu → Picture → Aspect Ratio → 16:9 Wide Screen → OK

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည် –

(1) MRTV HD	(12) MNTV
(2) MRTV Hluttaw	(13) Channel-9
(3) MRTV NRC	(14) Mizzima
(4) MRTV Farmer	(15) DVB
(5) MRTV Sport	(16) Channel K
(6) MITV	(17) YTV
(7) EDU	(18) Fortune TV
(8) MRTV Entertainment	(19) Myanma Radio
(9) MRTV-4	(20) Upper Tineyinthar
(10) Channel-7	(21) Lower Tineyinthar
(11) 5 Plus	

၆။ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့် လည်း (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ အထက်ပါ အစီအစဉ်များအတိုင်း ရရှိရန် Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှု တစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) — ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) — ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ရှွေသွေးဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဖိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၂ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဒါနကုသိုလ်ကောင်းမှုပြုခြင်းကြောင့် ရရှိလာမည့် အကျိုးတရားများအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းဒစ်ဂျစ်တယ်၏ “များများလှူပါ” မျက်နှာဖုံးကာတွန်း၊ လူ့လောကသဘာဝတွင် ဖြစ်ပေါ်လျက်ရှိသော အကြောင်းအရာ အချို့ကို ကလေးများလိုက်နာရှောင်ရှားနိုင်စေရန်အလို့ငှာ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “မပေါင်းအပ်သူ ဤခြောက်မူ” ရွှေသွေးသုတဆောင်းပါး၊ လူသားမျိုးနွယ်အားလုံး၏ ဘုံရန်သူဖြစ်သော မူးယစ်ဆေးဝါးကို ရှောင်ရှားသင့်ပုံ အကြောင်းကို တင်ဆက်ထားသည့် “ရိုးရိုးလေး၏ ဘုံရန်သူ” နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ်တွင် စိတ်ကောင်းစေတနာထားကာ ကူညီလုပ်ဆောင်ပေးပါက မိမိတွင်လည်း ကောင်းကျိုးချမ်းသာရစေနိုင်ပုံ အကြောင်းကို ရေးဖွဲ့ထားသည့် “ကျွန်တော့်နာမည်စိုးကြီးပါ”ကလေးဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကား ပိုင်း ပဟေဠိကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

ကြေးမုံ

"မြန်မာပြည်၏နောက်ဆုံးအပင်များ"

မကိုသြဂ ဖျက်လှည့်
သေးနေရင် ကမ္ဘာ့ဆေးပွတ်
ဆရာကြီးဆေးကွမ်းစနေတဲ့ တံပါးရေတိ
သီးရှေးဌက်ပျောဆစ အင်္ဂလန်က
အဋ္ဌလမ်အယူဝါဒအရွေ့တိုတယ်နှင့် ဆောင်းလျှားပင်
ထိန်ပင်သွားမလား ထိမ်ပင်သွားမလား
မျောက်မောင်းမတွမ်းယောနှင့် နကျွယ်ပင်လျှို့ဝှက်ချက်
ဓမ္မာရားဘုရင်ကြီးနှင့် ဗုဒ္ဓသရက်ပင်အမျိတ်အဆက်
ဗုဒ္ဓ နှင့် လူပျက်ကြီးမှားလို
ကျားခြေရာနှယ်လျှို့ဝှက်ချက်
ဓားသီးကို ဓားသီးလို့ဖေါ်ရဲလား
တရုတ်ဆကားအတုနှင့် တရုပင်
ငါးများတံမဲ့ မှားရတဲ့ ကဆတ်ပင်ကဉ
ကန်နိုလာဆတမ်ဓိုလာဆကမ်းဇော်လား
လောက်ယာနှယ်နဲ့အသက်ကယ်မယ်

စသည်စသည်မြင့် နောက်ဆုံးမြန်မာအပင်များအကြောင်း
ဝင်းတင်ဝင်း၏အဂ္ဂြိပ်လိုလ် သုတေသနအဘိဓာန် မြန်မာအပင်များ
An encyclopedic dictionary of Myanmar Plants

အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ် (၂၉/၁၇)တွင်နေထိုင်သော ဒေါ်နန်းပြည့်ပြည့် အောင်သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား မိမိတို့တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် အတွက် ၅-၂-၂၀၂၀ ရက်မှစ၍ မှတ်ပုံတင်သွင်းကြေညာစာချုပ်ဖြင့် မှတ်ပုံတင်သွင်းခဲ့သည့် မူလတိထွင်ဖန်တီးသူ အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်။

P Culture
Be confident

မှတ်ပုံတင်စာချုပ်အမှတ်-၁၄၈၉/၂၀၂၀
(နေ့စွဲ-၅-၂-၂၀၂၀)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားအား လက်ကိုင်အိတ်အမျိုးမျိုး၊ ခရီးဆောင်အိတ်အမျိုးမျိုး၊ ကျောပိုးအိတ်အမျိုးမျိုး၊ ဘေးလွယ်အိတ် အစရှိသည့်အိတ်အမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်များဖွင့်လှစ်ခြင်း စသည်တို့တွင် အရောင်အမျိုးမျိုး၊ အရွယ်အစား ဆိုဒ်အမျိုးမျိုး ပြုလုပ်ကပ်နိုပ်ယှဉ်တွဲကာလုပ်ငန်းသုံးအမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိမူပိုင်အဖြစ်အသုံးပြုနေသော အဆိုပါအမှတ်တံဆိပ်အား အတုဖြစ်စေ၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲဖြစ်စေ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲလက်ဝယ်ထားရှိခြင်းမပြုလုပ်ပါရန်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်မူပိုင်ရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသားများကို မူလတိထွင်ဖန်တီးသူမှ မူပိုင်အဖြစ် သုံးစွဲလျက်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းပြည့်ပြည့်အောင် [၁၃/တကန(နိုင်)၂၆၉၅၂၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L) ဒေါ်ဇင်မာအေး (LL.B)
တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၅၃၃) အထက်တန်းရှေ့နေ (စဉ်-၅၁၃၉၅)
The Solution Power Law Firm
အမှတ် (၂၁)၊ မြေညီထပ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၀၃၇၀၁၁၆၊ ၀၉-၇၉၅၉၂၁၉၃

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

KKL Car Rental
ဘိုးသွားကားငှါးရမ်းရေး
Ph:09-5001347, 09-5040032

Sein Group
ဒဂုံမြို့သစ်၊ အရေပြိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဒဂုံဆိပ်ကမ်းပြေကွက်များ ဝယ်ယူလိုသည်။ ရောင်းလိုသည်။
PH.09254118190 09898580954

ဗမ
ဒဂုံမြို့သစ်အရေပြိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမှိ ပြေကွက်များ ဝယ်လိုသည်။ 09-444880970

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၉ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၆)နှင့် ၂၅-၉-၂၀၁၉ရက်ဆေးမြို့တော်သတင်းစာ၏စာမျက်နှာကြော်ငြာ(၂၃)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၈)၏သန်းသန်းငွေး၏ ဂရန်သစ်တွင်မှတ်ပုံတင်(၁၂/ကတတ(နိုင်) ၀၀၃၀၆၆)ဟုအမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ ယုစနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မှန်၊ ပဲခူးမြစ်လမ်း၊ တိုက်အမှတ်(၅)၊ အခန်းအမှတ် (၁၀၂)၊ အကျယ်အဝန်း (၂၄' × ၃၂') ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့် ရောင်းချပိုင်ခွင့် ရှိကြောင်း ကမ်းလှမ်းလာသူ ဦးစိုးသိမ်း (၈/မဘန(နိုင်)၀၄၅၆၉၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်မြင့် (၁၀/မဒန(နိုင်)၁၃၄၃၃၆) က ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း နိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါစံ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၁၅)
အမှတ်(၄၇၉)၊ အောက်ပုဇွန်တောင်လမ်း၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၉-၄၂၀၁၁၂၅

ကိုရဲရင့်အောင် (၁၂/အလန(နိုင်)၀၄၅၂၃)
ကိုင်ဆောင်သူနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ၂၀-ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း အမှတ် (၆/က) ရှေ့ ဒေါ်မြင့်မြင့်ချို (၁၂/အလန(နိုင်)၀၁၆၆၆) ဇာလွှဲအပ်ညွှန်ကြားချက်အရအများသိစေရန်ကြေညာအပ်ပါသည်။

ကိုရဲရင့်အောင်အား မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ချို၏ (၁၈-၁-၂၀၂၀)နေ့၌ မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်ဖြင့် ငွေကျပ်သိန်း (၂၅၀) အား အပြီးအပြတ်ပေးအပ်ထားပြီးဖြစ်၍ နောက်နောင်တွင် မိခင်ဖြစ်သူထံမှ ငွေကြေး(ပစ္စည်း) တစ်စုံတစ်ရာကို ထပ်မံတောင်းဆိုခြင်းမပြုကြောင်း ဝန်ခံထားပြီးဖြစ်ပါသည်။ မိခင်ဖြစ်သူမှလည်း ကိုရဲရင့်အောင်နှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန္ဒာစိုး (တရားလွှတ်တော်ရှေ့ နေ၊ စဉ်-၈၅၃၃)
တိုက်-၉၅၅ အခန်း (၁၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၀၉၅၃၃၂

ကန့်ကွက်နိုင်ပါခြင်းအများသိစေရန်
ကြေညာစာတမ်း

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ လူနေရပ်ကွက်အမှတ်-၄ မြေကွက်အမှတ်-၃ ၆၊ ဧရိယာအလျား ၂၀ × အနံ ၆၀ ရှိ နှစ်(၆၀)ဂဏန်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃ ၂၆-A၊ မြေမ(၁၁)လမ်းအနောက်၊ (၄)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အလို့အပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေအရင်းတွင် ချောင်ချိုးဟာတ်(ခ)ဒေါ်မြမိန် [MHG-၁၀၈၀၈] အမည်ဖြင့် မှတ်သားထားပါသည်။ ၄င်းထံမှ စာချုပ်အဆင့်အဝင့်ဖြင့် ဝယ်ယူခြင်းဆိုင်ခဲ့သည့် ဒေါ်ခိုခိုစန်း၊ ၁ ၂/မဂတ(နိုင်)၀၇၈၉၇၆ မှ ယင်းအိမ်နှင့်မြေအား မိမိလက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြသည်ဟုဝန်ခံကတိပြု၍ ၄င်းထံမှ ကျွန်ုပ်ပိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရံငွေတခုခု ချိုးတဝက်ပေးချေပြီးပါသည်။ ထိုကြောင့် အထက်ဖော်ပြပါ အိမ်မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူပိုင်စရာဆိုင်ခွင့်ရှိသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နိုင်ရာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်တင်တင်လှ
LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၆၅)
တိုက်(၉/၁၀)၊ ပထမထပ်၊ အခန်း(၁၀ ၂/ဧအ)၊ ၃၆-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၅၅၃၀၅၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးဧကောင်ဥယျာဉ်ကမြို့နယ်အမှတ်(၁၁)ရပ်ကွက်ရေတနာလမ်းအမှတ်(၃၃၈)နေ ဦးကျော်စိုးမိုန် ၁ ၂/မဂတ(နိုင်)၀၁ ၂ မေမေ၏ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားမှုကိုအရ အောက်ပါအတိုင်းအများသိစေရန်ကြေညာပါသည်။

ကျွန်ုပ်၏အမှုသည် ဦးကျော်စိုးမိုန်က မြေတိမ်မြို့နယ်တွင်ရှိဧကာမီသာကုန်းဘုရားကြီး အစ်ကိုဆောင်နေများအမည်ခေါ်ကိုပိုင်ဆိုင်ထားလေယာဉ်ယာဉ်ပျံပြန်ခြင်းကိစ္စများတွင် အစိုးရရုံးဌာနအာဏီးပါ ထရားရုံးအဆင့်ဆင့်တွင်ပိမိကိုယ်စားဆောင်ရွက်နိုင်ရန် အခွင့်သိမ်းဝင်း၏ သားဖြစ်သူဦးဆောင်မျိုးသန့် နိုင်ပဲသားစီစစ်ခရေတက်အမှတ်-၉/ဝေန(နိုင်)၀၇၃၉၆၆ အားပြိတ်ပြို့နယ် ခြေစာ ရင်းဦးစီးဌာနတွင် (၁၇-၂-၂၀၁၉)နေ့ တွင်မှတ်ပုံတင်အရေးယူတင်ကိုယ်စားလှယ် လွှဲစာအမှတ်-၆/၄၂၂ဖြင့် အထူးကိုယ်စားလှယ်အဖြစ်လွှဲအပ်ခဲ့ပါသည်။

ယခုအခါအထက်ပါလေယာဉ်ယာဉ်ပျံခြေကိုရွှေများကို ဦးကျော်စိုးမိုန်ကိုယ်တိုင်ရှင်ဆိုင်သွားမည်ဖြစ်ပါ၍ အထက်အပိုဒ်တွင်ဖော်ပြထားသော အရေးယူဆောင်ရွက်ရန် လေယာဉ်လှယ်အမှတ်-၆/၄၂၂အား ဤသတင်းစာတွေ့ပြီးပါ သည်နေ့ရှေ့အပြီး အပိုင် ရပ်ဆိမ်းလိုက်ပါခြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကိုယ်ကြောင့်နောက်နောင်အတွေ့ထွေကိုယ်စားလှယ် ရပ်ဆိမ်းဆိုသည့်ဦးအောင်မျိုးသန့် လုပ်ဆောင်သည့် မည်သည့်တိုးရွေးကိုမှ ဦးကျော်စိုးမိုန် ကတာဝန်ယူခြေရှင်းဖေ။ မည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စိုးမိုန် ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဇေအောင်ထူး(B.Sc(Che),RL) ဒေါ်မြင့်သုလိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၅၄/၁၄၈) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃ ၂/၂၀၁၆)
အမှတ် - ၁၆၆၊ ဇေအောင်ဇေယျာလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၄၄၁၁ ၂ ၂ ၀ ၁ ၂ ၂ ၂

စာရိုက်ကွေ့၊ စည်းကမ်း၊ ပညာတွင် စံပြ

ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန်ဦးထွန်းနွယ်

ဦးစီးသည်ထောင်ပေါင်းသောပညာနန်းတော်

အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်အတွက်

ဘော်ဒါ ▸ ၈တန်း၊ ၉တန်း၊ ၁၀တန်း

(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)

နေ့ကျောင်းကြီး ▸ KG မှ ၅သမတန်းထိ

(ဓာတ်ခုံအပ်နံမှသော နေ့ရောအတွက် စိတ်ချရပါမည်။)

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

အကျင့်စာရိတ္တမကျိုးပြုခြင်းရေးသည် ပထမ – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်မှုက ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် ပိမိတို့ ကိုယ်တိုင် လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားကြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမ လမ်းညွှန် ဝေဠုကျင့်ပေးပါသည်။

ပညာရည်ထူးချွန်ထက်မြက်စေရေးသည် အဓိက – ပါဓမာကွေ့ကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင် ဆရာကြီးများမြင့် အနိုင်အမောခွဲ့ရည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီး ဖြစ်သည်။ ဓနေ့ကျောင်းကြီးနှင့်တကွ ကျူရှင်မိုးနိုးများတွင်ပါ ဤဆရာကြီးများသော သင်ကြားကြသည်။ ဓနေ့စဉ် သင်ကြားရေး၊ ဝေဠုကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို ညေးကမ်းတိကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းမြည့်နှင့် All-Dများ၊ ဂုဏ်ထူးရှင်များစွာ ထွက်ရှိခဲ့ပါသည်။

နေ့တိုင်မှစားသောက်မှုအဆင့်ရှိရေးသည် ၀ဏန – နေ့ကျောင်းကြီးနှင့် ဘော်ဒါဆောင်ကို မစီးမဝေးနေရာ၌ သီးခြားထားရှိသည်။ ဘော်ဒါဆောင်များကို သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်း သူသီးသန့်၊ ကျောင်းသားသီးသန့်၊ ၈–၉ တန်းသီးသန့်၊ ၁၀ တန်းသီးသန့်၊ သီးခြားခြေဝင်းကျယ်၊ သီးခြား ၂ ထပ်တိုက်၊ သီးခြား စာသင်စာကျက်ခန်းမ၊ အခန်းတိုင်းမှာ အဲယားကွန်း၊ ၂၄ နာရီ လျှပ်စစ်ပီး၊ အပြစ်ရေနှင့် အဆင့်မြင့်နေထိုင်မှုဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ခန်း၊ ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ.ထ.မ ပြ–ဦးမ)ကိုယ်တိုင် အတူနေထိုင် ၍ အုပ်ချုပ်ပါသည်။ စာလေ့လာပြန်သော စေတနာကောင်းတဲ့ အိမ်ထောင်၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ် ပြင်းဆင်ကျွေးမွေးပါသည်။

ထွေးရာ ကြေးထရသည် သာမည – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရေးမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄–ရစ်ခွဲ၍ ပေးသွင်းရပါမည်။)

pnndschool

ခြံအမှတ် 118 A/B ကျွန်းရွှေပြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577605, 09 9700 63463

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ မြေကွက် အမှတ်(၄၃၉)၊ အလျားပေ(၄၀)၊ အနံပေ(၆၀)၊ မြေဧရိယာ (၀.၀၅၅)ဧက (စတုရန်းပေ၂၄၀၀) မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက်ဖြစ်သူ ဒေါ်နုနုလွင်က ပိုင်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေထံသို့ လွဲပြောင်းရောင်းချခဲ့ရာ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးမြင့် (LL.B)
တရားလွတ်တော်ရှေ့နေ (စဉ်-၁၁၈၀၆/၁၇)
Ph-09-5504154

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၇၉-ရပ်ကွက်၊ အောင်သစ္စာလမ်းနှင့်အဝေးရလမ်းထောင့်၊ အမှတ်(၂၀၆)ဟုခေါ်ခွင်သော မြေတိုင်းကွက်အမှတ်-(၇၉)၊ လူနေရပ်ကွက် (-) မြေကွက်အမှတ် (၂၀၆)၊ ဧရိယာ (၄၀ × ၆၀)ပေရှိ ဒေါ်အေးမြင့် [EG-ဝင့်စုဝင့်ဘ]အမည်ပြောင်တည်ရှိသည့် ပါမစ်မြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်သူထံမှအရပ် ကတိစာချုပ်အဆင့်ဆင့်ပြင့်ဝယ်ယူထားသူ ဦးမျိုးမင်းစိုး [၁၄/မအပ(နိုင်)၁၄၆၃၃၄]မှ မိမိဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ကြောင်း ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို(ဝရံငွေ)အဖြစ် ရောင်းချသူ ဦးမျိုးမင်းစိုးထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်မြေလုပ်မြင်းကို ကန်ကွက်လိုပါက ယနေ့မစ်ပြီး (၇)ရက်အတွင်း မိုင်လုံသောစာရွက်စာတမ်း၊ တချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူ မရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ် ဧရိုသဲခမေ(LL.B, D.B.L.)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၄၀၇)
ဖုန်း -၀၉ ၄၂၁၀၀၇၀၄၉၊ ၀၉ ၇၉၉ပ၁၅၂၀၃

သွေးတိုးကျ သွေးတိုးကျ

သန္ဓီသုခ
သွေးတိုးကျ

ကြော်ငြာမြှင့်မြှားချက်အမှတ်
တဆစဝက (စာနယ်ဇင်း)
014/0819

ဆိုင်းဘုတ်ဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကဗျာရွတ်မြို့နယ်၊ ရန်ကုန်မြို့
TMR 012355 (2019)

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

လေပြည်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကဗျာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၃၊ ၀၉ ၄ ၂ ၂ ၄ ၄ ၃ ၄ ၄ ၅

သိန်းသန်းဆက်
အိပ်ပြောင်း/အိပ်ရှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဒေယျာသီရိရပ်ကွက်၊ အောင်ရတနာ (၁၃) လမ်း (၃ လွှာ) အမှတ်(၃၇၅- သီ) (ခြေရင်းခန်း) အကျယ်အဝန်း (၁၂ဂဏေ × ၄၅ပေ)ရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလို စီမံခန့်ခွဲ ရောင်းချပိုင်ခွင့် မိမိကြောင်း အဆိုပြုသူ ဒေါ်ငင်းနွဲဝေ (၁၂/၁ပန(နိုင်)၀၄၇၇၂၂)က ၎င်းတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း ကမ်းလှမ်းရာ အဆိုပြုတာန်ဖိုး ဖြင့်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ မဝါဝါနင်းနိုင် (၁၂/ထတပ (နိုင်) ၀၇၇၄၀၀)မှ သဘောတူလက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရံငွေကို ပေးချေထားပြီးဖြစ်ပါသည်။အထက်ပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ တန့်ကွက်လိုသူများ ရှိပါက မည်သူ မဆို ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် တန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမြင့်လင်း
LL.B, Diploma in International Law, WIPO (switzerland)
အထက်တန်းရှေ့နေ (စဉ်-၃၃၈၀)
အမှတ်(၂၈၄)၊ ပိုလိတ်ဆွန်းတော်လမ်း(ဆလမ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၄၈ ၆၄၈၃၃-၇၈ ၄၄၈ ၈၄၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၆)လမ်း၊ အမှတ် (၆၄၈/ဘီ)ဟုခေါ်တွင်သည့် မြေညီထပ်၊ ခေါင်းရင်းခန်း တိုက်ခန်းအကျယ် (အလျား ပေ၅၀x အနံ ၁၁ ½ ပေ)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုချိုမြင့် [၁၄/ပသန(နိုင်)၁၃၉၉၁၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ရည်မွန်အောင် (စဉ်-၅၀၆၁)
ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)
ဒေါ်ဟေမာနန်ဦး (စဉ်-၁၄၃၄၀)
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေများ**
ရုံးခန်း-အမှတ်-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၅၅၁၁၀၇၊ ၀၉-၇၃၁၅၁၁၀ ၇ ၇

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၂၁၊ နည်းဥပဒေ - ၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၀၅ နှင့် ဆက်နွယ်သည့်
၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၄

ဒေါ်မေမျိုးခိုင် နှင့် ၁။ ဦးတင်ရွှေ
၂။ ဒေါ်ခင်စန္ဒာသန်း
တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်-၄၇၀(က)နေ (၂) တရားရှုံး ဒေါ်ခင်စန္ဒာသန်း(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် တရားနိုင်က လျှောက်ထားသည်ဖြစ်ရာ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရသွင်)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ မရီရီခိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/မမန(နိုင်)၀၀၄၅၄၄] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

